## အခန်း(၉၃) - အထူး ကံကြမ္မာတိုင်။

မူဇီမောသည် ဂိမ်းထဲမှ ထွက်လာပြီးနောက် ခရမ်းရောင်ပိုးထည် ညအိပ်ဝတ်စုံကို ပြောင်းလဲ ဝတ်ဆင်လိုက်သည်။ ထို့နောက် သူမနှင့် လင်းဟွမ်တို့ကြားမှ တိုက်ပွဲကို မှတ်တမ်းတင်ထားသော ဗီဒီယိုဖိုင်ကို ခလုပ်နှိပ်ပြီး နောက်တစ်ကြိမ် ထပ်ကြည့်လိုက်သည်။

ခဏအကြာ ပန်းနုရောင် ညအိပ်ဝတ်ဂတ်စုံကို ဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက်သည်

အခန်းထဲသို့ ဝင်လာသည်။ သူမသည် မူဇီမောနှင့် ရုပ်တူသည်။

"အစ်မ ဘာကြည့်နေတာလဲ"

ပန်းနုရောင် ညအိပ်ဝတ်စုံကို ဝတ်ဆင်ထားသော ကောင်မလေးက မေးလိုက်သည်။

"ဂိမ်းတိုက်ပွဲ မှတ်တမ်းကို ပြန်ကြည့်နေတာ"

မူဇီမောသည် ခေါင်းကို ဗီဒီယိုမှ အကြည့်မလွှဲဘဲ ပြန်ဖြေလိုက်သည်။

ပန်းနုရောင် ညအိပ်ဝတ်စုံကို ဝတ်ဆင်ထားသော မိန်းကလေးသည် သူမနှင့်အတူ ဗီဒီယိုကို အနောက်မှ ရပ်ကြည့်လိုက်သည်။ လင်းဟွမ်၏ တိုက်ခိုက်မှုက မည်မျှ ပြင်းထန်သည်ကို မြင်သောအခါ မျက်မှောင်ကြုတ်သွားသည်။

ဗီဒီယိုကို ပြီးဆုံးသွားသောအခါ မူဇီမောက နောက်သို့လှည့်ကာ သူမ၏ အမွှာညီမကို မေးလိုက်သည်။

"ဇီရှီ မင်း ဘယ်လိုထင်လဲ"

"သူ့ရဲ့ ကံကြမ္မာစက်ဝိုင်းထဲက တိုင်တွေနဲ့ ပတ်သတ်ပြီး ထူးဆန်းတယ်။ သူ့မှာရှိတဲ့ ကံကြမ္မာစက်ဝိုင်း အရေအတွက်က တခြားသူတွေနဲ့ မတူဘူး။ မြန်နှုန်းမြင့် တိုက်ခိုက်မှု အကြိမ်အရေအတွက်ပေါ် မူတည်ပြီး ပြောရမယ်ဆို သူ့ဆီမှာ အနည်းဆုံး ကံကြမ္မာ စက်ဝိုင်းသုံးခု လိုလိမ့်မယ်။ ဒါမှ ဒီလောက်ကြာကြာ တိုက်ခိုက်နိုင်ဖို့အတွက် သူ့ခန္ဓာကိုယ်ထဲက ကြီးမားတဲ့စွမ်းအား ပမာဏကို ထုတ်ပေး နိုင်လိမ့်မယ်"

မူဇီရှီက ရှင်းပြသည်။

"ငါလည်း အဲဒီလိုပဲ ထင်တယ်"

မူဇီမော သေချာသွားသည်။

"သူက ကံကြမ္မာစက်ဝိုင်း ခြောက်ခု တည်ရှိတဲ့ ဘုံတိုင် ဒါမှမဟုတ် ကံကြမ္မာ စက်ဝိုင်းရှစ်ခုပါတဲ့ တိမ်နဂါး ကံကြမ္မာတိုင်နဲ့ မွေးဖွားလာလည်း အရေးမကြီးဘူး။ သူက သာမန်လူ မဟုတ်တာ သေချာတယ်။ ဘယ်မိသားစုက မွေးဖွား လာတာပါလိမ့်၊ သူက အရမ်းငယ်သေးတယ် ..”

မူဇီရှီက ပြုံးပြီးပြောသည် ။

"ဟေး၊ ငါက သူ့လောက် မတော်လို့ လျှောင်ပြောင်နေတာလား"

မူဇီမောက မျက်စောင်းထိုးပြီး ပြောလိုက်သည်။

"ကောင်းပြီ၊ လက်နက်တွေက မင်းရဲ့အားနည်းချက်ပဲ မင်းရဲ့စွမ်းအားကို သံအဆင့်(၁)မှာ ကန့်သတ်ထားပေမဲ့ မင်းက အထူးကံကြမ္မာတိုင်တွေနဲ့ တိုက်ခိုက်နေခဲ့တာပဲ။ ဂိမ်းကို ရှုံးလို့ မမဲနဲ့။"

မူဇီရှီက သူမ၏အစ်မကို စိတ်အခြေအနေ ပိုကောင်းလာစေရန် ဖြောင်းဖျလိုက်သည်။

"ငါက ငါ့ရဲ့အစွမ်းကို သံအဆင့်(၁)မှာ ကန့်သတ်ထားပေမယ့် ငါ့ရဲ့အမြန်နှုန်းနဲ့ စွမ်းအားက သံအဆင့်(၃) မှဆိုးတစ်ယောက်နဲ့ တူညီတယ်။ အဆင့်(၁) ဒါမှမဟုတ် အဆင့် (၂) ဆိုရင် အနိုင်ကျင့်သလို ဖြစ်သွားလိမ့်မယ်။ နောက်ပြီးတော့ ငါနဲ့ တိုက်ခိုက်ရေးအစွမ်း တူညီတဲ့လူတစ်ယောက်ရဲ့ လက်ထဲမှာ ရှုံးသွားတယ်ဆိုတော့ ငါ့ရဲ့ သေနတ်ပစ်

စွမ်းရည်ကို မြှင့်တင်နိုင်သေးတယ် ဆိုတာ သက်သေပြနေတာပဲ"

မူဇီမောက သူမကိုယ်သူမ ဖြေသိမ့်နိုင်ရန် ကြိုးစားရင်း ခေါင်းခါလိုက်သည်။

"သေနတ် လေ့ကျင့်ရင်းနဲ့ ဘာလို့ အချိန်ဖြုန်းနေမှာလဲ။ မင်းက အဝေးကနေ တိုက်ခိုက်ဖို့အတွက် လေးနဲ့မြားကို အသုံးချနိုင်စွမ်း ရှိပြီးသားပဲ။ သာလွန်တစ်ယောက် ဖြစ်လာအောင်ပဲ ကြိုးစားသင့်တယ်"

မူဇီရှီက အကြံပြုလိုက်သည်။

"ငါမှာ သာလွန်အဆင့်တက်ဖို့ ရွေးချယ်ထားတဲ့ သာလွန်အဆင့် မွန်းစတားနဲ့ ပတ်သက်တဲ့ သတင်းတွေ မရှိသေးဘူးဆိုတာ မင်းသိလား။ ငါ့မှာ ဘာမှလုပ်စရာမရှိတော့ သေနတ်ပစ် စွမ်းရည်ကိုပဲ လေ့ကျင့်နိုင်တယ်။ မင်းလဲ တော်တော်လေး အားနေတယ် မဟုတ်လား၊ ဘာလို့ ငါနဲ့ သေနတ်မစ္စတာဂိမ်းကို အတူတူ မကစားတာလဲ။ "

မူဇီမောက မေးလိုက်သည်။

"ဒီဂိမ်းကို ငါ မကစားဘူး"

မူဇီရှီက နှုတ်ခမ်းစူကာ ပြောလိုက်သည်။

"အိပ်တော့မယ်"

မူဇီမောသည် ဗီဒီယို ပိတ်လိုက်ပြီးနောက် မူဇီရှီနှင့်အတူ အိပ်လိုက်သည်။

ခဏအကြာ မူဇီရှီ၏ အော်ဟစ်သံ ထွက်လာသည်။

"မင်း ဟိုကိုင် ဒီကိုင် လျှောက်လုပ်မနေနဲ့။ အိပ်တော့"

...

လင်းဟွမ်သည် ဂိမ်းခန်းထဲမှ ထွက်လာသောအခါ ည (၁၀) နာရီ ရှိနေပြီဖြစ်သည်။

ဂိမ်းအခန်းထဲတွင် သူရခဲ့သော အတွေ့အကြုံနှင့် ပတ်သက်ပြီး အတော်လေး စိတ်ကျေနပ်နေသည်။ အစစ်အမှန် သေနတ်သမား တစ်ယောက်ကိုပင် ရိုက်နှက်နိုင်ခဲ့သည်။ သို့သော် အစစ်အမှန် သေနတ်သမားနှင့် သူ့ကြားတွင် ကွာဟချက် ကြီးမားနေကြောင်း သတိ ထားလိုက်မိသည်။

အနည်းဆုံးတော့ အစစ်အမှန် သေနတ်သမား တစ်ယောက်၏ နည်းစနစ်နှင့် ကျွမ်းကျင်မှုများက သူနှင့် ကွဲပြားနေလိမ့်မည်။ သူတို့တွင် သူ့ကဲ့သို့ တိုက်ခိုက်ရေးစွမ်းရည် တစ်ခုတည်း ရှိရုံသာ

မဟုတ်ဘဲ သေနတ် ပစ်ခတ်နည်းမျိုးစုံနှင့် ကြီးမားသော စွမ်းအားတွေလည်း ရှိကြသည်။

"သေနတ်နဲ့ ပတ်သက်တဲ့ သင်ခန်းစာအချို့ ရှာဖွေပြီး သေနတ်သမားတွေ ကြားက အစစ်အမှန်တိုက်ပွဲ ဗီဒီယိုတွေကို ကြည့်ပြီး သင်ယူရမယ်။ ငါက သေနတ်ပစ် စွမ်းရည်ကို တတ်ကျွမ်းသွားရင် သေနတ်မစ္စတာ အကဲဖြတ်မှုကို ဖြတ်ကျော်ဖို့ ခက်ခဲမှာ မဟုတ်တော့ဘူး”

လင်းဟွမ်သည် သူ၏ အားနည်းချက်ကို သူသိသည်။

"သေနတ်ပစ် လက်မှတ်ရမှပဲ သေနတ်ပစ်နည်းစနစ်တစ်ခုကို ရွေးရမယ်။"

အပေါ်ထပ်ရှိ လင်းရှင်၏အခန်းထဲမှ အသံများကြားနေရသဖြင့် မအိပ်သေးကြောင်း သိလိုက်သည်။

လင်းဟွမ်သည် ဂိမ်းလက်စွပ်ကို ယူသွားပြီး လင်းရှင်ထံ ပြန်ပေးလိုက်ကာ သူ့အတွက် အသစ်တစ်ခု ဝယ်ရန် ဆုံးဖြတ်လိုက်သည်။

"အစ်ကို၊ မင်း ကစားနေတာ ကြာပြီလား"

သူမသည် လင်းဟွမ်က ဂိမ်းအခန်းထဲမှ ထွက်လာကြောင်း သိနေသည်။ လင်းဟွမ်သည် ယခုအချိန်ထိ ချွေးများ ထွက်နေဆဲပင်။

"ဟုတ်တယ် ငါ အခြေခံ ပုံစံကိုတော့ စမ်းကြည့်ပြီးပြီ ပြီးတော့ မုဆိုးဖုန်မှာ တစ်ကြိမ် ကစားခဲ့တယ်။"

လင်းဟွမ်က ခေါင်းညိတ်လိုက်သည်။

"မင်း နိုင်ခဲ့လား။"

လင်းရှင် သိချင်လာသည်။

" ဒါပေါ့။ ငါဘယ်သူလဲဆိုတာ မင်း မသိဘူးလား။"

လင်းဟွမ်က ကြွားလိုက်သည်။

"အံ့သြစရာပဲ"

လင်းရှင်၏ မျက်လုံးများသည် သောက်ရှူး ကြယ်ကဲ့သို့ တောက်ပလာသည်။ သူမ၏အစ်ကိုက မုဆိုးအခန်းထဲတွင် အနိုင်ယူခဲ့သဖြင့် အစစ်အမှန် သေနတ်သမား တစ်ယောက် ဖြစ်ကြောင်း ညွှန်ပြနေသည်။

"အခု (၁၀) နာရီထိုးနေပြီ၊ စောစောအိပ်တော့"

လင်းဟွမ်က သူ့ညီမ၏ခေါင်းကို ကြင်နာစွာ ပွတ်သပ်လိုက်သည်။ ထို့နောက် လင်းရှင်က ခရီးသွားလျှင် ဝတ်ရန် အဝတ်အစားများ စစ်ဆေးနေသည်ကို တွေ့လိုက်သဖြင့် ပြုံးကာ မေးလိုက်သည်။

"မင်းက မကြာခင် ခရီးထွက်တော့မှာလား။ ဘယ်ကိုသွားမယ်လို့ ဆုံးဖြတ်ပြီးပြီလား"

"နေရာ အနည်းငယ်တော့ ရွေးပြီးပြီ ဒါပေမယ့် နောက်ဆုံး ဆုံးဖြတ်ချက်တော့ မချရသေးဘူး"

လင်းရှင်း သွားလည်ချင်သော နေရာက များနေသည်။

"ဘယ်နေရာတွေ ရွေးပြီးပြီလဲ၊ ငါ့ကို ပြပါအုံး။"

လင်းဟွမ်က မရမက ပြောလိုက်သည်။

"အေအဆင့် ဝပ်ကျင်းထဲက အကျော်ကြားဆုံး ဖြစ်တဲ့ ချင်တန်မြို့ကို သွားချင်တယ်။ ကွန်ရက်မှာ တင်ထားတဲ့ ဓာတ်ပုံနဲ့ ဗီဒီယိုတွေလည်း တော်တော်လေး လှတယ်။ ဒါပေမယ့် တော်တော်လေးဝေးတော့ နတ်ဆိုး သလင်းကျောက်

အာကာသယာဉ်နဲ့ သွားရင်တောင် အဲဒီကိုရောက်ဖို့ အနည်းဆုံး တစ်လလောက် ကြာလိမ့်မယ်”

သူမသည် ထိုအကြောင်းကို ကောင်းကောင်းသိပြီး မသွားနိုင်သော်လည်း အကောင်းမြင်နေဆဲ ဖြစ်သည်။

"တကယ် ကောင်းတယ်။ ဒါပေမယ့် အခုလာမယ့် စက်တင်ဘာလက မင်းရဲ့နောက်ဆုံးနှစ် ဖြစ်နေတဲ့အတွက် အချိန်မလောက်ဘူး မဟုတ်လား။ တောင်ကနေ မြောက်သွားဖို့ဆို သုံးလကျော်လောက် ကြာလိမ့်မယ်။ မင်း ဘွဲ့ရပြီးတဲ့ နောက်နှစ်မှပဲ ဒီခရီးကို စဉ်းစားပါ။"

လင်းဟွမ်က အကြံ ပေးလိုက်သည်။ အလွန်ကြီးမားသော ထိုဝပ်ကျောင်းကြီးသည် အမှန်တကယ်ကို လှပသည်။

"ဒုတိယ ရွေးချယ်မှုကတော့ ဘီအဆင့် ဝပ်ကျောင်း ဖြစ်တဲ့ ရေခဲတောင်မြို့ပဲ။ ဝပ်ကျောင်းတစ်ခုလုံးကို ရေခဲနေတဲ့ တောင်ပေါ်မှာ တည်ဆောက်ထားတယ်လို့ ပြောလို့ရတယ်။ ဝပ်ကျောင်းက လေးရာသီလုံးမှာ နှင်းတွေဖုံးနေတယ်။ အခုချိန်က နွေရာသီဆိုတော့ အဲဒီနေရာက နွေရာသီ အပန်းဖြေစခန်းပဲ။"

လင်းရှင်သည် အေးမြ၍ နှင်းကျသော ရာသီဥတုကို နှစ်သက်သည်။

"နတ်ဆိုး သလင်းကျောက် အာကာသယာဉ်နဲ့ သွားမယ်ဆိုရင် အဲဒီကိုရောက်ဖို့ ဘယ်လောက်ကြာမလဲ။"

ညီမ ဖြစ်သူထံတွင် အသေးစိတ် အချက်အလက်များ ရှိနေမှာ သေချာသည်။

"ဒါက တစ်လလောက်ပဲ လိုတယ်၊ ငါတို့ အဲဒီမှာတစ်လခွဲလောက် နေနိုင်တယ်”

သူမသည် ရေခဲတောင်မြို့ကို သွားချင်နေသည်။

"အာကာသယာဉ်ပေါ်မှာ ခရီးသွားရတဲ့ အချိန်က တော်တော်လေး ကြာလိမ့်မယ်။ တခြား ရွေးချယ်စရာတွေ ရှိသေးလား"

လင်းဟွမ်သည် ရေခဲတောင်မြို့သို့ သွားရမည့် အချိန်သည် တကယ့် အားလပ်ရက် အပန်းဖြေမည့် အချိန်ထက် ပိုကြာနေသဖြင့် စိတ်မသက်မသာ ဖြစ်နေသည်။

“ဘီအဆင့် ဝပ်ကျင်းစခန်းဖြစ်တဲ့ ဝါးမြို့လည်း ရှိတယ်။ နတ်ဆိုး သလင်းကျောက်

အာကာသယာဉ်နဲ့ဆို တစ်ပတ်ပဲ ကြာလိမ့်မယ်။ ဘီအဆင့် ဝပ်ကျင်းစခန်းဖြစ်တဲ့ ရှောင်ကွမ်မြို့လည်း ရှိသေးတယ်။ အဲဒီကိုသွားဖို့ ရှစ်ရက် ကြာမယ်။ ပချီမြို့ဆိုတဲ့ စီအဆင့် ဝပ်ကျင်းစခန်းလည်းရှိသေးတယ်”

"ငါတို့က အပျော်ခရီးထွက်မှာဆိုတော့ စီအဆင့် ဝပ်ကျင်းတွေကို မေ့ထားလိုက်ပါ။ ဘီအဆင့် ဝပ်ကျင်းကြီးတွေကို သွားကြည့်ရအောင်။ ဒါဆို ဝါးမြို့နဲ့ ရှောင်ကွမ်မြို့ နှစ်ခုပဲ ရွေးချယ်စရာ ကျန်တော့မယ်။ တစ်ခုနဲ့တစ်ခု နီးတဲ့ ရေနက်မြို့လို့

ခေါ်တဲ့ နေရာတစ်ခု ရှိသေးတယ်။ ဒါပေမဲ့ ခရီးသွားတဲ့ နေရာတော့ မဟုတ်ဘူး။ ဝါးမြို့နဲ့ ရှောင်ကွမ်မြို့ကြားမှာ တစ်နေရာကို ရွေး။ ဘွဲ့ရပြီးတဲ့အချိန်ကျမှပဲ ငါတို့တွေ ပိုဝေးတဲ့ နေရာတွေကို ခရီးထွက်ကြမယ်။ အဲဒီအချိန်ကျမှ ခရီးထွက်ရင် အချိန် လုံလောက်လိမ့်မယ်။"

လင်းဟွမ်က ပြောလိုက်သည်။

"ဒါဆိုလည်း ကောင်းပြီလေ။"

လင်းရှင်သည် သူမအစ်ကို၏ သဘောထားကို လက်ခံလိုက်သည်။

"စောစောအိပ်နော်။ ငါတော့ ချွေးထွက်နေလို့ ရေချိုးလိုက်အုံးမယ်။"

လင်းဟွမ်က သူ့အခန်းထဲသို့ ပြန်သွားသည်။

"ကောင်းသောညပါ အစ်ကို"

လင်းဟွမ် ထွက်သွားသောအခါ လင်းရှင်က ချက်ချင်း အော်လိုက်သည်။

"ကောင်းသောညပါ"

## အခန်း(၉၄) - လင်းဟွမ် ကံကြမ္မာစွမ်းအား၏ ဂုဏ်သတ္တိ။

"ပစ္စည်းလာပို့တယ်။ ကျေးဇူးပြုပြီး ပါဆယ်ထုပ် ယူပေးပါ။"

မနက်ခင်း အစောပိုင်းတွင် လင်းရှင်သည် ကျောင်းတက်ရန် ပြင်ဆင်နေသလို လင်းဟွမ်က မနက်စာ စားပြီးနောက် သန့်ရှင်းရေးလုပ်နေစဉ် ငွေလျှာငှက်၏အသံကို ကြားလိုက်ရသည်။

တံခါးဖွင့်လိုက်သည်နှင့် လက်သီးဆုပ်အရွယ် ငွေလျှော့ကျသည့် တံခါးရှေ့တွင်ရပ်ပြီး လင်းဟွမ်ကို မော့ကြည့်နေသည်။

"မင်္ဂလာ နံနက်ခင်းပါ မစ္စတာလင်း ၊ ဒီမှာ မင်းရဲ့ပါဆယ်ထုပ် ပါတယ်။"

ထို့နောက် ၎င်း၏အတောင်ပံများကို ခါလိုက်ရာ ပုံမှန်လူသားတစ်ယောက်၏ ခန္ဓာကိုယ် ထက်ဝက်ခန့်ရှိသော သေတ္တာကြီးတစ်လုံး အိမ်တံခါးဝတွင် ပြုတ်ကျလာသည်။

အမွေး အတောင်ရှိသော ငွေရှာငှက်က ထိုသေတ္တာပေါ် ပျံတက်ပြီး ၎င်း၏ပါးစပ်မှ ပြေစာတစ်ခု ပေါ်လာသည်။

လင်းဟွမ်က ထိုပြေစာဖြတ်ပိုင်းကို ယူပြီး ညာဘက်အောက်ခြေရှိ နေရာတွင် အင်ပါယာ နှလုံးသားလက်စွပ်ဖြင့် လက်မှတ်ကို စကင်န် ဖတ်လိုက်သည်။ ထို့နောက် အိမ်ထဲသို့ ဝင်ကာ ချိုချဉ်သကြားလုံးများကို ယူပြီး ငှက်ကလေးအား ပေးလိုက်သည်။

ငွေရှာငှက်သည် ၎င်း၏ အတောင်ပံများကို ဆန့်ထုတ်ပြီး ချိုချဉ်သကြားလုံးများကို ယူပြီးနောက် ပျံသန်း ထွက်ခွာသွားသည်။

"မင်းရဲ့ ကြင်နာမှုအတွက် ကျေးဇူးတင်ပါတယ်၊ ပျော်ရွှင်တဲ့ ဘဝကို ပိုင်ဆိုင်နိုင်ပါစေ" ငှက်ကလေးသည် ပျံသန်းရင်း ထိုသို့ အော်ပြော သွားသေးသည်။

လင်းဟွမ်သည် သေတ္တာကို အိမ်ထဲသို့ ပြန်သယ်ပြီး ဓားဖြင့် ဖွင့်လိုက်သည်။

ဒါသည် တုန်ခါမှုဒဏ်ကို ခံနိုင်အောင် အလွှာပါးပါးလေးဖြင့် ထုပ်ပိုးထားသော ပစ္စည်းတစ်ခု ဖြစ်သည်။ သေတ္တာ၏အမြင့်သည် (၈၀) စင်တီမီတာ ဝန်းကျင် ရှိသော်လည်း အထဲမှပစ္စည်း၏ အမှန်တကယ်အမြင့်သည် (၅၀) စင်တီမီတာပင် မပြည့်ပေ။

လင်းဟွမ်သည် သေတ္တာထဲမှ ပစ္စည်းကို ထုတ်ယူလိုက်သောအခါ ဘယ်ဘက် အောက်ခြေထောင့်တွင် မုဆိုးအဖွဲ့အစည်း၏ တံဆိပ်ကို ရိုက်နှိပ်ထားသည်။ လင်းဟွမ်သည်

မုဆိုးအဖွဲ့အစည်းမှ ထုတ်လုပ်ထားသော ကံကြမ္မာစွမ်းအား စစ်ဆေးသည့် ပစ္စည်းကို ရည်ရွယ်ချက်ရှိရှိ ရွေးချယ်ခဲ့သည်။ ထိုအဖွဲ့အစည်းမှ စစ်ဆေးမှု ရလဒ်များသည် အခြားနေရာမှ ပစ္စည်းများထက် ပို၍ ယုံကြည် စိတ်ချရသည်။

ထိုပစ္စည်း၏ အလယ်ဗဟိုတွင် အဖြူရောင် သလင်းကျောက်တစ်ခု ရှိသည်။ လခြမ်းပုံသဏ္ဌာန်ဖြစ်ပြီး အချင်းက (၂၀) စင်တီမီတာခန့် ရှိသည်။

လင်းဟွမ်သည် ဤကျောက်တုံးက သူလို ချင်နေသော ပစ္စည်းဖြစ်ကြောင်း သိလိုက်သည်။

ထိုပစ္စည်း အောက်ခြေရှိ လိမ္မော်ရောင် ခလုတ်လေးကို နှိပ်လိုက်ရာ စစ်ဆေးရေး သလင်းကျောက်သည် တောက်ပလာသည်။

ထွင်းဖောက် မြင်ရသော အဖြူရောင် သလင်းကျောက်သည် အဖြူရောင် မီးလုံးတစ်လုံး ကဲ့သို့ တောက်ပနေသည်။

လင်းဟွမ်သည် သူ၏ညာလက်ကို ဖိလိုက်ပြီး ခန္ဓာကိုယ်ထဲမှ ကံကြမ္မာစွမ်းအားကို စစ်ဆေးရေး

သလင်းကျောက်ထဲသို့ လွှဲပြောင်းပေးလိုက်သည့်ရာ ရောင်စုံ သက်တန့်အရောင်များ တောက်ပလာသည်။

ရောင်စုံ အလင်းတန်းသည် နှစ်မိနစ်ခန့် တောက်ပပြီးနောက် ရပ်တန့်သွားသည်။ သလင်းကျောက်ပေါ်တွင် အစပိုင်းက အဖြူရောင်ဖြစ်သော်လည်း အရောင်သုံးမျိုး ပေါ်လာသည်။ အနားသတ် အစွန်းများတွင် အနက်ရောင်နှင့် အနီအနည်းငယ်သာ ရှိနေပြီး ၎င်းတို့တွင် ရွှေရောင်သည် အများဆုံးဖြစ်သည်။

"စစ်ဆေးမှု ပြီးပါပြီ။ အသုံးပြုသူမှာ လိုက်ဖက်တဲ့ ကံကြမ္မာစွမ်းအား ရှိပါတယ်။ အသုံးပြုသူရဲ့ ကံကြမ္မာစွမ်းအားထဲမှာ ဒြပ်စင် အများကြီး ပါဝင်နေပါတယ်။ အမျိုးအစား သုံးမျိုးကို ရှာဖွေတွေ့တယ်။ နဂါးမီး ဒြပ်စင် အနည်းငယ်လောက်သာရှိပြီး ကံကြမ္မာ စွမ်းအား အများစုကို ခွန်အားဒြပ်စင်က သိမ်းပိုက်ထားပါတယ်။ ရှာမတွေ့သေးတဲ့ တခြားဂုဏ်သတ္တိများလည်း ရှိကောင်း ရှိနိုင်ပါတယ်။ ပိုပြီး အသေးစိတ် စစ်ဆေးဖို့အတွက် မုဆိုးအဖွဲ့အစည်းနဲ့ ဆက်သွယ် ချင်ပါသလား။"

"မဆက်သွယ်တော့ဘူး"

လင်းဟွမ်သည် စမ်းသပ်မှု ရလဒ်များကို နားထောင်ပြီးနောက်၊ သူ၏ ကံကြမ္မာစွမ်းအားထဲတွင် ဒြပ်စင်များစွာ ပါရှိနေသော အကြောင်းအရင်းကို အကြမ်းဖျင်း သိနေသည်။

သူသည် ချောကလက်လေးနှင့် ပိုင်တို့ထံမှ ကံကြမ္မာစွမ်းအား အများစုကို စုပ်ယူခဲ့ပြီး တစ်ခါတစ်လေတွင် အာဏာရှင်ကို အသုံးပြုတတ်သည်။ သူ၏ ကံကြမ္မာ စွမ်းအားများထဲတွင် သွေးနှင့် နဂါးမီး ဒြပ်စင်များ ပိုမို

များပြားလာရခြင်းသည် ထိုအချက်ကြောင့် ဖြစ်သည်။ ဒါကြောင့်လည်း ခွန်အားဒြပ်စင် နည်းပါးနေရခြင်း ဖြစ်သည်။

လင်းဟွမ်သည် စစ်ဆေးခြင်း သလင်းကျောက်ရှိ အချက်အလက်များကို ဖျက်ပြီး ပိတ်လိုက်သည်။ ထို့နောက် ကွန်ရက်ကိုဖွင့်ပြီး ကံကြမ္မာစွမ်းအား ပြောင်းလဲခြင်းနှင့် ပတ်သက်သော အချက်အလက်များကို စတင် ရှာဖွေခဲ့သည်။

ကွန်ရက်ပေါ်တွင် ကံကြမ္မာစွမ်းအား ပြောင်းလဲခြင်းနှင့် ပတ်သက်သော

အချက်အလက်များသည် အနည်းငယ်သာ ရှိသည်။ ကွန်ရက်ပေါ်တွင် နေ့တစ်ဝက်နီးပါးခန့် ရှာဖွေကြည့်ရှုခဲ့သော်လည်း အသုံး မဝင်ခဲ့ပေ။

"ဒါကို နှလုံးသား ကွန်ရက်ပေါ်မှာ မရနိုင်ဘူး။ ကြည့်ရတာ ငါတော့ ရီရီယွီကို ထပ်မေးရဦးမယ် ထင်တယ်။"

လင်းဟွမ်က မျက်မှောင်ကြုတ်ကာ ရေရွတ်လိုက်သည်။ သို့သော် ခဏကြာသောအခါ အကြောင်းအရာ တစ်ခုကို သတိရလိုက်သည်။

"အိုး ဟုတ်ပြီ။ ကြေးအဆင့် မုဆိုးတွေအတွက် သီးသန့်ကဏ္ဍကို ဝင်ခွင့်ရှိတာပဲ။ မေ့လုနီးပါးပဲ"

လင်းဟွမ်သည် မုဆိုးအဖွဲ့အစည်း၏ သတင်းအချက်အလက် ကွန်ရက်ထဲသို့ဝင်ပြီး နောက်ထပ်အချက်အလက်များကို ရှာဖွေလိုက်သည်။ မသက်ဆိုင်သော အကြောင်းအရာ ရှစ်ခုကို ဖတ်ကြည့်ပြီးနောက် နောက်ဆုံးတွင် ကူပြောင်းခြင်းကံကြမ္မာစွမ်းအား ရှိသူတစ်ယောက်နှင့် တွေ့ဆုံမေးမြန်းထားသော ဗီဒီယို ဖိုင်တစ်ခုကို တွေ့လိုက်သည်။ ထိုပို့စ်အောက်တွင် မှတ်ချက်များက

ပို့စ်ပိုင်ရှင်ကို စော်ကားသော မှတ်ချက်များသာ ဖြစ်နေသည်။

အကြောင်းမှု လူတိုင်းတွင် ဒြပ်စွမ်းအင် ဂုဏ်သတ္တိ တစ်ခုထက်ပို၍ မပါဝင်သောကြောင့် ဖြစ်သည်။ ဂုဏ်သတ္တိနှစ်ခု ပိုင်ဆိုင်သောလူများသည် ပို၍ပင် ရှားပါးပြီး အဖွဲ့ခွဲ (၇) တစ်ခုလုံးတွင် အနည်းငယ်သာ ရှိသည်။

လူများသည် သီအိုရီတစ်ခု အနေဖြင့် ပြောင်းလဲခြင်း ဂုဏ်သတ္တိ အကြောင်းကို ဖော်ပြခဲ့ကြသော်လည်း သူ့တို့၏ တည်ရှိမှုကို

မည်သူမှ သက်သေ မပြနိုင်ခဲ့ကြပေ။ တော်ဝင်မျိုးနွယ်မှလွဲလျှင် ဤအကြောင်းကို သာမန်လူ တစ်ယောက်မျှ မကြားဖူးကြပေ။

အစပိုင်းတွင် ထိုပို့စ်ကိုတင်ပြီး ရက်ပိုင်းအတွင်း၌ ဖယ်ရှားခဲ့သည်။ အမည်မဖော်လိုသူ လူတစ်ဦးက ဤကိစ္စကို စိတ်ဝင်တစား ဖြစ်လာအောင် အစ ပြန်ဆွဲထုတ်ခဲ့သည်။

အမည်မဖော်သော လူသည် အသေးစိတ် ရှင်းပြခဲ့သည်။ ထိုလူသည် ထိုအကြောင်းအရာနှင့် ပတ်သက်၍ သုတေသန ပြုလုပ်ခဲ့ပုံရသည်။

လင်းဟွမ်သည် အဖြေများကိုဖတ်ပြီး အတွေး နက်သွားသည်။

နောက်ဆုံးတွင် အကြောင်းအရာ အားလုံးကို မှတ်ချက်တစ်ခုဖြင့် နိဂုံးချုပ်ထားသည်၊

"ကြားနေ ဒြပ်စင်ဂုဏ်သတ္တိရှိတဲ့ ကံကြမ္မာစွမ်းရည်ကို လေ့ကျင့်တာက အသွင်ပြောင်းခြင်း ကံကြမ္မာ စွမ်းအားရှိတဲ့ လူတွေအတွက် ပို သင့်တော်တယ်"

လင်းဟွမ်သည် ထိုကိစ္စကို အလေးအနက်ထားပြီး စဉ်းစားနေခဲ့သည်။

"သူရဲ့ မှတ်ချက်အပေါ် အခြေခံပြီး စဉ်းစားရမယ်ဆိုရင် ကံကြမ္မာစွမ်းအားက အမှန်တကယ်ကို တည်ငြိမ် စွမ်းအင်တစ်မျိုး ဖြစ်နေတယ်။ ဒါပေမဲ့ ကံကြမ္မာ စွမ်းအားကို မတူညီတဲ့ဒြပ်စင် ဂုဏ်သတ္တိတွေက ဖုံးအုပ်သွားတဲ့အခါ ကံကြမ္မာစွမ်းအားရဲ့ မတည်ငြိမ်မှု ညွှန်းကိန်းက တိုးလာတယ်။"

" အသွင်ပြောင်းခြင်း ကံကြမ္မာစွမ်းအား ပိုင်ဆိုင်ထားတဲ့လူက သူ့ရဲ့ခန္ဓာကိုယ်ထဲမှာ ပင်ကိုယ်က ဟန်ချက်ညီတဲ့ စနစ်တစ်ခု ရှိနေတယ်။

တကယ်လို့ သူတို့က တစ်ဖက်စောင်းနင်း ဖြစ်စေတဲ့ ကံကြမ္မာစွမ်းရည်ကို လေ့ကျင့်လိုက်မယ် ဆိုရင် ပင်ကိုယ်ဟန်ချက်ညီနေတဲ့ စနစ်ကို အနှောင့်အယှက်ဖြစ်ပြီး မတည်မငြိမ် ဖြစ်နေတဲ့ ကံကြမ္မာစွမ်းအားတွေ ခန္ဓာကိုယ်ထဲကနေ ယိုစိမ့်ပြီး ထွက်လာလိမ့်မယ်။ “

“လူတစ်ယောက်ရဲ့ ခန္ဓာကိုယ်ထဲ မှာရှိတဲ့ ကံကြမ္မာစွမ်းအားတွေကို ဟန်ချက်ညီညီ ထိန်းသိမ်းထားနိုင်ဖို့ အသွင်ကူးပြောင်းခြင်း ကံကြမ္မာစွမ်းအား

ရှိတဲ့လူတွေက ကြွားနေဒြပ်စင် သဘာဝရှိတဲ့ ကံကြမ္မာစွမ်းရည်ကိုသာ လေ့ကျင့်သင့်တယ်”

"ဒီသီအိုရီက အဓိပ္ပါယ်ရှိပေမဲ့ ငါ့ရဲ့ ကံကြမ္မာစွမ်းအားထဲမှာရှိနေတဲ့ ဒြပ်စင် အချိုးအစားက အမြဲတမ်း ပြောင်းလဲတယ်။ ဒါပေမဲ့ အဆင်ပြေနေတဲ့ပုံပဲ။ ငါက အဆင့်နိမ့်နေသေးလို့ ကံကြမ္မာစွမ်းအား နည်းနေတာများလား"

လင်းဟွမ်သည် အဖြေရှာမရ ဖြစ်နေသည်။

သို့သော်လည်း အကြံပြုထားသည့်အတိုင်း လိုက်နာပြီး သူ့လက်ထဲတွင် ရှိနေသော

စစ်တပ်တိုက်ခိုက်ရေး နည်းစနစ်ကို လေ့ကျင့်ရန် ဆုံးဖြတ်လိုက်သည်။

စစ်တပ် တိုက်ခိုက်ရေး နည်းစနစ်သည် တိုက်ခိုက်ရေး စွမ်းရည်အပေါ် အခြေပြုထားသော ကြားနေဂုဏ်သတ္တိ ရှိသည့် ကံကြမ္မာစွမ်းရည် ကျင့်စဉ်တစ်ခု ဖြစ်သည်။ ပညာရှင်တော်တော်များများက ဤစွမ်းရည်ကို တခြားအရာများထက် ပိုဈေးကြီးသောကြောင့် လေ့ကျင့်ကြခြင်း ဖြစ်သည်။

ကံကြမ္မာစွမ်းရည် ကျင့်စဉ်တွင် အဆင့်ကိုးဆင့် ရှိသည်။ လူအများစုသည် အဆင့် လေးနှင့်ငါး အထိသာ ကျင့်ကြံနိုင်ကြသည်။ သန်မာသော လူများသာ အဆင့်ခြောက် အထိ ရောက်ရှိနိုင်သည်။

အဆင့်ခြောက်သည် ဤကံကြမ္မာစွမ်းရည် ကျင့်စဉ်တွင် အရေးကြီးသောအဆင့် ဖြစ်သည်။ အကယ်၍ လူတစ်ယောက်က ဤအဆင့်ကို ဖြတ်ကျော် နိုင်ခဲ့လျှင် ကံကြမ္မာစွမ်းအားကို အသုံးပြုသော ခွန်အားနှင့်အရှိန်သည် အဆုံးစွန် ကံကြမ္မာ စွမ်းရည်တစ်ခုနှင့် တူညီလာလိမ့်မည်။

ရှောင်ဖိန်၏ လက်ထဲတွင်ဆိုပါက စစ်တပ်တိုက်ခိုက်ရေးနည်းစနစ်သည် အဆင့်ခြောက်သို့မဟုတ် အဆင့်ကိုးအထိ ရောက်ရှိနိုင်သည်။ ထို့ကြောင့် လင်းဟွမ်သည် သူက အောင်မြင်နိုင်မည်ဟု ယုံကြည်ထားသည်။ အချိန်သာလျှင် တစ်ခုတည်းသော ပြဿနာ ဖြစ်သည်။

လင်းဟွမ်သည် သူ့ကံကြမ္မာ စွမ်းအား၏ ဂုဏ်တွက်ကို ဆုံးဖြတ်ပြီးနောက် ကံကြမ္မာစွမ်းရည် လေ့ကျင့်မှုကို အချိန် မဆွဲချင်တော့ပေ။

ကံကြမ္မာစွမ်းအား စစ်ဆေးရေး ပစ္စည်းကို အဝေးမှာထားခဲ့ပြီး အခန်းထဲသို့ ပြန်သွားသည်။

လက်သီး အရွယ်အစားခန့်ရှိသော အနက်ရောင် သလင်းကျောက်ကို ထုတ်ပြီး သူ့၏ ကံကြမ္မာစွမ်းအားကို အထဲသို့ လွှဲပေးလိုက်သည်။

လင်းဟွမ်၏ အရှေ့တွင် လူလတ်ပိုင်းအရွယ် အမျိုးသားတစ်ယောက် ပေါ်လာပြီး ထိုလူထံမှ သတ်ဖြတ်ခြင်း အော်ရာများ စိမ့်ထွက်နေသည်ကို မရေမရာ ခံစားလိုက်ရသည်။

"ဒီ ကံကြမ္မာစွမ်းရည်၊ စစ်တပ် တိုက်ခိုက်ခြင်း နည်းစနစ်က ကောင်းကင်ဘုံ ဖျက်စီးခြင်းလို့ ခေါ်တဲ့ ရှေးကျတဲ့ ကျင့်စဉ်တစ်ခုက ဆင်းသက်လာတာ ဖြစ်တယ်။"

" အခုခေတ် လူတွေအသုံးပြုတဲ့ အဆင့်မြင့် ကံကြမ္မာစွမ်းရည် တစ်ခုဖြစ်ပေမဲ့ ရှေးဆရာကြီးများရဲ့ အသိပညာ၊ ဉာဏ်ပညာနဲ့ ထပ်တူကျတယ်။ ဒီ ကံကြမ္မာစွမ်းရည် ကျင့်စဉ်က သဘာဝတရားရဲ့ နိယာမတရားကို မလိုက်နာတဲ့သူ ဖန်တီးခဲ့တာ ဖြစ်နိုင်တယ်။ ဒီကံကြမ္မာ စွမ်းရည်ကျင့်စဉ်မှာ

အဆင့်(၉) အထိ ကျင့်ကြံနိုင်တဲ့လူက အဆုံးစွန် စွမ်းအားကို ရရှိလိမ့်မယ်လို့ ရှေးယခင်ကတည်းက ပြောခဲ့ကြတယ်။ မြင့်မြတ်တဲ့ ကံကြမ္မာစွမ်းအားကို ရရှိနိုင်တယ်လို့လည်း ဆိုကြတယ်"

## အခန်း(၉၅) - ကံကြမ္မာ စွမ်းရည်ကတ်။

အထူး ကံကြမ္မာ စွမ်းရည်များအပြင် သာမန် ကံကြမ္မာ စွမ်းရည်များသည် စတင်သင်ယူချိန်၌ အလွန် ခက်ခဲခြင်းမရှိပေ။ ထိုအစား ခက်ခဲသော အပိုင်းသည် ၎င်းတို့ကို နောက်တစ်ဆင့် မြှင့်တင်သောအပိုင်း ဖြစ်သည်။

အလားတူပင် စစ်တပ် တိုက်ခိုက်ရေး နည်းစနစ်တွင်လည်း သင်ယူရန် ခက်ခဲခြင်းမရှိပေ။

သံအဆင့် မုဆိုးအများစုသည် ပထမအဆင့်ကို သုံးရက်အတွင်း အောင်မြင်နိုင်ကြသည်။

လင်းဟွမ်ကို စစ်တပ် တိုက်ခိုက်ရေး နည်းစနစ်အတွက် အထူး ခန့်အပ်ထားသော ပုဂ္ဂိုလ်တစ်ယောက်က ရှင်းရှင်းလင်းလင်း ဖြစ်အောင် သင်ကြားပေးခဲ့သည်။

လင်းဟွမ်သည် သူ့ ကံကြမ္မာစွမ်းအား၏ တစ်စိတ်တစ်ပိုင်းကို ပိုင်းခြားနိုင်နေပြီ ဖြစ်သည်။

အစပိုင်းတွင် ကံကြမ္မာ စွမ်းအားသည် ကြည်လင်နေသော စမ်းချောင်းတစ်ခုနှင့် ဆင်တူပြီး

နောက်ပိုင်းတွင် စမ်းချောင်းနှစ်သွယ်မှ သုံးသွယ်၊ စမ်းချောင်းသုံးသွယ်မှ လေးသွယ်ခွဲကာ နောက်ဆုံးတွင် သူ၏ ကံကြမ္မာစွမ်းအားကို (၁၂) ခုအထိခွဲကာ ပိုင်းခြားခဲ့သည်။ ဒါသည် သေးငယ်သောတပ်မ (၁၂)ခုဖြင့် ဖွဲ့ထားသော တပ်မကြီးတစ်ခုနှင့် ဆင်တူသည်။

လင်းဟွမ်သည် သူ၏ ကံကြမ္မာစွမ်းရည် စီးကြောင်း (၁၂) ကို ပြန်လည်သန့်စင်ရန် ရည်ရွယ်ချက်ရှိနေကြောင်း သိလိုက်သောအခါ အံ့ကြောင်ကြောင် ဖြစ်သွားသည်။ သို့သော်

နောက်ဆုံးတွင် လူလတ်ပိုင်း အမျိုးသား၏ သရုပ်ပြမှုကို ကြည့်ရှုပြီးနောက် ဤကဲ့သို့ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို နားလည် သွားသည်။

အကြောင်းမှု စီးကြောင်း (၁၂)ခုသည် စီးကြောင်းတစ်ခုနှင့် တစ်ခု ရောထွေးနေသည်။ ချည်စကဲ့သို့ တစ်ခုနှင့်တစ်ခု ရှုပ်ထွေးအောင် လှည့်ပတ်နေသောကြောင့် ဖြစ်သည်။

"အင်း။ လူ တော်တော်များများက စစ်တပ် တိုက်ခိုက်ရေး နည်းစနစ်ကို ယုံကြည်မှုရှိနေကြတာ

အံ့ဩစရာ မဟုတ်တော့ဘူး၊ ဒီကျင့်စဉ်က လူတစ်ယောက်ရဲ့ ကံကြမ္မာစွမ်းအား ပုံစံကို ပြောင်းလဲပေးနိုင်တယ်"

လင်းဟွမ်သည် ထိုအကြောင်းကို တွေးတောရင်း မျက်လုံးများက တောက်ပလာသည်။ လင်းဟွမ်သည် သူ၏ပြိုင်ဘက်များကို မတူညီသော ကံကြမ္မာစွမ်းအား ပုံစံများဖြင့် တိုက်ခိုက်နိုင်နေပြီ ဖြစ်သည်။

ဗီဒီယိုထဲရှိ သင်ခန်းစာကို ကြည့်ရှုပြီးနောက် ကံကြမ္မာစွမ်းအား အသုံးပြုပုံနှင့် ပတ်သက်၍ ပိုမို ကျယ်ပြန့်စွာနားလည် လာခဲ့သည်။

နောက်ဆုံးတွင် ဤကံကြမ္မာ စွမ်းရည်ကို ဘာကြောင့် စစ်တပ်တိုက်ခိုက်ရေး နည်းစနစ်ဟု ခေါ်လည်းဆိုသည်ကို နားလည်ခဲ့သည်။ ကံကြမ္မာ စွမ်းအားများကို တိုက်စစ်ပိုင်း သို့မဟုတ် ခံစစ်ပိုင်းတွင် မတူညီသော တိုက်ခိုက်ရေး နည်းဗျူဟာများကို လုပ်ဆောင်ရန် တပ်များကဲ့သို့ မတူညီသော အုပ်စုငယ်လေးများအဖြစ် ခွဲခြားထားနိုင် သောကြောင့် ဖြစ်သည်။

တပ်မှူးက အုပ်ချုပ်ရန်သာလိုအပ်ပြီး သူတို့က လိုက်နာကြလိမ့်မည်။ ဤသည်မှာ ကြည်းတပ်

တိုက်ခိုက်ရေး နည်းစနစ်၏ အဓိက အနှစ်သာရ ဖြစ်သည်။

ကိုးနာရီခန့်ကြာသောအခါ လင်းဟွမ်သည် သူ၏ ကံကြမ္မာစွမ်းအားကို လျှပ်စီး၏ ပုံစံဖြစ်လာအောင် ဖန်တီးနိုင်ပြီးနောက် စစ်တပ် တိုက်ခိုက်ရေး နည်းစနစ်ကျင့်စဉ်၏ ပထမအဆင့်ကို အောင်မြင်ခဲ့သည်။

သူ၏ တိုးတက်မှုက အတော်လေး ကောင်းမွန်ပြီး ပါရမီရှင် တစ်ယောက်နီးပါး စွမ်းဆောင်နိုင်ခဲ့သည်။

သို့သော် စစ်မှန်သော ပါရမီရှင်များနှင့် မယှဉ်နိုင်သေးပေ။

လင်းဟွမ်သည် ကွန်ရက်ပေါ်မှရသော သတင်းအချက်အလက်များအရ လွန်ခဲ့သော နှစ်(၂၀) ခန့်က အန်လုရောင် ဟုခေါ်သောလူသည် စစ်တပ်တိုက်ခိုက်ရေး နည်းစနစ်ကျင့်စဉ်၏ ပထမအဆင့်ကို အောင်မြင်ရန် နာရီဝက်သာ ကြာမြင့်ခဲ့ကြောင်း ဖတ်ခဲ့ဖူးသည်။ သူသည် အစစ်အမှန် ပါရမီရှင် တစ်ယောက် ဖြစ်သည်။

စစ်တပ် တိုက်ခိုက်ရေး နည်းစနစ်ကျင့်စဉ်၏ ပထမအဆင့်ကို အောင်မြင်သောအခါ ရှောင်ဖိန်ထံမှ ဖောက်ခနဲ အသံမြည်လာပြီး အကြောင်းကြားစာကို လက်ခံရရှိခဲ့သည်။

"ကံကြမ္မာ စွမ်းရည်ကို ရှာတွေ့ထားပါတယ်။ ကတ်အဖြစ် ပြောင်းလဲချင်လား”

"ကတ်အပိုင်းအစ လိုအပ်သေးတာလား"

လင်းဟွမ်က မေးလိုက်သည်။

"မလိုဘူး။ ဒါက မင်း ကိုယ်တိုင်လေ့လာပြီး တတ်ကျွမ်းလာတဲ့ ကံကြမ္မာစွမ်းရည်တစ်ခု ဖြစ်နေလို့ ကတ်တစ်ခု အဖြစ် ပြောင်းလဲဖို့အတွက် ဘာမှပေးစရာ မလိုဘူး"

"ကောင်းပြီ၊ ကတ်အဖြစ် ပြောင်းမယ်။"

လင်းဟွမ်က ခေါင်းညိတ်လိုက်သည်။

"လုပ်ဆောင်ချက် ပြီးပါပြီ။ မင်းက ရှားပါးအဆင့် စွမ်းရည်ကတ်ကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်"

လင်းဟွမ်သည် သူ ရရှိထားသော ကတ်ပြားကို တစ်ချက် ကြည့်လိုက်သည်။

"ကံကြမ္မာ စွမ်းရည်ကတ်"

"ကံကြမ္မာစွမ်းရည် နာမည် - စစ်တပ် တိုက်ခိုက်ရေး နည်းစနစ်"

"ရှားပါးမှု အဆင့် - ရှားပါး"

"ကျွမ်းကျင်မှုအဆင့် - အဆင့် (၁)"

"အကျိုး သက်ရောက်မှု - ကံကြမ္မာစွမ်းအား လည်ပတ်မှု အမြန်နှုန်းကို ၁၂% တိုးမြှင့်စေတယ်။

တိုက်ခိုက်မှု စွမ်းရည်နဲ့ ကာကွယ်ရေးစွမ်းရည်ကို ၁၂% တိုးမြှင့်စေတယ်"

"မှတ်ချက်- ပထမ အဆင့်ငါးဆင့်အတွက် အဆင့်မြှင့်တင်မှု တစ်ခုစီတိုင်းမှာ ကံကြမ္မာစွမ်းရည်တိုင်းရဲ့ အကျိုးသက်ရောက်မှု တစ်ခုစီတိုင်းက ၁၂% တိုးလာလိမ့်မယ်"

"ကတ်မှတ်ချက်- အသုံးပြုနိုင်"

"အဆင့်တစ်ဆင့် တိုးမြှင့်တိုင်း ၁၂% တိုးလာမယ်ဆိုတော့ အဆင့်ငါးဆင့် အောင်မြင်ပြီးရင် ၆၀% တိုးလာမှာပေါ့။ အဆင့်ခြောက် ရောက်သွားရင်

ကံကြမ္မာစွမ်းရည်ရဲ့ သက်ရောက်မှု တစ်ခုစီတိုင်းက အနည်းဆုံး ၇၂% အထိ တိုးလာလိမ့်မယ်။ ဒါက အမှန်တကယ်ကို အဆုံးစွန်ဆုံး ကံကြမ္မာစွမ်းရည်နဲ့ အတူတူတာပဲ"

ယခင်က လင်းဟွမ်သည် မတူညီသော ကံကြမ္မာစွမ်းရည်များ၏ အကျိုး သက်ရောက်မှုများကို လေ့လာခဲ့ဖူးသည်။

အဆင့်နိမ့် ကံကြမ္မာစွမ်းရည်တွင် ကံကြမ္မာ စွမ်းအား၏ အမြန်နှုန်း၊ တိုက်ခိုက်မှုစွမ်းရည်နှင့် ကာကွယ်ရေးစွမ်းရည်တို့သည် ၃၀% အောက်

တိုးလာပြီး အလယ်အလတ် ကံကြမ္မာစွမ်းရည်၏ အကျိုးသက်ရောက်မှုများသည် ၃၀% မှ ၅၀% ကြား တိုးမြင့်စေသည်။ အခြားတစ်ဖက်တွင် အဆင့်မြင့် ကံကြမ္မာစွမ်းရည်များသည် ကံကြမ္မာစွမ်းအား၏ အကျိုးသက်ရောက်မှုများကို ၅၀% မှ ၇၀% ကြား တိုးစေပြီး အဆုံးစွန်အဆင့် ကံကြမ္မာစွမ်းရည်သည် ကံကြမ္မာစွမ်းအားကို ၇၀% မှ ၁၀၀% အထိ အကျိုး သက်ရောက်စေသည်။

"ရှောင်ဖိန် ဒါကို ကံကြမ္မာ စွမ်းရည်ကတ် အဖြစ်ပြောင်းပြီး လေ့ကျင့်ရင် စွမ်းရည်ကတ် အပိုင်းအစတွေ ဆုချမှာလား။"

လင်းဟွမ်က မေးလိုက်သည်။

"ဟုတ်တယ်၊ မင်းက ကတ်အပိုင်းအစတွေ ရလိမ့်မယ်။"

"ဒီစွမ်းရည်ကို အဆင့် သတ်မှတ်ဖို့ စည်းမျဉ်းတွေက ဘာလဲ။"

"ကတ်အပိုင်းအစ (၂၀၀) ပြည့်ရင် ဒုတိယအဆင့်ကို ရောက်မယ်။ ဒုတိယအဆင့်ကနေ တတိယအဆင့် မြှင့်တင်ဖို့အတွက် ကတ်အပိုင်းအစ (၄၀၀) လိုအပ်မယ်။ အဲဒီနောက် စတုတ္ထအဆင့် မြှင့်တင်ဖို့အတွက် ကတ်အပိုင်းအစ (၈၀၀) လိုအပ်မယ်။ စတုတ္ထအဆင့်ကနေ ပဥ္စမအဆင့်ကို အဆင့်မြှင့်တင်ဖို့ဆို ကတ်အပိုင်းအစ (၁,၆၀၀) လိုအပ်မယ်။"

"ဆဌမအဆင့်ကနေ သတ္တမအဆင့်ကို ရောက်ဖို့ဆို ကတ်အပိုင်းအစ (၁၀,၀၀၀) လိုအပ်မယ်။

အဆင့်ခြောက်မှ အဆင့်ခုနစ်အထိဆို ကံကြမ္မာစွမ်းရည် ကတ်အပိုင်းအစ (၃၀,၀၀၀) လိုမယ်။ အဆင့်ခုနစ် ကနေ အဆင့်ရှစ်ကို မြှင့်တင်ဖို့ဆို ကံကြမ္မာစွမ်းရည် ကတ်အပိုင်းအစ (၉၀,၀၀၀) လိုအပ်မယ်”

"အဆင့်ရှစ်ကနေ အဆင့်ကိုးကို မြှင့်တင်တဲ့ အဆင့်က ကွဲပြားခြားနားတဲ့ စည်းမျဉ်းတစ်ခု ဖြစ်သွားပြီ။ စွမ်းရည်ကတ် အပိုင်းအစ (၈၁၀,၀၀၀) လိုအပ်မယ်။"

“(၈၁၀,၀၀၀) လား”

လင်းဟွမ်သည် စကားမပြောနိုင်ဘဲ ဆွံ့အနေသည်။

“ကံကောင်းတယ်။ အဆင့်ခြောက်ရောက်ဖို့ မခက်တာပဲ ကံကောင်းလှပါပြီ”

လင်းဟွမ်က စွမ်းရည်ကတ်ကို ပြုလုပ်ပြီး ခဏအကြာ လင်းရှင်းသည် ကျောင်းမှ ပြန်ရောက်လာပြီး အိမ်ရှေ့တွင် တံခါးဖွင့်လိုက်သော အသံကို ကြားလိုက်ရသည်။

"အစ်ကို၊ ပြန်ရောက်ပြီ"

လင်းရှင်က အော်လိုက်သည်။

"ဘာစားချင်လဲ မီးဖိုချောင်ထဲ ရွေးကြည့်လိုက်။"

လင်းဟွမ်သည် လှေကားမှ ဆင်းလာကာ မီးဖိုချောင်ထဲသို့ လျှောက်သွားရင်း ပြောလိုက်သည်။ စားစရာများကို ထုတ်ယူလိုက်သည်။

လင်းရှင်သည် ဖိနပ် ပြောင်းစီးပြီးနောက် ဟင်းခွက်သုံးခွက်ကို သယ်ကာ မီးဖိုချောင်ထဲသို့ ထွက်လာသည်။

လင်းဟွမ်က ထမင်းအိုး တည်နေသည်။

"ထမင်းအိုးတည်ဖို့ မေ့သွားတယ်။ ခဏစောင့်။ ဒီနေ့ အလုပ်ရှုပ်နေလို့"

"ရတယ်၊ ငါ ဗိုက်မဆာသေးဘူး"

လင်းရှင်သည် လင်းဟွမ်ကို ဧည့်ခန်းထဲသို့ ဆွဲခေါ်ကာ ဆိုဖာပေါ်တွင် ထိုင်ခိုင်းလိုက်သည်။ ထို့နောက် အင်ပါယာ နှလုံးသားလက်စွပ်ထဲတွင် သိမ်းဆည်းထားသော ခေတ်ပုံများကို ဖွင့်လိုက်ရာ သူတို့ရှေ့တွင် ရှုခင်းမြင်ကွင်းများ ပေါ်လာသည်။

"အစ်ကို၊ ငါတော့ ဆုံးဖြတ်ပြီးပြီ။ ရှောင်ကွမ်မြို့ကို သွားရအောင်”

ရှောင်ကွမ်မြို့သည် နန်းတော် အပျက်အစီးများ ရှိသောကြောင့် လူကြိုက်များသော အားလပ်ရက် ခရီးတစ်ခု ဖြစ်သည်။

နန်းတော် အပျက်အစီးများသည် ရှောင်ကွမ်မြို့၏ အနောက်ဘက် ကီလိုမီတာ (၈၀) အကွာတွင် တည်ရှိသည်။ လူအများက သူတို့သည် ရှေးခေတ်၏ အကြွင်းအကျန်များဟု ပြောကြပြီး ပထမမျိုးစိတ် ကမ္ဘာပေါ်ကို ဆင်းသက်လာဖူးသော သက်သေဟု ဆိုကြသည်။

ထိုအမွေအနှစ် နေရာသည် ယခုအခါတွင် လူကြိုက်များသော ခရီးသွားနေရာတစ်ခု ဖြစ်လာပြီး တစ်နေ့လျှင် ညှော့သည်တစ်သောင်း ဝန်းကျင်ခန့် လာရောက် လည်ပတ်လေ့ ရှိသည်။

"ရှောင်ကွမ်မြို့အတွက် လာမယ့်တနင်္လာနေ့မှာ လက်မှတ်တွေ ရနိုင်တယ်။ မင်း သဘောတူရင် အခုပဲ လက်မှတ်ကို ကြိုတင်ပြီး မှာလိုက်မယ်"

လင်းဟွမ်က သူမ၏ ပျော်ရွှင်မှုကို မျှဝေလိုက်သည်။

" ဒါဆို ရှောင်ကွမ်မြို့ကို သွားကြတာပေါ့"

လင်းရှင်က ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ"

လင်းဟွမ်သည် ကြိုတင်လက်မှတ် ဝယ်ယူသော ဝက်ဘ်ဆိုဒ် စာမျက်နှာကို ဖွင့်ပြီး စစ်ဆေးလိုက်သည်။ လာမည့် တနင်္လာနေ့အတွက် လက်မှတ်အနည်းငယ် ရရှိနိုင်ပြီး သူတို့လိုချင်သော တစ်ခန်းနှင့်တစ်ခန်း ကပ်လျက်ရှိသော အခန်းနှစ်ခန်း ရှိနေသည်။ ထို့ကြောင့် လက်မှတ်ကို ချက်ချင်း ဝယ်လိုက်သည်။

"မင်းက မနက်ဖြန် အတန်းတွေ ရှိသေးတယ်၊ စနေနေ့ရောက်မှ ပချီမြို့ကို သွားကြမယ်။ ပချီမြို့မှာ နှစ်ရက်လောက် ပျော်အောင်နေကြမယ်”

လင်းဟွမ်က အကြံပြုလိုက်သည်။

## အခန်း(၉၆) - လင်းရှင်၏ ဟင်းချက်စွမ်းရည်။

စနေနေ့ မနက်ခင်းတွင် လင်းရှင်၏ တံခါးခေါက်သံကြောင့် လင်းဟွမ် နိုးလာသည်။

"အစ်ကို၊ ထ.. ထ။ မနက်စာစားချိန် ရောက်ပြီ"

သူမ၏အသံက ပျော်ရွှင်စိတ်လှုပ်ရှား နေသည်မှာ သိသာထင်ရှားနေသည်။

"အင်း...အင်း...ငါလာပြီ"

လင်းဟွမ်သည် နာရီကိုကြည့်လိုက်ရာ မနက် (၆)နာရီခွဲသာ ရှိသေးသည်။

ရေချိုး၊ အဝတ်အစားလဲပြီး အောက်ထပ်သို့ ဆင်းလာခဲ့သည်။

ထမင်းစားပွဲပေါ်တွင် ပုံစံအနည်းငယ် ထူးဆန်းကာ ဘုရားစူး ကြက်ဥကြော် အနည်းငယ်နှင့် လတ်လတ်ဆတ်ဆတ် သုတ်ထားသော ဆလတ်ရွက်သုပ်တစ်ပွဲ ရှိနေသည်။

လင်းဟွမ်သည် ထမင်းစားပွဲ နောက်သို့ လျှောက်သွားပြီး ဆန်ပြုတ်ကို လှမ်းကြည့်

လိုက်သည်။ ဤကောင်မလေးသည် ဘုရားစူး ကြက်ဥကြော်မှ သင်ခန်းစာ ယူခဲ့ပုံရသည်။ အနည်းဆုံးတော့ ဆန်ပြုတ်၏ အရောင်သည် သပ်သပ်ရပ်ရပ် ရှိနေပြီး ဆန်ပြုတ်ထဲတွင် ပါဝင်ပစ္စည်းများစွာ ထည့်ထားကာ ရိုးရှင်းလှခြင်း မရှိပေ။

"အစ်ကို၊ မြန်မြန်လုပ်။ မနက်စာစားပြီးရင် ငါတို့တွေ ပထမဆုံး လင်းယုန်ငှက်စီးဖို့ အပြေး သွားရအုံးမယ်။"

လင်းရှင်က တောင်းဆိုလိုက်သည်။

"အချိန်ရှိပါတယ်။ ငါတို့တွေ အဲဒီကိုရောက်ဖို့ လင်းယုန်စီးပြီး သွားစရာ မလိုပါဘူး။"

လင်းဟွမ်သည် သူမက ဘာကြောင့် အပြေးအလွှား သွားချင်နေလဲ ဆိုသည်ကို နားလည်သည်။

"အမ်...ဒါဆို ပချီမြို့ကို ဘယ်လိုသွားမလဲ၊ ဒီနေ့သွားမှာ မဟုတ်ဘူးလား"

"ငါတို့သွားတဲ့ အခါကျရင် မင်းသိလိမ့်မယ်"

လင်းဟွမ်သည် ဆန်ပြုတ် တစ်ဇွန်းကို ပါးစပ်ထဲသို့ဖြည်းညှင်းစွာ ထည့်လိုက်သည်။ မျက်နှာအမူအရာက ချက်ချင်း ပြောင်းသွားပြီး ဆန်ပြုတ်ကို မြိုချလိုက်သည်။ ထို့နောက် ခေါင်းမော့ကာ လင်းရှင်ကို လှမ်းကြည့်လိုက်သည်။

"အရသာ ကောင်းရဲ့လား"

"ဆား အရမ်းများတယ်။ ဆားများရင် ကျန်းမာရေးနဲ့ မညီညွတ်ဘူးနော်"

လင်းဟွမ်သည် သူ၏ဝေဖန်မှုကို အတတ်နိုင်ဆုံး ပြေပြစ်အောင် ကြိုးစားလိုက်သည်။

"ကြွက်ဥကြော်နဲ့ အသုပ်မှာတော့ ဆား မထည့်ထားဘူး။ ဆန်ပြုတ်မှာ ဆားနည်းနည်းလေး ထည့်ထားတယ်"

လင်းဟွမ်သည် လင်းရှင်နှင့် စကားပြောနေရင်း ဆားထည့်ထားသော ဗူးကို တစ်ချက် ကြည့်လိုက်သည်။ ယခင်နေ့က ဗူးတစ်ဝက်ရှိသော ဆားသည် ဗူးထဲတွင် လေးပုံ၊ တစ်ပုံသာ ကျန်တော့သည်။

"မင်းရဲ့ အစားအစာကို ပိုအရသာရှိချင်ရင် ဆားနည်းနည်းလေး ဖြူး ဒါမှမဟုတ် ပဲငံပြာရည်

လေးထည့် ကြက်ဥလေးနဲ့ရောသုပ်ပြီး စားလို့ရတယ်။"

လင်းဟွမ်က စိတ်ရှည်ရှည်ထားပြီး ရှင်းပြလိုက်သည်။

လင်းဟွမ်သည် အငန် သက်သာစေရန်ဆလတ်ရွက်သုပ်ကို ကောက်ယူလိုက်သည်။

တစ်ဇွန်း စားပြီးနောက် ခေါင်းများပွင့်ထွက်တော့မည်ဟု ခံစားလိုက်ရသည်။ အတင်းကြိတ်မှိတ်မျိုချလိုက်ပြီး မျက်ရည်သုတ်ရန် တစ်ရှူးယူလိုက် ရသည်။

"ရှင်အာ၊ အသုပ်ထဲကို ငရုပ်သီးတွေ ဘယ်လောက်ထည့်ထားတာလဲ"

လင်းဟွမ်၏ ပါးစပ်တစ်ခုလုံး ပူလောင်သွားသည်။

"အရွက်သုပ်တွေက ချဉ်ငန်စပ်လေးမှ စားကောင်းတယ်လို့ အကို ပြောခဲ့တာ မှတ်ထားတယ်။ အဲဒါကြောင့် ခွက်ထဲမှာရှိတဲ့ ငရုပ်သီးအကုန်လုံး ထည့်လိုက်တယ်။ ပြီးမှအပေါ်က ဟင်းရွက်နဲ့ မုမ်ညင်းဆီတွေ ထပ်လောင်းထားတယ်။ အဲဒီလို ပြင်ဆင်ဖို့အတွက် အချိန်အများကြီး ယူခဲ့ရတာ"

လင်းရှင်းက ဂုဏ်ယူစွာပြောသည်။

"ဒီအရွက်သုပ်ရဲ့ အရောင်က စွဲဆောင်မှုရှိနေတာ အံ့ဩစရာ မဟုတ်တော့ဘူး"

လင်းဟွမ်က တွေးလိုက်မိသည်။

"ရှင်အာ ငါ ဗိုက်ပြည့်နေပြီ။ မင်းပဲ စားလိုက်တော့နော်။ ပန်းကန်တွေ နောက်မှ ဆေးပေးမယ်။"

လင်းဟွမ်သည် ဆိုဖာသို့ ပြန်လျှောက်သွားသည်။

"အစ်ကို၊ မင်း ကြက်ဥကြော်ကို ထိတောင် မထိရသေးဘူး"

လင်းရှင်သည် စိတ်မကောင်း ဖြစ်သွားသည်။

"မင်းပဲ စားလိုက်ပါ။"

လင်းဟွမ်သည် ဆိုဖာပေါ်ထိုင်ပြီး သတင်းဖတ်နေလိုက်သည်။

လင်းရှင်သည် ဟင်းပွဲများနှင့် ဆန်ပြုတ်အကုန်လုံးကို လက်ကျန် ဖြတ်လိုက်သည်။

"သူမက တမူထူးခြားတဲ့ အရသာခံစားမှုနဲ့ မွေးဖွားလာတာလား"

လင်းဟွမ်သည် ညီမဖြစ်သူကို စိုက်ကြည့်ရင်း တွေးလိုက်မိသည်။

ခဏအကြာတွင် လင်းရှင်သည် ထမင်းစားပွဲပေါ်ရှိ အစားအသောက် အားလုံးကို ကုန်သွားအောင် လက်စသတ်လိုက်သည်။ လင်းဟွမ်သည် သတင်းဝဘ်ဆိုဒ်ကိုပိတ်ပြီး စားပွဲကို ရှင်းလိုက်သည်။

"အစ်ကို၊ ငါတို့ ပချီမြို့ကို ဘယ်လိုသွားမှာလဲ။"

လင်းရှင်က မေးလိုက်သည်။

"ဘာလို့ ဒီလောက်လောနေတာလဲ။ မင်း သိရမှာပေါ့။"

လင်းဟွမ်သည် ရင်ထဲ ခုလုခုလု ဖြစ်ပြီး စိတ်ဝင်စားလာအောင် လုပ်လိုက်သည်။

"ထုပ်ပိုး ပြီးပြီလား"

လင်းဟွမ်က မေးလိုက်သည်။

"အင်း မနေ့ည ကတည်းက ထည့်ပြီးပြီ"

"ဘာမှ မကျန်ခဲ့အောင် သေသေချာချာစစ်အုံး။ ငါ့အခန်းကို နောက်တစ်ခေါက် ပြန်စစ် ကြည့်လိုက်အုံးမယ်။ ပြတင်းပေါက်တွေ ပိတ်၊ မီးတွေပိတ်ပြီး အိုး… မင်း ဆင်းလာရင် တံခါးကို သော့ခတ်ထားခဲ့"

လင်းဟွမ်သည် အပေါ်ထပ်သို့ တက်သွားသည်။ လင်းရှင်သည် သူ့နောက်မှလိုက်လာပြီး လင်းဟွမ် ပြောခဲ့သော အရာများကို စစ်ဆေးရန် သွားလိုက်သည်။

လင်းဟွမ်က သူ့အခန်းထဲသို့ သွားလိုက်သည်။ ပြတင်းပေါက်များ ပိတ်ပြီး စောင်ကို ခေါက်လိုက်သည်။ အခန်းထဲကို နောက်ဆုံးတစ်ကြိမ် တစ်ချက်ကြည့်လိုက်ပြီး တံခါးကို သော့ခတ်လိုက်သည်။

လင်းရှင်သည် လှေကားမှ ဆင်းလာသည်။

"မင်းခိုင်းတာ အကုန်လုပ်ပြီးပြီ။ ငါတို့ အခု သွားကြမလား"

လင်းရှင်သည် သိသိသာသာ စိတ်လှုပ်ရှား နေသည်။

မောင်နှမ နှစ်ယောက်လုံးသည် ဖိနပ်ပြောင်းစီးပြီး အိမ်ထဲမှ ထွက်လာကြသည်။ လင်းဟွမ်သည် ရှေ့သို့ နှစ်လှမ်း လှမ်းလိုက်ပြီး လမ်းအမှတ် (၁၀၁) ထောင့်တွင် အစိမ်းရောင် ဝံပုလွေကို ဆင့်ခေါ်လိုက်သည်။

အစိမ်းရောင် ဝံပုလွေကို ကြည့်ရသည်မှာ ဆန်းကြယ် လှသည်။

လင်းရှင်သည် အချိန် အတော်ကြာအောင် အံ့ဩမှင်သက် နေပြီး နောက်ဆုံးတွင် ပြောလိုက်သည်။

"အစ်ကို၊ မင်းက ထိန်းချုပ်သူလား။"

"အင်း ငါက ထိန်းချုပ်သူပဲ။ တန်ပြန်မုဆိုးအကဲဖြတ်မှုမှာ စာရင်းသွင်းလိုက်မှ ငါလည်း သိခဲ့တာပဲ"

လင်းဟွမ်သည် သူမကို အမှန်အတိုင်း မပြောခဲ့ပေ။ အကြောင်းမူ ယခင်တုန်းက ဘာကြောင့်မပြောခဲ့တာလည်းဟု မေးလာခဲ့လျှင် ရှင်းပြရန် ခက်ခဲသောကြောင့် ဖြစ်သည်။

"မင်းရဲ့ အစိမ်းရောင် ဝံပုလွေကိုစီးရင် ပချီမြို့ကို ရောက်ဖို့ အချိန် အရမ်းကြာမှာလား..."

လင်းရှင်က သိချင်နေသည်။

"ငါတို့ ဒီဝပ်ကျင်းထဲကနေ မထွက်မချင်း အစိမ်းရောင် ဝံပုလွေကို စီးကြမယ်။ အပြင်ရောက်မှပဲ တခြားမွန်းစတားတွေ ပြောင်းစီးကြမယ်။"

လင်းဟွမ်သည် လက်ကိုဆန့်ထုတ်ပြီး လင်းရှင်ကို ဝံပုလွေ၏ကျောပေါ်တွင် ထိုင်ခိုင်းလိုက်သည်။

ထို့နောက် အစိမ်းရောင်ဝံပုလွေသည် မတ်တပ်ထရပ်ပြီး ဝပ်ကျင်းစခန်း၏ အရှေ့ဘက်တံခါးသို့ တဟုန်ထိုး ပြေးထွက်သွားသည်။ လင်းဟွမ်၏ စီးစရာကြောင့် လူအများ အံ့သြထိတ်လန့်

သွားကြသည်။ မြို့တွင်းရှိ အသိမိတ်ဆွေ အချို့နှင့်လည်း တွေ့ဆုံခဲ့သည်။ သုံးမိနစ်ခန့် ကြာသောအခါ ဝပ်ကျင်း၏ အရှေ့တံခါး အပြင်ဘက်သို့ ရောက်ရှိလာကြသည်။

ထို့နောက် လင်းဟွမ်သည် အစိမ်းရောင်ဝံပုလွေကို ပြန်သိမ်းပြီး အလက်ဇန္ဒြားလင်းယုန်ကို ဆင့်ခေါ် လိုက်သည်။

"အရမ်းလှတာပဲ"

လင်းရှင်သည် လင်းယုန်ဖြူကြီး၏ ဖြူဖွေး သန့်ရှင်းနေသောပုံစံကို စိုက်ကြည့်ပြီး သဘောကျစွာ အောင်ဟာစ်လိုက်သည်။

"အလက်ဇန္ဒြား လင်းယုန်ရဲ့ အမြန်နှုန်းက သာမန်လင်းယုန်တွေထက် ပိုမြန်တယ်”

"အစ်ကို၊ မင်းက အံ့မခန်းပဲ။ မင်းက မွန်းစတား နှစ်ကောင်ကိုတောင် ဆင့်ခေါ်နိုင်တယ်"

လင်းရှင်က လင်းဟွမ်ကို ချီးကျူးနေသည်။

"လာ လာ။ ရာသီဥတုဒဏ် ခံနိုင်တဲ့ ကူရှင်ပေါ်မှာထိုင် ရှုခင်း ကောင်းကောင်း ပိုမြင်ရတယ်။"

လင်းဟွမ်သည် လင်းရှင်ကို အလက်ဇန္ဒြား လင်းယုန်ပေါ် တက်နိုင်ရန် ကူညီပေးလိုက်သည်။ ထို့နောက် သူမနောက်မှ လိုက်တက် သွာသည်။။။

"ပချီမြို့ကို သွားမယ်"

လင်းဟွမ်က အလက်ဇန္ဒြား လင်းယုန်ကို ညွှန်ကြားလိုက်သည်။

အလက်ဇန္ဒြား လင်းယုန်သည် ကျွဲခနဲ အသံတစ်ချက်ပေးကာ အတောင်ပံခတ်ပြီး ကောင်းကင်ပေါ်သို့ ပျံသန်းသွားသည်။

## အခန်း(၉၇) - လျှန်ယုရှင်း အဆင့်တက်ခြင်း။ သာလွန်အဆင့်။

လင်းဟွမ်သည် ပချီမြို့၏ နှစ်ရက်တာ ခရီးစဥ်အတွင်း လင်းရှင်ကို အစားအသောက် ကောင်းကောင်း ရသော နေရာများနှင့် ပျော်စရာရှိသော နေရာများသို့ ခေါ်ဆောင်သွားခဲ့သည်။

တနင်္လာနေ့ မနက် ခြောက်နာရီတွင် လင်းရှင်းသည် အိပ်ယာမှနိုးလာပြီး ဧည့်ခန်းထဲတွင် ဆူညံနေသောကြောင့် လင်းဟွမ်လည်း နိုးလာခဲ့သည်။

လင်းဟွမ်သည် ရေချိုးပြီး အဝတ်အစား ပြောင်းဝတ်ကာ မနက်စာစားရန် လင်းရှင်ကို အောက်ထပ်သို့ ခေါ်သွားသည်။ လင်းဟွမ်သည် ဟိုတယ်တွင် တည်းခိုသည့် အခါတိုင်း ‘တည်ငြိမ်သော နေထိုင်ရာ’ တွင် စားခဲ့ဖူးသော အစားအသောက် အကြောင်းကို အမြဲတမ်း တွေးနေမိသည်။ ဤဟိုတယ်ရှိ မနက်စာ

ဘူဖေးသည် လုံး၀ မဆိုးသော်လည်း 'တည်ငြိမ်သော နေထိုင်ရာ'ရှိ အစားအသောက်များနှင့် နှိုင်းယှဉ်ပါက ဘာဆိုဘာမှ မဟုတ်တော့ပေ။ လင်းဟွမ်သည် မနက်စာ စားပြီးသည်နှင့် ကောင်တာသို့သွားပြီး အခန်း ပြန်အပ်လိုက်သည်။

ဟိုတယ်မှ ထွက်လာပြီးနောက် ယခင်က သွားခဲ့ဖူးသော ကော်ဖီဆိုင်သို့ လင်းရှင်ကို ခေါ်သွားသည်။ လန်းဆန်းတက်ကြွစေသော ကော်ဖီရနံ့ကြောင့် လူလည်း လန်းဆန်း တက်ကြွလာသည်။

ထို့နောက် လင်းဟွမ်က ဝန်ထမ်းကို မေးလိုက်သည်။

"ဆိုင်က ဘယ်အချိန်အထိ ဖွင့်တာလဲ"

"ဆာ၊ ငါတို့က နှစ်ဆယ့်လေးနာရီ ဖွင့်တယ်။ မင်းကြိုက်တဲ့အချိန် လာလို့ရတယ်"

ဝန်ထမ်း အမျိုးသမီးက ကျက်သရေရှိစွာ ပြန်ပြောသည်။

"အို ကောင်းလိုက်တာ ဒါဆို ကော်ဖီတစ်ခွက် ပေးဦး"

လင်းဟွမ်က မျက်ခုံးပင့်ပြီး ပြန်ပြောလိုက်သည်။ ထို့နောက် လင်းရှင်ကို လှည့်ကြည့်ကာ

"ဘာ သောက်မလဲ"

"ကော်ဖီက ခါးမှာပဲနော်။ တခြား သောက်စရာတွေကော ရှိသေးလား"

လင်းရှင်သည် မီနူးကိုကြည့်လိုက်ရာ ကဖင်းဓာတ် မပါသော ဖျော်ရည်များ မရနိုင်ကြောင်း သတိထား လိုက်မိသည်။

“ငါတို့ရဲ့ ပျားရည်ကော်ဖီကို လွန်ခဲ့တဲ့လကပဲ စပြီး ထုတ်လုပ်တယ်။ အချို ဖျော်ရည်ပါ”

ဝန်ထမ်း အမျိုးသမီးက အဆိုပြုသည်။

“အင်း။ အဲ့ဒါ ယူမယ်”

လင်းရှင်က ခေါင်းငြိမ့်လိုက်သည်။

“မှာချင်တာ ရှိသေးလား။ ငါတို့မှာ အချိုပွဲလဲ ရှိတယ်”

“ငါတော့ မမှာတော့ဘူး”

“ညီမလေး။ မင်းမှာအုံးမလား”

လင်းဟွမ်က လင်းရှင်ကို ကြည့်ပြီး မေးလိုက်သည်။

"တော်ပြီ။ မနက်စာ စားထားလို့ ဗိုက်ပြည့်နေပြီ"

လင်းရှင်က ခေါင်းခါလိုက်သည်။

"ဒါဆိုလဲ ကောင်းပါပြီ။ ဘလက် ကော်ဖီတစ်ခွက်နဲ့ ပျားရည်ကော်ဖီတစ်ခွက် နော်"

ဝန်ထမ်း အမျိုးသမီးက နောက်တစ်ကြိမ် ထပ်ပြီး အတည် ပြုလိုက်သည်။ လင်းဟွမ်သည် ငွေရှင်းပြီးနောက် လင်းရှင်ကို လေဟာပြင်

ထီးအောက်တွင် ထိုင်ခိုင်းလိုက်သည်။ မနက်ခင်း နေရောင်ခြည်သည် သူတို့၏မျက်လုံးကို ထိခိုက် စေနိုင်သည်။

လင်းဟွမ်အတွက် ဖိအားတစ်ခုမှ မရှိဘဲ ကမ္ဘာကြီး၏ သာယာလှပသော ဘက်ခြမ်းကို ပထမဦးဆုံးအကြိမ် ခံစားမိခြင်း ဖြစ်သည်။

ပချီမြို့၏ မနက်ခင်းသည် တိတ်ဆိတ်နေပြီး ပလာဇာတွင် လမ်းသွား၊လမ်းလာ အင်မတန် နည်းပါးသည်။ မည်သို့ပင် ဆိုစေကာမူ ဤမြို့သည် အမှန်တကယ် လှပသည်။ အကယ်၍

ဤကမ္ဘာကြီးမှာသာ နတ်ဆိုးများ၊ မွန်းစတားများ နည်းပါးမည်ဆိုလျှင် ဒီကမ္ဘာကြီးသည် လူများအတွက် ကောင်ကင်ဘုံကြီးကဲ့သို့ ငြိမ်းချမ်းသာယာကာ လှပနေသည်မှာ သေချာသည်။

လင်းဟွမ်သည် နေထွက်ချိန်ရှုခင်းကို အချိန် အကြာကြီး ငေးကြည့်နေခဲ့သည်။

ဝန်ထမ်းက သူတို့ထံ ကော်ဖီယူလာသော အချိန်ရောက်ခါမှ အာရုံပြောင်းသွားသည်။ ထို့နောက် ကောဖီတစ်ငုံ သောက်လိုက်ပြီးနောက် မျက်မှောင် ကြုတ်သွားသည်။

လင်းရှင်က သတိထားလိုက်မိပြီး မေးလိုက်သည်။

“မကောင်းဘူးလား”

“နည်းနည်း ခါးတယ်” လင်းဟွမ်က သူ့ညီမကို သတ ပေးလိုက်သည်။

“ဒါဆို အစ်ကိုခွက် ညီမကိုပေး။ ညီမခွက် အစ်ကိုယူလိုက်”

လင်းရှင်က သူမခွက်ကို တွန်းပေးလိုက်သည်။

“ရတယ် ကော်ဖီခါးတာ ပိုကြိုက်တယ်”

လင်းဟွမ်က သူ့ညီမ၏ သိတတ်မှုကို ယဉ်ယဉ်ကျေးကျေး ပြင်းပယ်လိုက်သည်။

"အင်"

ချက်ချင်း ဆိုသလို လင်းရှင်သည် ခေါင်းငုံ့ပြီး တစ်ငုံ သောက်လိုက်သည်။ ထို့နောက် မျက်လုံးများ တောက်ပလာကာ လင်းဟွမ်ကို လှမ်းကြည့်လိုက်ပြီး

"အရမ်း အရသာရှိတယ်"

"ဒါဆို ကောင်းတာပေါ့။ ဒါပေမဲ့ အများကြီး မသောက်နဲ့၊ ဒီလိုမှမဟုတ်ရင် ညဘက်အိပ်ဖို့ ခက်လိမ့်မယ်"

လင်းဟွမ်က ညီမဖြစ်သူကို သတိပေးလိုက်သည်။ လင်းရှင်က လင်းဟွမ်ပြောသည်ကို မကြားသလို လုပ်ကာ သောက်နေလိုက်သည်။

သုံးမိနစ်ခန့် ကြာသောအခါ လင်းရှင်သည် သောက်၍ ကုန်သွားသည်။

သူမသည် အရိုးကိုက်ရသော ခွေးလေး တစ်ကောင်ကဲ့သို့ မျက်လုံးလေး တောက်ပနေကာ သူ့အစ်ကိုကို လှမ်းမေးလိုက်သည်။

"အကို နောက်တစ်ခွက်လောက် ရဦးမလား"

"ရတော့ရတယ်။ ဒါပေမဲ့ ဒီညအိပ်ဖို့ ရှိသေးတယ်နော်"

"အစ်ကိုက အကောင်းဆုံးပဲ"

လင်းရှင်သည် ကော်ဖီဆိုင်ထဲသို့ အမြန်ပြေးသွားသည်။ မကြာခင် ပိုကြီးသော ကော်ဖီခွက်ကို ကိုင်ကာ လင်းဟွမ်ဘေးသို့ ပြန်ရောက်လာသည်။

လင်းဟွမ်က သူမကို စိုက်ကြည့်နေသည်။ လင်းရှင်က လျှာလေးတစ်လစ်လုပ်ပြီး လင်းဟွမ်ကို ပြန်ပြောလိုက်သည်။

"အစ်ကိုက ပိုကြီးတဲ့ခွက် မမှာဖို့ မပြောခဲ့ဘူးလေ"

"ဒီည အိပ်မပျော်ရင် ငါ့ကိုလာမရှာနဲ့"

လင်းဟွမ်၏ မျက်နှာ အမူအရာက တင်းမာနေသည်။

"ဒီည အိပ်မပျော်ရင် ဂိမ်းထိုင်ဆော့မယ်"

လင်းရှင်က ခေါင်းငြိမ့်ပြီး ပြန်ပြောသည်။

လင်းဟွမ်သည် ကော်ဖီသောက်ပြီးနောက် ကွန်ရက်ပေါ်မှ သတင်းများကို ဖတ်နေသည်။ သတင်းတစ်ပုဒ်က သူ့အာရုံကို ဖမ်းစားသွားသည်။

သတင်းခေါင်းစဉ်တွင် လျှန်မိသားစု၏ သမီးတော်သည် အသက် ဆယ့်ရှစ်နှစ်နှင့်

သာလွန်လူသား ဖြစ်လာခြင်း ထိုသတင်းကို ဖတ်ကြည့်ရန် နှိပ်လိုက်သည်။

ဒါသည် လျန်ယုရှင်း ဖြစ်သည်။

လင်းဟွမ်သည် သတင်းဆောင်းပါးကို ဖတ်ပြီးနောက် လျန်ယုရှင်း၏ မိသားစုနောက်ခံ အကြောင်းကို ပိုမို သိရှိလာခဲ့သည်။

သူမ၏ မိသားစုသည် အဖွဲ့ခွဲခုနစ်ရှိ ဩဇာလွှမ်းမိုးဆုံး မိသားစုကြီး ခြောက်စုထဲက တစ်ခုဖြစ်သည်။ သူမ၏မိသားစုသည် လွန်ခဲ့သော

နှစ်ပေါင်း (၈၀၀) ခန့်၊ ခေတ်သစ်ခတ် မှာကတည်းက အားကောင်းခဲ့သည်ဟု သတင်းတွင် ဖတ်ခဲ့ရသည်။

"မဆန်းတော့ဘူး ခါတ်ကြွင်းတစ်ခုက သူမ အတွက် ဘာအဓိပ္ပါယ်မှ မရှိတာ မဆန်းတော့ဘူး"

လင်းဟွမ်သည် ယခင်က တော်ဝင်မိသားစု ခြောက်ခုအကြောင်း ကြားသိခဲ့ရသော်လည်း လျန်ယုရှင်း၏ မိသားစုက ထိုထဲမှ တစ်ခု ဖြစ်နေလိမ့်မည်ဟု သူ မထင်ထားခဲ့ချေ။

(လီမိသားစုက လျန်မိသားစုကို တောင်းပန်ဖို့ ဆုံးဖြတ်ခဲ့တာ ဆန်းတော့ မဆန်းတော့ဘူး)

"အကို ဒီလျှန်ယုရှင်းက မင်းဆီ ပါဆယ်ထုပ် ပို့ပေးတဲ့လူလား"

လင်းရှင်သည် သူမ အကိုဖြစ်နေသော သတင်းကို ငုံ့ကြည့်လိုက်သည်။

"၁၈နှစ်ပဲ ရှိသေးတယ်။ သာလွန်အဆင့် ဖြစ်နေပြီလား။"

"ဝိုး မင်းနဲ့ ဘယ်လိုသိတာလဲ"

"ငါ ဝူယုသစ်တောထဲ သွားတုန်းက သူတို့ အဖွဲ့နောက်က ကပ်လိုက်သွားတာ"

လင်းဟွမ်က ရိုးရိုးရှင်းရှင်း ပြန်ပြောသည်။

"ဒါဆို သူမက မင်းဆီ ဘာလို့ပစ္စည်းပို့တာလဲ"

လင်းရှင်က စပ်စုလာသည်။

"ငါ သူမဆီက ပစ္စည်းတစ်ချို့ ဝယ်ခဲ့လို့။ နောက်ပိုင်းမှာ သူမနဲ့မတွေ့တော့လို့ အိမ်ကို လှမ်းပို့ပေးတာပဲ"

လင်းဟွမ်က ခပ်မြန်မြန်တွေးပြီး လိမ်လိုက်သည်။

"သူမဆီက ဘာဝယ်ခဲ့တာလဲ"

လင်းရှင်က ထပ်မေးလိုက်သည်။

"ဘာဖြစ်လို့ မေးခွန်းတွေ အများကြီး မေးနေတာလဲ သောက်သောက် ကော်ဖီသောက်"

လင်းဟွမ်က ညီမဖြစ်သူနှင့် စကားပြောလေလေ အစထွက်လေလေ ဖြစ်သွားမည်ကို ကြောက်လန့်သွားသည်။

"အနည်းဆုံးတော့ အစ်ကိုက သူမရဲ့လက်မှတ်ကို ရပြီးပြီလား"

လင်းရှင်က ထပ်မေးလိုက်သည်။

"မရသေးဘူး ငါ တောင်းဖို့မေ့သွားတယ်"

"အင် ကျေးဇူးပြုပြီး နောက်တစ်ကြိမ် လက်မှတ်တောင်းပေး"

"အေး နောက်တစ်ကြိမ် ထပ်တွေ့ရင် မေးပေးမယ်"

လင်းရှင်ကို ဖြေပြီးနောက် လင်းဟွမ်သည် အနည်းငယ် တုန့်ဆိုင်းသွားပြီး လျှန်းယုရှင်းထံ စာတစ်စောင် ပို့လိုက်သည်။ မက်ဆေ့ချ်က တိုတိုလေးပင်။

'သာလွန်အဆင့်ကို တက်လှမ်းသွားတဲ့အတွက် ဂုဏ်ပြုပါတယ်"

လျှန်ယုရှင်းက အကြောင်းမပြန်ပေ။ ခဏအကြာ လင်းဟွမ်သည် ဆက်သွယ်ရေးစက်ကို ပိတ်လိုက်ပြီး မှုန်ကုပ်ကုပ် ဖြစ်နေသည်။

အာကာသယာဉ်ကို စောင့်ဆိုင်းရင်း ကော်ဖီသာ သောက်နေခဲ့သည်။ ထိုစဉ် သူ့လက်စွပ်မှ အကြောင်းကြားစာ ထွက်ပေါ်လာသည်။ ဖွင့် ဖတ်ကြည့်လိုက်ရာ လျှန်ယုရှင်းထံမှ မက်ဆေ့ချ် ဖြစ်နေသည်။

“ကျေးဇူးပါ။ ငါ ရေချိုးနေလို့ မက်ဆေ့ချ် မစစ်ဆေးလိုက်မိဘူး။ အခု ဘာတွေလုပ်နေလဲ”

"ငါ့ညီမက အားလပ်ရက် ခရီးသွားချင်တယ်ဆိုလို့ ရှောင်ကွမ်မြို့ကို သွားနေတယ်"

လင်းဟွမ်က ပြန်ဖြေလိုက်သည်။

"မင်းမှာ ခက်ခဲတဲ့အချိန်တွေ ရှိခဲ့တယ်ဆိုတော့ ခဏလောက် အနားယူလိုက်တာ ကောင်းပါတယ်။ ငါလည်း နောက်ရက်ပိုင်းမှာ ကိုယ်ဘာသာကိုယ် အားလပ်ရက် သွားတော့မယ်။ အဖွဲ့ခွဲသုံးကို သွားမယ်"

လျှန်ယုရှင်းက လင်းဟွမ်ကို ပြန်ပြောလာသည်။

“သာလွန်လူသား တစ်ယောက် ဖြစ်လာဖို့ဆိုတာ မလွယ်ဘူး၊ မင်းရဲ့ခံယူချက်နဲ့ စိတ်ဓာတ်အရ ထိုက်တန်ပါတယ်။ မင်းပျော်ရွှင်ပါစေ”

လင်းဟွမ်က ပြန်ပြောလိုက်သည်။

“မင်းလည်း ပျော်ပါစေ”

လင်းဟွမ်၏ မျက်နှာသည် မှိုရထားသော မျက်နှာကဲ့သို့ တပြုံးပြုံး ဖြစ်နေပြီး လက်စွပ်ကို ပွတ်သပ်နေသည်။

လင်းဟွမ်သည် ခရီးသွားရန် အချိန်ရှိသောအခါ ဘီအဆင့် ဝပ်ကျင်းကိုသာ သွားနိုင်သည်။ တော်ဂင်မျိုးနွယ်ဖြစ်သော လျန်ယုရှင်းသည် သူမ အလိုရှိသော နေရာတိုင်းကို အချိန်မရွေး သွားနိုင်သည်။

(တစ်နေ့ ငါလည်း သာလွန်လူသားတစ်ယောက် ဖြစ်လာပြီး တခြား အဖွဲ့ခွဲတွေဆီ ခရီးထွက်နိုင်ရမယ်)

လင်းဟွမ်က သူ့ကိုယ်သူ ကတိ ပြန်ပေးလိုက်သည်။

## အခန်း(၉၈) - ည အိပ်မပျော်သော လင်းရှင်။

နံနက်ရှစ်နာရီ လေးဆယ်မိနစ်တွင် နတ်ဆိုး သလင်းကျောက် အာကာသယာဉ်သည် ပချီမြို့၏ ဗဟိုပလာဇာသို့ အချိန်မှန် ရောက်ရှိလာခဲ့သည်။

လင်းဟွမ်နှင့် လင်းရှင်တို့သည် သူတို့၏ လက်မှတ်များကို စကန် ဖတ်ပြီးနောက် အာကာသယာဉ်ပေါ်သို့ တက်သွားကြသည်။ အာကာသယာဉ်က လေထဲသို့ ပျံတက်နေသောအခါ ကုန်းပတ်ပေါ်မှ စောင့်ကြည့် ခဲ့ကြသည်။

အာကာယာဉ်သည် လေထဲသို့ ရောက်လာသည်နှင့်အမျှ ပချီမြို့သည် ပို၍ ပို၍ သေးငယ်လာခဲ့သည်။

လင်းဟွမ်သည် အာကာသယာဉ်နှင့် ရင်းနှီးလာအောင် တစ်မနက်လုံး လှည့်ပတ် သွားလာနေခဲ့သည်။

နေ့လည်စာ စားချိန်သို့ ရောက်သောအခါ လင်းရှင်၏ စိတ်လှုပ်ရှားမှုသည် ကုန်ဆုံးသွားသဖြင့် လင်းဟွမ်တို့သည် သူတို့အခန်းထဲသို့ ပြန်သွား ခဲ့ကြသည်။

အခန်းနံပါတ်ကို နတ်ဆိုး သလင်းကျောက် အာကာယာဉ်၏ လက်မှတ်ပေါ်တွင် ရိုက်နှိပ်ပေးထားသည်။ လက်မှတ် တစ်ခုချင်းစီသည် တည်းခိုသည့် နေရာအပေါ်မူတည်ပြီး မတူညီသော အခန်းနံပါတ်များကို ရိုက်နှိပ်ထားသည်။ လက်မှတ်ပေါ်တွင် အမည်ပါရှိသော လူအတွက်သာ ရည်ရွယ်သည်။

လူတိုင်းအပြင် မွေးကင်းစကလေးအရွယ်အတွက်ပါ လက်မှတ်ရသည်။ သူတို့၏အခန်းသည် ခုနစ်လွှာမြောက် အခန်းနံပါတ်

(၁၅၆) နှင့် အခန်းနံပါတ် (၁၅၇) တို့ ဖြစ်ကြသည်။ သူတို့၏အခန်းကို နံရံများသာ ခြားထားသော်လည်း လင်းရှင်က တစ်ယောက်ထဲ မနေချင်ပေ။ အခန်းထဲတွင် အိပ်ခန်းတစ်ခန်းသာ ရှိသောကြောင့် လင်းရှင်ကို အိပ်ခန်းထဲ အိပ်ခွင့်ပေးထားပြီး လင်းဟွမ်က ဧည့်ခန်းထဲတွင်အိပ်ရန် ပြင်လိုက်သည်။

လင်းဟွမ်သည် နေ့ဘက်တွင် အနှောက်အယှက် ကင်းကင်း လေ့ကျင့်ချင်သောကြောင့် လင်းရှင်ကို နေ့ဘက်တွင် သူမအခန်းထဲ၌ ပြန်နေရန် မျှော်လင့်နေခဲ့သည်။

လင်းရှင်သည် နေ့လယ်စာ စားပြီးနောက် သူမ၏အခန်းထဲတွင် သေနတ်မစ္စတာဂိမ်းကို ကစားနေခဲ့သည်။ လင်းဟွမ်က တံခါးပိတ်ပြီး စစ်တပ်တိုက်ခိုက်ရေး နည်းစနစ်ကို စတင်လေ့ကျင့်ခဲ့သည်။

ပချီမြို့တွင် နေထိုင်စဉ်အတွင်း လေ့ကျင့်မှုကို လစ်လျူရှုခဲ့သည်အထိ လင်းရှင်အတွက် အချိန်ပေး၍ ကုန်ဆုံးစေခဲ့သည်။

သူတို့၏ လေကြောင်းခရီးစဉ်သည် ခုနစ်ရက်ခွဲ ကြာမည် ဖြစ်သောကြောင့် စစ်တပ်တိုက်ခိုက်ရေး

နည်းစနစ်ကို အနည်းဆုံး အဆင့်တစ်ခု သို့မဟုတ် နှစ်ခုအထိ မြှင့်တက်နိုင်ရန် ရည်မှန်းထားသည်။ အဆင့်တစ်ခု ကျွမ်းကျင်ခဲ့သော်လည်း စွမ်းရည်၏ အပြောင်းအလဲ အကြောင်းကို မသိသေးပေ။

ကတ်တစ်ကတ် ရရန် လေ့ကျင့်ခြင်းသည် နာရီဝက်ခန့် အချိန်လိုအပ်သည်။ ဤကဲ့သို့ အခြေအနေအတိုင်း နာရီဝက်မှတစ်ခါ ကတ်ရမည်ဆိုလျှင် အဆင့်တက်နိုင်ရန် ကတ် အပိုင်းအစ နှစ်ရာလိုအပ်သည် ဖြစ်သောကြောင့် တစ်ကတ်ကို နာရီဝက်နှုန်းနှင့် တွက်ချက်ပါက

အဆင့်နှစ် ရောက်ရှိရန် တစ်နေ့ကို ဆယ့်ငါးနာရီနှုန်းနှင့် လေ့ကျင့်ပြီး ခုနစ်ရက် လိုအပ်သည်။

လင်းဟွမ်သည် ညှော့ခန်းထဲတွင် ခြေနှစ်ဖက်ကို မြင်းထိုင် ထိုင်ကာ စစ်တပ်တိုက်ခိုက်ရေး နည်းစနစ်ကို လေ့ကျင့်ရန် သူ၏ကံကြမ္မာစွမ်းအားကို အသက်သွင်းလိုက်သည်။ နေ့လည် တစ်နာရီမှစပြီး လေ့ကျင့်သည်။ မျက်စိ တစ်မှိတ်အတွင်းမှာပင် ညနေခြောက်နာရီ ရောက်သွားသည်။ စွမ်းရည်ကတ် အပိုင်းအစ ဆယ့်တစ်ကတ် ရရှိခဲ့ပြီး မိနစ်သုံးဆယ်မှ

နှစ်ဆယ့်ငါး မိနစ်အထိ အောင်မြင်စွာ လျှော့ချနိုင်ခဲ့သည်။

လင်းရှင်နှင့်အတူ ညစာ စားပြီးသောအခါ အခန်းထဲသို့ ပြန်လာခဲ့သည်။

လင်းဟွမ်ကို အံ့သြသင့်စေသော အချက်မှာ ဤတစ်ကြိမ်တွင် လင်းရှင်က သူ့အခန်းထဲကို လိုက်ရန် မတောင်းဆိုခဲ့ပေ။

လင်းဟွမ်သည် အခန်းထဲကို ရောက်ပြီးနောက် တံခါးပိတ်လိုက်သည်။ လေးနာရီကြာပြီး

ညဆယ်နာရီခွဲတွင် လင်းရှင်က တံခါး လာခေါက်သည်။

လင်းဟွမ်သည် လေ့ကျင့်ရင်း ကျွမ်းကျင်လာသဖြင့် ကတ်အပိုင်းအစ တစ်ခု ရရှိရန် နှစ်ဆယ့်ငါးမိနစ်သာ ကြာမြင့်တော့သည်။ လေးနာရီအတွင်း ကတ်နှစ်ဆယ်ခန့် ရရှိခဲ့သည်။

လင်းဟွမ်သည် တံခါးဖွင့်လိုက်ရာ ဝမ်းသာလုံး စို့နေသော လင်းရှင်ကို တွေ့လိုက်ရသည်။

"မင်း ဘယ်သွားနေတာလဲ မင်းကြည့်ရတာ ပျော်နေတဲ့ပုံပဲ"

"ဘယ်မှမသွားဘူး အခန်းထဲမှာ တစ်နေကုန် သေနတ်မစ္စတာဂိမ်း ကစားနေခဲ့တယ်။ ဒီနေ့ လုံးဝ မရှုံးဘူး။ ရမှတ်အသစ်တောင် ရလိုက်သေးတယ်"

လင်းရှင်သည် သူမ၏ သေးငယ်သော အောင်ပွဲအတွက် ဂုဏ်ယူနေသည်။

"အကို ငါက ပါရမီရှင်လို့ထင်တယ်။ ငါ သေနတ်သမား တစ်ယောက် ဖြစ်လာဖို့ ရည်ရွယ်ထားတယ်"

"ငါလဲ အဲ့ဒီလိုပဲ ထင်တယ်။ နွေရာသီ အားလပ်ရက်ကုန်သွားလို့ ကျောင်း ပြန်တက်တဲ့အခါ

ဆရာ့ကိုပြော မင်းရဲ့အရည်အချင်းကို အကဲဖြတ်ခိုင်း။ ဒါပေမယ့် မင်းက အစစ်အမှန် သေနတ်သမား ဖြစ်လာမလား၊ မဖြစ်လာဘူးလားဆိုတာ မင်း အပေါ်မှာပဲ လုံးဝ မူတည်တယ်”

လင်းဟွမ်က ညီမဖြစ်သူကို အားပေးလိုက်သည်။

ဤကဲ့သို့ ကမ္ဘာကြီးတွင် မွန်းစတားများနှင့် လုံးဝ မတွေ့အောင် ရှောင်ရှားနိုင်ရန် မဖြစ်နိုင်ပေ။

သေနတ်သမားကဲ့သို့ အဝေးမှ တိုက်ခိုက်မှုကို အာရုံစိုက်ရသော အသက် မွေးဝမ်းကြောင်း

လုပ်ငန်းသည် အခြား အသက်မွေးဝမ်းကြောင်း လုပ်ငန်းနှင့် နှိုင်းယှဉ်ပါက ပို၍လုံခြုံသည်။

အမျိုးသမီး သေနတ်သမားက အလွန် နည်းပါးသော်လည်း လင်းဟွမ်သည် လင်းရှင်က အနာဂတ်တွင် ထိုပန်းတိုင်ကို အရောက် လှမ်းနိုင်လိမ့်မည်ဟု ယုံကြည်သည်။ စီစဉ်ပေးမည်ဟုလည်း တွေးထားသည်။

“အင်း၊ ငါ့ဆရာနဲ့ စကားပြောလိုက်မယ်”

လင်းရှင်က ခေါင်းငြိမ့်လိုက်သည်။

သူမသည် ယခုလ စက်တင်ဘာတွင် ကျောင်းပြန်တက်သောအခါ ဘွဲ့ကြိုအတန်းကို တက်ရမည်။ သူမ၏အနာဂတ်အတွက် စဉ်းစားရန် အချိန် ကျရောက်နေပြီ။

တန်ပြန်မုဆိုး ကောလိပ်မှ ဘွဲ့ရပြီးနောက် ရွေးချယ်စရာ သုံးခုရှိသည်။ တစ်ခုက ပြည်ထောင်စုအစိုးရ လက်အောက်ရှိ စစ်သင်တန်းကျောင်းများ၊ မုဆိုး အဖွဲ့အစည်း သို့မဟုတ် အခြား အဖွဲ့အစည်းများက တည်ထောင်ထားသော အခြားအကယ်ဒမီ

ကျောင်းများတွင် ဂုဏ်သိက္ခာရှိရှိ ကျောင်းတက်နိုင်ခြင်း ဖြစ်သည်။ အကယ်၍ သူမက ကြေးအဆင့် ဖြစ်လာပါက အဖွဲ့အစည်း၏ တရားဝင်အဖွဲ့ဝင် ဖြစ်လာလိမ့်မည်။

အဖွဲ့အစည်း တစ်ခုချင်းစီသည် သူတို့၏ ပါရမီရှင်များကို နယ်ပယ်တစ်ခုချင်းစီတွင် ရှိနေသော အရည်အချင်း ပေါ်မူတည်ပြီး ပြုစုပျိုးထောင်ရန် ကြီးမားသော အရင်းအမြစ်များစွာ ရှိသည်။ ကျွမ်းကျင်သော ကျောင်းသားများကို သံအဆင့်

သို့မဟုတ် ကြေးအဆင့် ရရှိအောင် လေ့ကျင့်ပေးကြသည်။

ဒုတိယရွေးချယ်မှုအဖြစ် မုဆိုးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းများ၏ အရံအဖွဲ့ဝင် ဖြစ်လာအောင် အကဲဖြတ်မှုတွင် ပါဝင်ရန်ဖြစ်သည်။ တရားဝင် အဖွဲ့ဝင်ရာထူးမရခင် ဖြည်းဖြည်းခြင်း တက်လှမ်းရမည် ဖြစ်သည်။

ကြေးအဆင့် မရောက်ခင်အထိ ကုန်ကျစရိတ်အားလုံးကို ကိုယ့်ဘာသာကိုယ် ကျခံရမည် ဖြစ်သောကြောင့် ပိုခက်ခဲသည်။

အထူးသဖြင့် ဂုဏ်သိက္ခာရှိသော ကျောင်းများမှ အငြင်းခံရသော ကျောင်းသားများက ရွေးချယ် တတ်ကြသည်။ နောက်ဆုံးတစ်ခုက ကြေးအဆင့်ကို တက်လှမ်းပြီးနောက် သာမန် လူသားတစ်ယောက် အဖြစ်နေထိုင်ပြီး သာမန်ဘဝကို ဖြတ်သန်းခြင်းပင်။ သို့သော် ဒါသည် မွန်းစတားများ တိုက်ခိုက်ခြင်း မရှိသည့်နေရာတွင် နေထိုင်နိုင်ရန် လိုအပ်သည်။

လင်းဟွမ်သည် ကျောင်းတွင် ရမှတ်များ ကောင်းခဲ့သောကြောင့် အဖွဲ့အစည်းများက အလို ရှိခဲ့သည်။ သို့သော် စစ်ဆေး အကဲခတ်ဖြတ်မှုတွင်

သူ၏ ကံကြမ္မာစက်ဝိုင်းက ကျိုးပဲ့နေသည်ကို တွေ့လိုက်ရသောအခါ ငြင်းပယ်ခြင်း ခံလိုက်ရသည်။ ထို့ကြောင့် သူသည် တန်ပြန်မုဆိုး အကဲဖြတ်မှုတွင် ပါဝင်ရန် ဒုတိယရွေးချယ်မှုကို သွားခဲ့ရသော အကြောင်းအရင်း ဖြစ်သည်။

လင်းဟွမ်သည် သူ့ညီမကို အထင်ကရ ကျောင်းများထဲမှ ကျွမ်းကျင်မှုသင်တန်း တစ်ခုခုကို တတ်ရောက်နိုင်စေရန် မျှော်လင့်ထားပြီး သူ့ကဲ့သို့ ဒုက္ခ မခံစားစေချင်ပေ။ အကယ်၍ သူမက သေနတ်သမား တစ်ယောက် ဖြစ်လာအောင်

အရည်အချင်း ရှိခဲ့ရင် ကင်းထောက် စစ်ဆေးခံရပြီး အဆိုပါ သင်တန်းများသို့ တက်ရောက်ခွင့် ရရန် အခွင့်အလမ်း ပိုများလိမ့်မည်။

လင်းဟွမ်သည် ကြေးအဆင့်သို့ရောက်ရန် အချိန် အနည်းငယ်သာ လိုအပ်တော့သည်။ ထို့ကြောင့် သူ၏ယခုလက်ရှိ အခြေအနေအတွက် ပျော်ရွှင် နေခဲ့သည်။

အကယ်၍ သူသာ အထင်ကရကျောင်း များထဲမှ တစ်ခုခုကို တက်ရောက်ခဲ့ပါက နေ့စဉ်နေ့တိုင်း ကျောင်းအချိန် စာရင်းများနှင့်

အလုပ်ရှုပ်နေသောကြောင့် သံအဆင့်ကို မြန်မြန်ဆန်ဆန် တက်လှမ်းနိုင်မည် မဟုတ်သလို သူ့အစီအစဉ်များနှင့် ကိုက်ညီမည် မဟုတ်ပေ။

“ငါက တစ်လအတွင်းမှာ သာမန်လူတစ်ယောက်ကနေ သံအဆင့်သုံးကို တက်လှမ်းနိုင်ခဲ့တယ်။ ရယ်စရာတော့ ကောင်းသား”

လင်းဟွမ်သည် လင်းရှင်၏ခေါင်းကို ပွတ်သပ်ရင်း ပြောလိုက်သည်။ ထို့နောက် သူက ပြုံးလိုက်ပြီး

"ဒီနှစ်လကိုတော့ ပျော်အောင်နေ ကျောင်းအကြောင်းမတွေးနဲ့။ ကျောင်းမပြီးခင် မင်းပျော်ဖို့ တစ်နှစ်ပဲ ရှိတော့တယ်"

"အကိုက ဘာဖြစ်လို့ အထင်ကရကျောင်းကို မရွေးချယ်ခဲ့တာလဲ"

နောက်ဆုံးတွင် လင်းရှင်သည် သူမကို စိတ်အနှောက်အယှက် ပေးနေသော မေးခွန်းအား ထုတ်မေးလိုက်သည်။

လင်းဟွမ်က သူ၏ လေ့လာမှုကို လက်လျှော့ရသော အကြောင်းအရင်းသည်

ကျိုးပျက်နေသော သူ၏ ကံကြမ္မာစက်ဝိုင်းကြောင့် ဖြစ်သည်ကို သူမ မသိခဲ့ပေ။ လင်းဟွမ်က သူ၏ခန္ဓာကိုယ် စစ်ဆေးမှု ရလဒ်ကို လျှို့ဝှက်ထားခဲ့သည်။

"ကျောင်းမတက်ချင်လို့ မဟုတ်ဘူး သူတို့က ငါ့ကို မလိုချင်ကြလို့"

လင်းဟွမ်က ခေါင်းခါပြီး ပြောလိုက်သည်။

"ဒါက ဘယ်လိုဖြစ်နိုင်မှာလဲ မင်းက ပထမနေရာကနေ ဘွဲ့ရခဲ့တယ်လေ။ ထိပ်ဆုံး

ဆယ်ယောက်ကို အထင်ကရ ကျောင်းတွေက ခေါ်ကြပါတယ်။ တစ်နေရာမှာများ မှားနေတာလား”

“အင်း.... ငါ့ရဲ့ကျန်းမာရေး အခြေအနေကြောင့်ပါ။ ခန္ဓာကိုယ် စစ်ဆေးခံမှု ခံယူတဲ့အချိန်မှာ သံအဆင့် မတက်လှမ်းနိုင်ဘူးလို့ သိတဲ့အတွက် အငြင်းခံခဲ့ရတယ်”

လင်းဟွမ်က အမှန်အတိုင်း ပြောလိုက်သည်။

“ဘာဖြစ်တာလဲ။ အရမ်း ပြင်းထန်လား”

လင်းရှင်က စိုးရိမ်တကြီး မေးလိုက်သည်။

"အခုတော့ ကောင်းသွားပါပြီ"

လင်းဟွမ်က လက်ဝှေ့ရမ်းလိုက်ကာ ဒီအကြောင်းကို ဆက် မပြောချင်တော့ပေ။ လင်းရှင်က မျက်မှောင်ကြုတ်ပြီး မရမက မေးနေသဖြင့် လင်းဟွမ်က တားလိုက်သည်။

"သံအဆင့် တက်လှမ်းနိုင်တဲ့ အချိန်ကျရင် မင်းကိုပြောပြမယ်။ အခုချိန် အစ်ကိုပြောပြလည်း မင်း နားမလည်နိုင်ဘူး"

လင်းရှင်သည် ဆက်ပြီး မပြောတော့ပေ။

လင်းဟွမ်သည် သူမနှင့် စကားဆက်ပြောနေခဲ့ပြီး ည (၁၂) နာရီ ထိုးသောအခါ အိပ်ယာဝင်ခိုင်းလိုက်သည်။

ညဘက်တွင် လင်းရှင်သည် ရေချိုးပြီးသော်လည်း အိပ်မပျော်ခဲ့ပေ။ နေ့ခင်းဘက်တွင် သောက်ခဲ့သော ကော်ဖီကြောင့်လား သို့မဟုတ် အကြောင်းပြချက် တစ်ခုခုကြောင့်လား ဆိုသည်ကို မသိပေ။

မနက် တစ်နာရီအထိ အိပ်ယာပေါ်တွင် လှဲနေခဲ့သော်လည်း လုံးဝ အိပ်မပျော်ခဲ့ပေ။ အိပ်ပျော်ရန် ကြိုးစား၍ မရသဖြင့် နောက်ဆုံးတွင်

သေနတ်မစ္စတာဂိမ်းကို နောက်တစ်ကြိမ် ကစားရန် ဆုံးဖြတ်လိုက်သည်။

## အခန်း(၉၉) - လင်းရှင် ပျောက်ဆုံးခြင်း။

ဤကဲ့သို့ဖြင့် (၅) ရက် ကြာသွားခဲ့သည်။

လင်းဟွမ်သည် ရှောင်းဖိန်ထံမှ အကြောင်း ကြားချက် ထွက်ပေါ်လာသောအခါ ကျယ်လောင်စွာ သက်ပြင်းချလိုက်သည်။

“မင်းက စစ်တပ်တိုက်ခိုက်ခြင်း နည်းစနစ်ရဲ့ စွမ်းရည်ကတ် အပိုင်းအစ (၂၀၀) ကို စုဆောင်းနိုင်

ခဲ့တယ်။ ကတ်အဖြစ် အဆင့်မြှင့်တင်မှု လုပ်ဆောင်ချင်လား”

“လုပ်မယ်”

“စစ်တပ် တိုက်ခိုက်ရေး နည်းစနစ် ကတ်အပိုင်းအစ (၂၀၀) ကို ကံကြမ္မာစွမ်းရည် ကတ်အဖြစ် အဆင့်မြှင့်တင် နေပါတယ်”

လင်းဟွမ်က ကတ်ကို ချေမွလိုက်ရာ အကြောင်းကြားချက် ထွက်ပေါ်လာသည်။

“ကံကြမ္မာ စွမ်းရည်ကတ်”

“ကံကြမ္မာ စွမ်းရည်နာမည် - စစ်တပ် တိုက်ခိုက်ခြင်း နည်းစနစ်”

“ရှားပါးအဆင့် - ရှားပါး”

“ကျွမ်းကျင်မှုအဆင့် - အဆင့် (၂)”

“အကျိုးသက်ရောက်မှု - ကံကြမ္မာ စွမ်းအား လည်ပတ်မှုရဲ့ အမြန်နှုန်းကို (၂၄) ရာခိုင်နှုန်း တိုးမြင့်လာမယ်။ တိုက်ခိုက်ရေး အစွမ်းနဲ့ ကာကွယ်ရေးအစွမ်းကို(၂၄) ရာခိုင်နှုန်းစီ အသီးသီး တိုးလာလိမ့်မယ်”

“မှတ်ချက် - ပထမ အဆင့် (၅) ဆင့်မှာ အဆင့်တစ်ဆင့် မြင့်တင်တိုင်း ကံကြမ္မာစွမ်းရည်ရဲ့ သက်ရောက်မှုတိုင်းက (၁၂) ရာခိုင်နှုန်းစီ တိုးတက်လာလိမ့်မယ်”

“ကတ်မှတ်ချက် - အသုံးဝင်”

“ငါ မျှော်လင့်ထားတာထက်တောင် ပိုမြန် နေသေးတယ်”

လင်းဟွမ်သည် ထိုကဲ့သို့ ပြောလိုက်သော်လည်း သက်တောင့်သက်သာ လုံးဝ မရှိပေ။ (၅)ရက် အတွင်းတွင် ကျင့်စဉ် အစအဆုံး တစ်ခေါက်ပြီးရန်

၁၀မိနစ် နီးပါးခန့် လျှောကျလာအောင် လုပ်နိုင်ခဲ့သည်။ အဆင့်တစ်ဆင့် မြှင့်တင်ပြီး ကျင့်စဉ်၏လည်ပတ်မှု ပို၍ ရှုပ်ထွေးလာခဲ့သည်။ လေ့ကျင့်မှုတစ်ခု ပြီးမြောက်ရန် ယူရသော အချိန်သည် နာရီဝက်ကို ပြန်လည် ရောက်ရှိ သွားခဲ့သည်။

ဆိုလိုသည်မှာ ကတ်အပိုင်းအစတစ်ခု ရရှိရန် နာရီဝက် အချိန်ယူရသည်။ အစပိုင်းတွင် စတင်ခဲ့သော မူလ စမှတ်သို့ ပြန်လည် ရောက်ရှိလာခဲ့သည်။

ညနေ (၅) နာရီ (၄၀) မိနစ်ရှိနေပြီ။ လင်းရှင်က ညစာ အတူတူစားရန် နေ့စဉ်နေ့တိုင်း (၆) နာရီ ထိုးခါနီး အချိန်၌ သူ့အခန်းထဲသို့ ဝင်လာတတ်ကြောင်း သတိထားမိသည်။

အားလပ်ချိန် အနည်းငယ်ရှိနေသဖြင့် လင်းဟွမ်က သတင်းဖတ်နေသည်။

ထို့နောက် ရင်းနီးနေသော ဝပ်ကျင်းအမှတ် တစ်ခုဖြစ်သော အမှတ် (၇) ဘီ (၆၁)၏ သတင်းဆောင်းပါးတစ်ပုဒ် ပါလာသဖြင့် ချက်ခြင်း အာရုံရောက်သွားသည်။

အမှတ် (၇) ဘီ (၆၁) သည် ပြည်ထောင်စု အစိုးရက တရားဝင် ချမှတ်ပေးထားသော ရှောင်ကွမ်မြို့၏အမှတ် ဖြစ်သည်။

သတင်းကို ဖတ်ကြည့်လိုက်သည်။

"မနေ့က မိုးသောက်အချိန်မှာ ဝပ်ကျင်းအမှတ် (၇) ဘီ (၆၁) မှာ လူသတ်မှု (၁၆) မှု ဖြစ်ပွားခဲ့တယ်။ ပဓာဏ စုံစမ်းစစ်ဆေးမှုတွေအရ လူသတ်မှု (၁၆) မှုကို လူတွေက ကျူးလွန်ခဲ့တာ ဖြစ်ပြီး မွန်းစတားများရဲ့ ကျူးကျော်မှု သဲလွန်စကို မတွေ့ရပါဘူး။ စုံစမ်းစစ်ဆေးမှုတွေ ဆက်လက်

လုပ်ဆောင် နေပါတယ်။ ကျေးဇူးပြုပြီး မကြောက်ကြပါနဲ့”

“ရှောင်ကွမ်မြို့က အရမ်းကြီးတဲ့ မြို့ကြီး တစ်မြို့ပါ။ ဘာဖြစ်လို့ လုံခြုံရေးတွေ ဒီလောက် ညံ့ဖျင်းရတာလဲ”

လင်းဟွမ်က မျက်မှောင်ကြုတ်ပြီး ရေရွတ်လိုက်သည်။

လွန်ခဲ့သောရက်ပိုင်းက ဤသတင်းကို သိခဲ့ရလျှင် ရှောင်ကွမ်မြို့ကို ဦးတည်ရာမြို့အဖြစ် ရွေးချယ်ခဲ့မည် မဟုတ်ပေ။ လင်းရှင်အတွက် စိတ်ပူနေမိသည်။

ထိုဖြစ်စဉ်နှင့် ပတ်သက်နေသော သတင်းများကို ထပ်မံရှာဖွေရန် ကြိုးစားခဲ့သည်။

ဒါသည် နောက်ဆုံးသတင်းဖြစ်ပြီး မီဒီယာများက သူတို့၏စကားလုံးတိုင်းကို အထူး သတိထားခဲ့သည်။ ဤကဲ့သို့ ဝပ်ကျင်း စခန်းကြီး တစ်ခုထဲတွင် မွန်းစတားတစ်ကောင် ပေါ်လာပါက ပြဿနာကြီးမားလာလိမ့်မည်။ ရုတ်ရုတ်သဲသဲ ဖြစ်သွားဖွယ်ရှိသည်။

ညနေ (၆) နာရီ (၅) မိနစ်ကို ရောက်သောအခါ လင်းဟွမ်သည် နာရီကိုတစ်ချက်ကြည့်ပြီး မျက်ခုံး

ပင့်သွားသည်။ ညဟာ စားချိန်ရောက်နေပြီဖြစ်သဖြင့် လင်းရှင်ထံ မက်ဆေ့ချ် ပို့လိုက်သည်။

မက်ဆေ့ချ် ရောက်သွားသော်လည်း သုံးမိနစ်ကြာသည်အထိ လင်းရှင်ထံမှ မည်သည့်စာမှ ပြန်မလာပေ။

လင်းဟွမ်သည် တစ်ခုခု မှားနေပြီဟု ခံစားလိုက်ရပြီး လင်းရှင်ထံ ဗီဒီယိုဖုန်း လှမ်းခေါ်သည်။ သူ့ဖုန်းက (၂) ခါ မြည်ခဲ့သော်လည်း ဖုန်းကိုင်ခြင်း မရှိပေ။

"သင်ခေါ်ဆိုနေသော ဖုန်းသည် ဆက်သွယ်၍ မရပါ။ ကျေးဇူးပြု၍ အသံမက်ဆေ့ ချန်ထားခဲ့နိုင်တယ်"

"အိုး မဟုတ်ဘူး"

လင်းရှင်သည် သူ့ဖုန်းကို မည်သည့်အခါမှ မကိုင်ပဲ မနေတတ်ချေ။

လင်းရှင်အခန်းကို အမြန်ပြေးသွားပြီး တံခါးကို အဆက်မပြတ် ခေါက်နေသည်။ (၁၁) ကြိမ်ခန့် အော်ခေါ်ခဲ့သော်လည်း မည်သူမျှ တံခါးမဖွင့်ပေးပေ။

လေသာဆောင်သို့ ပြေးသွားပြီး လှျောတိုက်တံခါးကို ရိုက်ခွဲလိုက်သည်။

လူတော်တော်များများက လင်းဟွမ်၏ အပြုအမူကို သတိထားလိုက်မိပြီး လူတစ်ယောက်က ဝန်ထမ်းများထံ သတင်းပို့လိုက်သည်။

သို့သော် လင်းဟွမ်က ဂရုမစိုက်နိုင်ပေ။

လင်းရှင်၏ အခန်းထဲတွင် လိုက်ပတ်ပြီး ရှာကြည့်ခဲ့သော်လည်း သူမကို ရှာမတွေ့ခဲ့ပေ။ သူမ၏အခန်းထဲတွင် တိုက်ခိုက်ခဲ့သော အရိပ်အယောင် မတွေ့ရချေ။ သဲလွန်စကို

တတ်နိုင်သမျှ ရှာချင်သောကြောင့် လင်းရှင်ကဲ့သို့ ခဏမျှ တွေးကြည့်လိုက်သည်။ သူမသည် ဧည့်ခန်းထဲရှိ ဆိုဖာပေါ်တွင် အချိန် အများစု ကုန်ဆုံးခဲ့ကြောင်း သူသိလိုက်သည်။ ဒါသည် သူမ ဂိမ်းကစားရာနေရာ ဖြစ်နိုင်သည်။

ထို့နောက် လင်းဟွမ်သည်သူမ၏ အနံ့နောက်သို့ အနံ့ခံကာ အခန်းအပြင်ဘက်ရှိ လွင့်မျော ခါတ်လှေကားသို့ ပြေးသွားလိုက်သည်။

ခါတ်လှေကား အဝင်ဝသို့ ရောက်သောအခါ တံခါးသည် အလိုလို ပွင့်လာပြီး ယူနီဖောင်း

ဝတ်ထားသော ဝန်ထမ်း တော်တော်များများက သူ့ကို ဝိုင်းထားလိုက်သည်။

"ဆာ၊ မင်းက အခန်း (၁၅၆) မှာနေတဲ့ ဧည့်သည်လား။ မင်းက အခန်း (၁၅၇) ထဲကို ဝင်သွားတယ်လို့ တစ်ယောက်ယောက်က ငါတို့ကို တိုင်ထားတယ်။ တခြားခရီးသည်ရဲ့ လုံခြုံရေးအတွက် ကျေးဇူးပြုပြီး ငါတို့နဲ့ လိုက်ခဲ့ပေးပါ"

ထိုခေါင်းဆောင်၏ မျက်နှာ အမူအရာသည် ရန်လိုခြင်းများ ပြည့်နှက်နေသည်။

"ငါက အခန်း (၁၅၆) မှာနေတယ်။ ဒါပေမယ့် အဲဒီအခန်းထဲမှာ နေတဲ့လူက ငါ့ညီမပဲ။ လက်မှတ် ပြနိုင်တယ်"

လင်းဟွမ်က လက်မှတ်ကို ရှာနေရင်း ပြောလိုက်သည်။

"ပျက်စီးသွားတဲ့ ပစ္စည်းရဲ့ တန်ဖိုးက ဘယ်လောက်ရှိလဲ သိပါရစေ။ ငါလျော်ပေးမယ်။ ငါ့ညီမက ဒီအာကာသယာဉ်ထဲမှာ ပျောက်နေလို့ ငါလိုက်ရှာနေတာ ကျေးဇူးပြုပြီး လမ်းဖယ်ပေးပါ"

ခေါင်းဆောင်သည် လက်မှတ်ကို စစ်ဆေးပြီးနောက် စစ်မှန်ကြောင်း သေချာသည့်ကို တွေ့လိုက်လျှင် သူက မေးလိုက်သည်။

"ပျောက်နေတယ်ဆိုတာ သေချာလား"

"သေချာတယ်။ ကျေးဇူးပြုပြီး ငါ့အတွက် စောင့်ကြည့်ရေး ကင်မရာကို တစ်ချက်လောက် ကြည့်ပေးနိုင်မလား။ တစ်ခုခု ထူးရင် အကြောင်းကြားပေးပါ"

"အောက်ထပ်ကို ဆင်းကြည့် လိုက်အုံးမယ်"

လင်းဟွမ်သည် အချိန် မဖြုန်းနိုင်ပေ။

“သူမကို နောက်ဆုံး ဘယ်မှာတွေ့ခဲ့လဲ။ နောက်ဆုံး တွေ့ခဲ့တဲ့အချိန်က ဘယ်အချိန်လဲ”

ခေါင်းဆောင်က မေးလိုက်သည်။

“နေ့လည်စာ စားပြီး (၁၂) နာရီခွဲလောက်က ငါတို့တွေ ကိုယ့်အခန်းထဲကိုယ် ပြန်သွားကြတယ်”

“မင်းတို့ (၂) ယောက်က စောင့်ကြည့်ရေး အခန်းကိုသွား၊ ကျန်တဲ့လူက ငါနဲ့လိုက်ခဲ့”

ခေါင်းဆောင်က သူ့လူများကို ချက်ချင်း ညွှန်ကြားလိုက်သည်။

လင်းဟွမ်သည် သူတို့၏ အကူအညီအတွက် ကျေးဇူးတင်မိသည်။

လင်းရှင်၏ အနံ့နောက်သို့ လိုက်သွားရင်း ပထမအထပ်ရှိ ဘားကို ရောက်သွားပြီးနောက် အနံ့အသက်က ရုတ်တရက် ပျောက်ကွယ်သွားသည်။

လင်းဟွမ်သည် အစိမ်းရင့်ရောင် လေသန့်စင် ဇကာတစ်ခု ရှိနေကြောင်း သတိထားလိုက်မိသည်။ ဘား ကောင်တာ နောက်ဘက်ရှိ

လက်ဆေးကန်နောက်တွင် နံရံကပ် ဇကာသည် လေထဲမှ အနံ့အသက်ဆိုးများကို စုပ်ယူနေသည်။

"သူဌေး၊ ဒီကောင်မလေးကို တွေ့ဖူးလား"

လင်းဟွမ်သည် ဘားကောင်တာတွင် ရှိနေသော သူဌေးကို လင်းရှင်၏ဓာတ်ပုံ ပြလိုက်သည်။

"လွန်ခဲ့တဲ့ တစ်နာရီက ရောက်လာခဲ့တယ်။ ဒါပေမဲ့ တစ်မိနစ်တောင် မပြည့်ဘူး ပြန်ထွက်သွားတယ်"

ဘားပိုင်ရှင်က လက်ခါပြီး ပြောလိုက်သည်။

"ငါတို့မှာ ပျားရည်ကော်ဖီ ရောင်းလားလို့ သူမက လာ မေးတယ်။ ဘာဖြစ်လို့ ငါတို့ဘားကို ကော်ဖီ ရောင်းတယ်လို့ ထင်နေရတာလဲ"

"သူမက ဒီမှာ တစ်ယောက်ယောက်နဲ့ စကားပြောခဲ့သေးလား"

လင်းဟွမ်သည် ပို၍ စိုးရိမ်လာသည်။

"မပြောခဲ့ဘူး။ ကိုးနာရီ မထိုးခင်ဆို ဖောက်သည် မရှိသလောက်ပဲ။ ထိုအမျိုးသမီးသည် မေးခွန်းများကို ဖြေပြီးနောက် ထွက်သွားသည်။

"ဒီက စောင့်ကြည့်ရေးကင်မရာ ရှိလား။ ငါ ကြည့်ပါရစေ"

လင်းဟွမ်သည် တစ်နှစ် တန်ဖိုးရှိသော ကံကြမ္မာ သလင်းကျောက်ကို ကောင်တာပေါ် တင်ပေး လိုက်သည်။

"ငါ လက်ခံချင်တယ်။ ဒါပေမယ့် ငါ့မှာရှိတဲ့ စောင့်ကြည့်ရေး ကင်မရာက တော်တော်လေး ဟောင်းနေပြီ။ အနှစ် (၂၀) လောက် ရှိနေပြီ။ ဒါကြောင့် လူများတဲ့ ညဘက်ရောက်မှ ဖွင့်လေ့ ရှိတယ်။ နေ့ခင်းဘက်မှာ ဖွင့်လေ့မရှိဘူး"

သူဌေးက ပြန်ပြောသည်။

“တကယ်လို့ မင်းမယုံရင် မင်းကိုယ်တိုင် ရှာကြည့်လို့ ရတယ်”

လင်းဟွမ်သည် ဘားပိုင်ရှင်ပြောသည့် စကားကို ယုံကြည်သော်လည်း ဘားပိုင်ရှင်ထံ ကံကြမ္မာ သလင်းကျောက်ကို တွန်းပေးလိုက်သည်။ ထို့နောက် ကင်မရာနားသို့ ကပ်သွားပြီး တစ်ညလုံး မှတ်တမ်းတင်ထားသော ဗီဒီယို ဖိုင်များကို ကြည့်လိုက်သည်။ စိတ်မပျက်သွားစေရန် ကိုယ်ကိုကိုယ် အားတင်းထားခဲ့သည်။

“ငါ မင်းကို ပြောခဲ့ပြီးပြီလေ။ ဒီကံကြမ္မာ သလင်းကျောက် မလိုချင်ဘူး”.

ဘားပိုင်ရှင်က ငြင်းသည်။

“ယူလိုက်ပါ”

လင်းဟွမ်က မရမက ပြောလိုက်သည်။

လင်းဟွမ်သည် ကောင်တာမှ ပြန်ထွက်လာသောအခါ ရှိခဲ့သော သဲလွန်စလည်း ပျောက်ဆုံးသွားခဲ့သည်။

လုံခြုံရေးဝန်ထမ်းများ၏ ဆက်သွယ်ရေးစက်က ရုတ်တရက် မြည်လာသည်။ ထိုဝန်ထမ်းသည် စကားတိုးတိုး ပြောပြီးနောက် လင်းဟွမ်ထံ ပြေးလာကာ

“ငါတို့ ခေါင်းဆောင်က ဗီဒီယိုဖိုင် တစ်ခုထဲမှာ တစ်ခုခု တွေ့ခဲ့တယ်လို့ ပြောတယ်”

“ဟုတ်လား။ ဒါဆို သွားရအောင်”

လင်းဟွမ်သည် သူတို့ (၂) ယောက်ကိုခေါ်ပြီး ဘားထဲမှ ချက်ချင်း ပြေးထွက်သွားသည်။

# အခန်း(၁၀၀) - လူပျောက်သွားသော ထူးဆန်းသည့် ဖြစ်ရပ်

အာကာသယာဉ်၏ စောင့်ကြည့်ရေး အခန်းသည် (၁၀၀) စတုရန်း မီတာခန့်ကျယ်ဝန်းပြီး စက်ဝိုင်းပုံစံရှိသော အလုပ်ခုံတစ်ခုက နေရာယူထားသည်။ စက်ခလုတ် (၂) ခုအပြင် လုပ်ငန်းခွင်နှင့် ချိတ်ဆက်ထားသော စောင့်ကြည့်ရေး ကိရိယာများ၊ ပရိုဂရမ်သလင်းကျောက်များ ရာနှင့်ချီပြီး ချိန်ဆက်ထားသည်။

ဗီဒီယိုထဲတွင် လူသွား စင်္ကြံတစ်ခုကို ပြသနေသည်။

လင်းဟွမ်သည် ရုံးခန်းထဲသို့ တတ်နိုင်သမျှ အမြန်ဆုံးရောက်အောင် အမြန် လျှောက်သွားသည်။ ချန်းဝေက ခတ္တရပ်သော ခလုတ်ကို နှိပ်ထားသည်။

ဗီဒီယိုထဲမှ မြင်ကွင်းသည် (၇) လွှာရှိ လူသွား စင်္ကြံဖြစ်ကြောင်း မှတ်မိလိုက်သည်။ နံရံတွင် ချိတ်ဆွဲထားသော မတူကွဲပြားသည့် ပုံများကို မှတ်မိသည်။

ဗီဒီယိုကို ဖွင့်ကြည့်ပြီး မိနစ်ဝက်ခန့် ကြာသောအခါ လင်းရှင်က သူမအခန်း၏တံခါးကို ဖွင့်လာသည်ကို လူတိုင်း မြင်လိုက်ရသည်။ သူမက လွင့်မျော ခတ်လေ့ကား အတိုင်း လျှောက်သွားသည်။ စောင့်ကြည့်ကင်မရာက သူမကို ခဏတာ ခြေရာခံမိသည်။

"ဒါက မင်းညီမ အခန်းထဲကနေ ညနေ (၅) နာရီ (၃)မိနစ် ထွက်သွားတာကိုပြတဲ့ ဗီဒီယိုပဲ"

ချန်းဝေက လင်းဟွမ်ကို ဒုတိယဗီဒီယို ပြသလိုက်သည်။

ထိုဒုတိယ ဗီဒီယိုထဲတွင် လင်းရှင်သည် ဓာတ်လှေကားထဲသို့ ဝင်သွားသည့်အချိန်မှ စပြသည်။

ဓါတ်လှေကားက လင်းရှင်ကို ပထမထပ်သို့ ခေါ်ဆောင်သွားသော အချိန်၌ ဓာတ်လှေကားထဲသို့ မည်သည့်လူမှ မဝင်ခဲ့ပေ။

“ဒီအချိန်က ညနေ (၅) နာရီ (၄) မိနစ်”

ချန်းဝေက ပြောလိုက်သည်။

သူမ ပထမထပ်သို့ ရောက်သောအခါ ပထမထပ်ရှိ စောင့်ကြည့်ရေး ကင်မရာ (၂) ခုတွင် သူမကို တွေ့လိုက်ရသည်။

ချန်းဝေက လင်းဟွမ်ကို ဗီဒီယိုဖိုင် နောက်တစ်ခု ထပ်ပြသည်။ ထိုဗီဒီယိုဖိုင်ထဲတွင် လင်းရှင်သည် ဓာတ်လှေကားထဲမှ ထွက်လာသည်။ တံခါးဝတွင် စောင့်နေသော လူအနည်းငယ် ရှိသည်။

သူတို့ထဲမှ တစ်ယောက်သည် ရုပ်အင်္ကျီအဖြူ ဝတ်ဆင်ထားသော အမျိုးသားတစ်ဦးဖြစ်ပြီး လင်းရှင် ထွက်ခွာသွားသည့် အချိန်၌ စိုက်ကြည့်နေခဲ့သည်။

လင်းဟွမ်သည် မျက်မှောင် ကြုတ်သွားပြီး ချန်းဝေကို မေးလိုက်သည်။

"ရုပ်အင်္ကျီ အဖြူဝတ်ထားတဲ့ အဲ့ဒီလူက ဘယ်အခန်းမှာ နေတာလဲ"

"သူက (၉) ထပ်မှာ နေတယ်။ ငါတို့ သိသလောက်တော့ သူက အန္တရာယ် ကင်းပါတယ်"

ချန်းဝေက လင်းဟွမ်ကို အာမခံလိုက်သည်။ လင်းဟွမ်သည် အလွန်အကျွံဖြစ်အောင် မတွေးတော့ဘဲ ဗီဒီယို နောက်တစ်ခုအကြောင်း မေးလိုက်သည်။

ဒါသည် တတိယမြောက် စောင့်ကြည့်ရေး ကင်မရာဖြစ်ပြီး ပထမထပ် ဘားအပြင်ဘက်တွင် ရှိသည်။ ချန်းဝေက ဗီဒီယို နောက်တစ်ခု ဖွင့်ပြသည်။

ဗီဒီယိုထဲတွင် ဘားအရှေ့၌ မတ်တပ်ရပ်ပြီး တွေးတောနေသည့် လင်းရှင်ကို မြင်လိုက်ရသည်။ နောက်ဆုံးတွင် သူမ ဝင်သွားခဲ့သည်။ သို့သော် ခဏအကြာ ပြန်ထွက်လာသည်။

"ဘားပိုင်ရှင်က မင်းကို မလိမ်ဘူးထင်တယ်။ တစ်မိနစ်တောင် မကြာဘူး ဘားထဲက

ပြန်ထွက်လာတယ်။ လင်းဟွမ်နှင့် အတူတူ ဘားကို သွားခဲ့သော ဝန်ထမ်းက မှတ်ချက်ချလိုက်သည်။

"ဒါဆို ဘားကထွက်ပြီး ဘယ်သွားတာလဲ"

လင်းဟွမ်က စိုးရိမ်ပူပန်နေသော စိတ်ဖြင့် မေးလိုက်သည်။

"ပထမအထပ်မှာ လမ်းလျှောက် နေတာကို ကင်မရာက ဖမ်းမိလိုက်တယ်။ ဒါပေမဲ့ ညနေ (၅) နာရီ (၄၀) လောက်မှာ စောင့်ကြည့်ရေး ကင်မရာ ဖမ်းလို့မရတဲ့ မျက်ကွယ်နေရာမှာ ပျောက်သွားတာပဲ"

နောက်ဆုံး ဗီဒီယိုဖိုင်သည် စတိုးဆိုင် (၂) ခု အကြား ကင်မရာမြင်ကွင်း ပိတ်ဆို့နေသော နေရာတွင် ရိုက်ကူးခဲ့ခြင်း ဖြစ်သည်။

လင်းဟွမ်သည် ဗီဒီယိုကို မိနစ်အနည်းငယ် ကြာအောင် ကြည့်နေခဲ့ပြီး မျှော်လင့်ချက်က လုံးဝ မရှိတော့ပေ။ လူအနည်းငယ်က ထိုနေရာကို အမှိုက်များ သယ်ပြီး သွားနေကြသည်။ ထို့နောက် ပြန်ထွက်လာသောအခါ အမှိုက်များ မပါလာကြတော့ပေ။

"အဲ့ဒီ မျက်ကွယ်နေရာမှာ အမှိုက်ပုံး ရှိတာလား"

"လူတွေက အမှိုက်ပုံးကို မခိုးဘူးထင်လို့ အဲ့ဒီနေရာမှာ စောင့်ကြည့်ရေးကင်မရာ မတပ်ထားမိဘူး။ ဒါက ငါတို့အမှားပဲ"

ချန်းဝေက ရှင်းပြသည်။

"ခဏနေအုံး။ အဲဒီဘက်ကို ခဏ ခဏ ကြည့်နေတဲ့ ကောင်မလေးတစ်ယောက် ရှိနေတယ်။ သူမက တစ်ခုခု တွေ့လို့လား"

လင်းဟွမ်သည် ကင်မရာ၏ မျက်နှာချင်းဆိုင် တစ်နေရာတွင် ထိုင်နေသော လင်းရှင်နှင့်

အသက်တူသည့် ကောင်မလေး တစ်ယောက်ကို လက်ညှိုး ထိုးပြလိုက်သည်။

သူမက ကျစ်ဆံမြီးကျစ်ထားပြီး ခုံတန်းပေါ်တွင် ထိုင်နေသည်။ ကောင်မလေးက လက်ထဲတွင် သောက်စရာတစ်ခု ကိုင်ပြီး သောက်နေသည်။

လင်းဟွမ်က ဗီဒီယိုကို ဆက်ဖွင့်ထားခဲ့သည်။ (၁၀)မိနစ်ခန့် ကြာသောအခါ ကောင်မလေးသည် ခွက်ကို အမှိုက်ပုံးထဲထည့်ပြီး ချက်ချင်း ပြန်ထွက်လာသည်။

"ငါ့ကို အဲ့ဒီနေရာ ခေါ်သွားပေး"

လင်းဟွမ်က ပြောလိုက်သည်။

"နောက်ပြီးတော့ ဒီဗီဒီယိုထဲက ကောင်မလေးကိုလည်း ငါ့အတွက်ခေါ်ပေးပါ။ သူမနဲ့ စကားပြောချင်တယ်"

"ရပါတယ်။ သဲလွန်စကလည်း အများကြီးမရှိဘူး။ သူမဆီ ငါတို့လိုက်ပို့ပေးမယ်"

ချန်းဝေက လင်းဟွမ်နှင့် သဘောတူလိုက်သည်။

မိနစ်အနည်းငယ် ကြာပြီးနောက် လုံခြုံရေး ဝန်ထမ်း (၂) ဦးက လင်းဟွမ်ကို နောက်ဆုံး ပျောက်သွားသောနေရာသို့ ခေါ်ဆောင် သွားခဲ့သည်။

ယခုတစ်ကြိမ်တွင် လင်းဟွမ်သည် သွေးမုဆိုးစွမ်းရည် သာမက အကန့်အသတ်မဲ့ အမြင်အာရုံကိုလည်း တစ်ပြိုင်နက် အသက် သွင်းလိုက်သည်။ အနံ့ခံနိုင်စွမ်းကို မြှင့်တင်လိုက်သည်။

လင်းဟွမ်၏ မျက်လုံးများသည် တောက်ပလာပြီး သိန်းငှက် မျက်လုံးများကဲ့သို့ ပယင်းရောင်

ပြောင်းသွားသည်။ သို့သော်လည်း မည်သည့် အနံ့အသက်ကိုမှ မရပေ။

အစိမ်းရောင် အမှိုက်ပုံး (၂) ပုံးသည် လူခန္ဓာကိုယ် တစ်ဝက်ခန့်ရှိပြီး အထဲတွင် အမှိုက်များ ပြည့်နေသည်။ အမှိုက်ပုံး၏ဘေးတွင် လင်းရှင်၏အနံ့ ပျောက်ကွယ်သွားသည်။ သူမ၏အနံ့က ထိုနေရာတွင် ရုတ်တရက် ချက်ချင်း ပျောက်ကွယ်သွားခြင်း ဖြစ်သည်။ ဘားတွင် ရှိနေသောအချိန်ကဲ့သို့ မှေးမှိန်သွားသော အနံ့နှင့် မတူပေ။

လင်းဟွမ်သည် မျက်မှောင်ကြုတ်လိုက်ကာ အကန့်အသတ်မဲ့ အမြင်အာရုံကို အသုံးပြုပြီး ပတ်ဝန်းကျင်အား လှည့်ပတ် စစ်ဆေးကြည့်သည်။ သူဘာတွေ လွဲသွားလလဲဆိုသည်ကို စဥ်းစားနေစဥ် ခပ်ဝဝ အမျိုးသမီး တစ်ယောက်သည် အမှိုက်အိတ်နှင့်အတူ ရောက်လာသည်။

သူမသည် အနီးအနားရှိဆိုင်မှ ဖြစ်ပုံရသည်။

အမှိုက်ပုံထဲတွင် အမှိုက်များ ပြည့်နေသဖြင့် သူမက စိတ်တိုနေသည်။

"ဒီနေ့မှပဲ အမှိုက်ကို တခါတည်းထည့်မယ်လို့ စဥ်းစားထားတယ်။ ဘာဖြစ်လို့ အမှိုက်ပုံးက (၂) ပုံးပဲ ကျန်တော့တာလဲ။ အမှိုက်ပုံးထဲ အမှိုက်တွေ ဒီလောက်ပြည့်နေတာ မြင်မကောင်းဘူး"

"အစ်မ၊ ငါတို့က လုံခြုံရေး ဝန်ထမ်းတွေပါ။ အဲဒီကိစ္စအတွက် ငါတို့ ဘာလုပ်ပေးရမလဲ"

လုံခြုံရေး ဝန်ထမ်းများထဲမှ တစ်ယောက်က ပြောလိုက်သည်။

"ဒါဆို ငါက ဘယ်သူနဲ့ ပြောရမှာလဲ"

ထိုအမျိုးသမီးက ထိုလုံခြုံရေး ဝန်ထမ်းကို စကားဆုံးအောင် ပြောခွင့်မပေးဘဲ စကားဖြတ်ပြီး ပြောလိုက်သည်။

လင်းဟွမ်သည် သူတို့ စကားထဲမှ အကြောင်းအရာတစ်ခုကို ကြားလျှင် စကားဖြတ်ပြီး လှမ်းမေးသည်။

"အစ်မ အမှိုက်ပုံး (၃) ပုံးရှိတယ်လို့ မင်း ပြောတယ်နော်"

"ညနေ (၅)နာရီ (၄၀) လောက်က ထင်တယ်။ ငါညစာစားပြီးတော့ အမှိုက်လာ ပစ်သေးတယ်။

အခုတော့ မရှိတော့ဘူး ကြားထဲမှာ နာရီဝက်လောက်ပဲကွာသေးတယ်။ ထူးဆန်းတယ်။ အမှိုက်ပုံး ခိုးတဲ့လူရှိလို့လား”

သူမ ပြောလိုက်သည့်အချိန်သည် လင်းရှင် ပျောက်ဆုံးသွားသောအချိန်နှင့် တိုက်ဆိုင်နေသည်။

“အစ်မ ဒီနေရာမှာ အသက် (၁၃) နှစ်၊ (၁၄) နှစ်အရွယ် ကောင်မလေး တစ်ယောက်ကို တွေ့မိသေးလား”

လင်းဟွမ်က မေးလိုက်သည်။

“ကလေးတွေက နေ့တိုင်း တွေ့နေရတော့ ဘယ်လိုမှတ်မိမှာလဲ”

ခပ်ဝဝ မိန်းမက မျက်စောင်းထိုးပြီး ပြန်ပြောသည်။

သူမသည် ထွက်သွားရန် လုပ်လိုက်ပြီးမှ ရုတ်တရက် ပြန်လှည့်ကာ ပြောလိုက်သည်။

“မင်း ပြောတဲ့ ကောင်မလေးအကြောင်း ငါသိတယ်။ နေ့ခင်းဘက်တုန်းက ဟိုနေရာမှာ ထိုင်နေပြီး တစ်ခုခု သောက်နေတဲ့ ကျစ်ဆံမြီးနဲ့ ကောင်မလေးကို သတိရမိတယ်”

ခပ်ဝဝ အမျိုးသမီးသည် ဗီဒီယိုထဲတွင် ကျစ်ဆံမြီးနှင့် ကောင်မလေး ထိုင်ခဲ့သောနေရာသို့ လက်ညှိုးထိုးပြီး ပြောလိုက်သည်။

"ကျေးဇူးတင်ပါတယ်၊ အစ်မ"

## အခန်း(၁၀၁) – ပျောက်သွားသော အမှိုက်ပုံး။

လင်းဟွမ်သည် ယခုလက်ရှိ သူ့လက်ထဲတွင် ရှိနေသည့် တစ်ခုတည်းသော သဲလွန်စသည် ပျောက်သွားသော အမှိုက်ပုံးသာ ဖြစ်ကြောင်း တွေးလိုက်မိသည်။

"တတိယ အမှိုက်ပုံးက လင်းရှင်နဲ့အတူတူ ပျောက်သွားတယ်။ အမှိုက်ပုံးကို တွေ့ရင် လင်းရှင်ကိုလည်း တွေ့နိုင်တယ်."

လင်းဟွမ်က လုံခြုံရေးဝန်ထမ်းများကို သူတို့၏ခေါင်းဆောင် ချန်းဝေနှင့် ဆက်သွယ် ခိုင်းလိုက်သည်။

“မစ္စတာလင်း၊ ကျစ်ဆံမြီးရှိတဲ့ မိန်းကလေးရဲ့ အခန်းနံပါတ်ကို ငါတို့ရထားပြီ။ သူမက (၉) ထပ်မြောက် အခန်းနံပါတ် (၃၂၁)မှာ နေတယ်။ မိန်းကလေးရဲ့အဖေကို ဆက်သွယ်ပြီး အခန်းထဲမှာ စောင့်ခိုင်းထားတယ်။ အခု သွားလို့ရပြီ”

ချန်းဝေသည် ဖုန်းကိုင်လိုက်သည်နှင့် ဤသတင်းကို ချက်ချင်း ပြောလာသည်။

"ငါတို့ အဲ့ဒီကိစ္စကို ခဏ ရပ်ထားမယ်။ နောက်ထပ်သဲလွန်စ တစ်ခုရတယ်။ ညနေ (၅) နာရီ မိနစ် (၄၀) ဝန်းကျင်လောက်မှာ အမှိုက်ပုံး (၃) ပုံးရှိတယ်လို့ အနီးအနား စတိုးဆိုင်က အုပ်ချုပ်သူ အမျိုးသမီးတစ်ယောက်က ပြောတယ်။ အခုတော့ အမှိုက်ပုံးက (၂) ပုံးပဲရှိတော့တယ်။ အမှိုက်ပုံး ပျောက်သွားတဲ့အချိန်က ညီမလေးပျောက်သွားတဲ့ အချိန်နဲ့ တိုက်ဆိုင်နေတယ်။ အဲ့ဒီတော့ အမှိုက်ပုံး ယူသွားတဲ့လူက ညီမလေးကို ဖမ်းသွားတဲ့လူလို့ သံသယရှိတယ်.."

လင်းဟွမ်က သူ၏အယူအဆအား ချန်းဝေကို ပြောလိုက်သည်။

"ညနေ (၅) နာရီ မိနစ် (၄၀) လောက်မှာ ရိုက်ထားတဲ့ ဗီဒီယိုကိုကြည့်ဖို့ အခုပဲလာခဲ့.."

"ဟုတ်ပြီ။ နောက်ထပ် သဲလွန်စရဖို့ ငါ့ရဲ့ လုပ်ဖော်ကိုင်ဖက် နှစ်ယောက်ကိုလည်း အဲ့ဒီနေရာမှာ ထားလိုက်မယ်"

ချန်းဝေက ခေါင်းညိတ်လိုက်သည်။

လင်းဟွမ်သည် ဖုန်းချပြီးသည်နှင့် စောင့်ကြည့်ရေးအခန်းသို့ ပြေးသွားသည်။

ချန်းဝေသည် လင်းဟွမ်၏ တောင်းဆိုချက်အရ ဗီဒီယိုကို ခေတ္တရပ်ထားသည်။ ထို့နောက် လင်းဟွမ် ရောက်လာသောအခါ ဗီဒီယိုကို ဖွင့်ပြလိုက်သည်။

လင်းရှင် အမှိုက်ပုံးနားကို ဖြတ်သွားသည့်အချိန်မှ လင်းဟွမ်နှင့် အခြားနှစ်ယောက် ရောက်လာသည့် အချိန်အထိ ဗီဒီယိုကို ပြသလိုက်သည်။

ဗီဒီယိုထဲတွင် ပါဝင်သော အကြောင်းအရာများကို ကြည့်ပြီးနောက် လူတိုင်း စိတ်ရှုပ်သွားကြသည်။

“ အမှိုက်ပုံးသယ် သွားတဲ့လူ မရှိဘူးလား”

လင်းဟွမ် မျက်မှောင် ကြုတ်သွားသည်။ ဒါသည် ထူးဆန်းနေသည်။

လင်းဟွမ်သည် ပျောက်ဆုံးသွားသော အမှိုက်ပုံးထဲတွင် သူ့ညီမကိုထည့်ပြီး သယ်သွားခြင်း ဖြစ်လိမ့်မည်ဟု တွေးနေခဲ့သည်။ မွန်းစတားကို ထိန်းချုပ်သည့် တံဆိပ်မှလွဲ၍ သက်ရှိပစ္စည်းများကို ထည့်နိုင်သော သိုလှောင်ရာ နေရာလွတ်ပစ္စည်း တစ်ခုမှမရှိသည့်အပြင် မွန်းစတားကို ထိန်းချုပ်သော

တံဆိပ်သည် လူသားများအပေါ်တွင် အလုပ်မလုပ်ပေ။

လင်းဟွမ်သည် ခေါင်းခါလိုက်သည်။

"နောက်ပြီးတော့ အမှိုက်တွေ ပြည့်နေတဲ့ အမှိုက်ပုံးကို ဘယ်သူက တမင်သက်သက် ခိုးမှာလဲ.."

"ဒါဆို အခု ငါတို့ ဘာလုပ်ကြမလဲ.."

ချန်းဝေလည်း လင်းဟွမ်ကဲ့သို့ ကူကယ်ရာမဲ့နေသည်။

"ဖြစ်နိုင်ချေနှစ်ခုပဲ ရှိတော့တယ်။ စောစောက တွေ့ခဲ့တဲ့ အမျိုးသမီးက ငါတို့ကို အာရုံပြောင်းသွားအောင် လိမ်တာလဲ ဖြစ်နိုင်တယ်။ နောက်ထပ် ဖြစ်နိုင်ချေတစ်ခုက ကင်မရာ မျက်ကွယ်နေရာမှာ ရှိနေတဲ့ တတိယမြောက် အမှိုက်ပုံးပဲ"

"တတိယ အမှိုက်ပုံးကို မင်းက သံသယ ရှိတယ်ဆိုရင် ငါ့ရဲ့လူနှစ်ယောက်ကို တစ်ခြားဆိုင်တွေ လိုက်မေးခိုင်းလိုက်မယ်။ မင်းညီမ ပျောက်သွားတဲ့ အချိန်မှာ လူတချို့က အမှိုက်ကို ပစ်ခဲ့သေးတယ်.."

“ကျေးဇူးပြုပြီး ဆက်သွယ်ပေးပါ။ ခပ်ဝဝ အမျိုးသမီးက ဘယ်လို စီးပွားရေး လုပ်တာလဲ..”

လင်းဟွမ်က မေးလိုက်သည်။

“ခပ်ဝဝ အမျိုးသမီးက ငါတို့နဲ့ အတူနေလာတာ (၂၆) နှစ်ရှိနေပြီ။ စီးကရက်နဲ့အရက် ရောင်းတယ်။ ကုမ္ပဏီတွေနဲ့ လက်မတွဲခင် ကတည်းက ဒီမှာ ရှိနေခဲ့တာပဲ။ လိမ်ပြောစရာအကြောင်း မရှိဘူး”

ချန်းဝေသည် ခပ်ဝဝ အမျိုးသမီးအကြောင်းကို ကောင်းကောင်းသိသည်။

"ဒါပေမယ့် သူမ မှတ်မိတဲ့ အမှိုက်ပုံး အရေအတွက်လည်း မှားနိုင်တာပဲ"

"ဒါလည်း ဖြစ်နိုင်တယ်။ ဒါဆို ကျန်တဲ့လူတွေ မေးကြည့်ရအောင်"

လင်းဟွမ်သည် ဒီကိစ္စက ရှုပ်ထွေးလာကြောင်း နားလည်လိုက်သည်။

ခဏအကြာ လုံခြုံရေး ဝန်ထမ်းနှစ်ယောက်သည် ထိုအနီးအနား တစ်ဝိုက်ရှိ ဆိုင်ရှင်အားလုံးကို မေးမြန်း၍ ပြီးသွားသည်။ ခပ်ဝဝ အမျိုးသမီးအပြင် တစ်ခြား ဆိုင်ရှင်များကလည်း

တတိယအမှိုက်ပုံးရှိကြောင်း တွေ့ခဲ့သည်ဟု ပြောဆိုကြသည်။

ချန်းဝေသည် ဗီဒီယိုထဲတွင် ပေါ်လာခဲ့သော ညှော်သည့် ခြောက်ယောက်ကို ဆက်သွယ်ခဲ့သည်။

သူတို့ထဲမှ (၃) ဦးသည် တတိယမြောက် အမှိုက်ပုံးကို တွေ့ခဲ့ပြီး ကျန်နှစ်ဦးက မရေမရာ ဖြစ်နေကာ တစ်ဦးက အမှိုက်ပုံးနှစ်ခုသာ ရှိကြောင်း ပြောဆိုခဲ့ကြသည်။

ကျစ်ဆံမြီးနှင့် မိန်းကလေးသည် လူခြောက်ယောက်ထဲမှ တစ်ယောက်ဖြစ်ပြီး အမှိုက်ပုံး မည်မျှရှိကြောင်း သူမ မမှတ်မိပေ။

"အခုလက်ရှိ မေးမြန်းထားတဲ့ အချက်အလက်တွေ အရတော့ မျက်ကွယ်နေရာမှာ တတိယမြောက် အမှိုက်ပုံးတစ်ခု ရှိခဲ့တယ်.."

လင်းဟွမ်သည် ကောက်ချက် ချလိုက်သည်။

"ညနေ (၅) နာရီ (၅၈) မိနစ်မှာ အမှိုက်ပုံး (၂) ပုံးပဲ ရှိတော့တယ်လို့ ညှော့သည်တစ်ယောက်က ပြောတယ်။ အဲ့ဒီညှော့သည်ရဲ့ အဖြေကလည်း

သေချာပုံရတယ်။ 'အမှိုက်ပုံး၂ခုထဲ အမှိုက်ထည့်ဖို့ ငါအချိန်တော်တော် ယူခဲ့ရတယ်.. ဒါကို ဘယ်လိုမေ့မှာလဲ..' တဲ့.."

"ဒါဆိုရင် အခုရှိတဲ့ တစ်ခုတည်းသော သဲလွန်စက ညနေ (၅) နာရီ မိနစ်(၄၀) နဲ့ (၅) နာရီ (၅၈) မိနစ် ကြားထဲမှာ အမှိုက်ပုံး ပျောက်သွားတာပဲ။ ဒါပေမယ့် မင်းညီမ ပျောက်သွားတဲ့ အချိန်ကလည်း ညနေ (၅) နာရီ (၄၂) မိနစ် နောက်ပြီးတော့ မင်းရောက်လာတဲ့ အချိန်က (၆) နာရီ (၂၃) မိနစ်၊ အဲ့ဒီကြားထဲမှာ ဘယ်သူမှ အမှိုက်မပစ်ဘူး"

ချန်းဝေသည် စောင့်ကြည့်ရေး ရုံးခန်းထဲတွင် အလုပ်ရှုပ်နေသည်။

"ငါ့ညီမကို ခေါ်သွားတဲ့လူက ငါတို့မသိတဲ့ နည်းလမ်းတစ်ခုခု သုံးခဲ့တာပဲ ဖြစ်လိမ့်မယ်။ သူက တတိယမြောက် အမှိုက်ပုံးနဲ့ ငါ့ညီမကို အတူတူ သယ်သွားတာ ဖြစ်လိမ့်မယ်"

လင်းဟွမ်သည် အယူအဆ အမျိုးမျိုးကို စတင် စဉ်းစားသည်။

"ငါတို့မှာ သဲလွန်စ မရှိဘူးလေ"

ချန်းဝေသည် ခေါင်းခါရင်း သက်ပြင်းချလိုက်သည်။

"ဒါဆိုလည်း (၉) ထပ်မြောက်က ကျစ်ဆံမြီးနဲ့ ကောင်မလေးဆီ သွားပြီး စကားပြောကြည့်ရအောင်.."

လင်းဟွမ်က လက်မလျှော့ပေ။

ချန်းဝေက ကောင်မလေး၏ အဖေထံ ဖုန်းဆက်ပြီး လာရောက်လည်ပတ်မည့် အချိန်ကို အတည်ပြုလိုက်သည်။ ဖုန်းချပြီးနောက်

လင်းပျှမ်းနှင့်အတူ အာကာသယာဉ်၏ (၉) ထပ်မြောက်သို့ သွားကြသည်။

အခန်းတံခါးကို ခေါက်လိုက်သောအခါ ကျစ်ဆံမြီးနှင့် ကောင်မလေးက တံခါးဖွင့်ပေးသည်။

"ဖေဖေ။ ဧည့်သည်တွေ ရောက်နေတယ်"

ကောင်မလေးက ဆိုဖာပေါ်တွင် ထိုင်နေသော အမျိုးသားကို ကျယ်လောင်စွာ အော်ပြောလိုက်သည်။

ထိုလူက မတ်တပ်ထရပ်ပြီး သူတို့ကို ပြုံးပြသည်။

"ကျေးဇူးပြုပြီး ဝင်လာကြပါ.."

ထိုလူသည် လွင့်မျော ခါတ်လှေကား ဝင်ပေါက်တွင် လင်းရှင်ကို စောင့်ကြည့်ခဲ့သော အဖြူရောင် ရှပ်အင်္ကျီ ဝတ်ထားသည့် အမျိုးသားဖြစ်ကြောင်း ရိပ်မိလိုက်သည်။ ထိုယောကျ်ားထံတွင် လင်းရှင်နှင့် အသက်တူသော သမီးတစ်ယောက် ရှိနေကြောင်း သိလိုက်ရပြီး မိဘတစ်ယောက်အနေနှင့် ကိုယ်သမီးနှင့် အသက်အရွယ်တူသော အပြင်လူ တစ်ယောက်ကို ကြည့်ခြင်းသည် ပုံမှန်သာ ဖြစ်ကြောင်း တွေးလိုက်မိသည်။

"လီလီ၊ လက်ဖက်ရည်ယူခဲ့.."

အမျိုးသားက ကောင်မလေးကို ပြောလိုက်သည်။

"ကောင်းပြီ ဖေဖေ.."

ကောင်မလေးက မီးဖိုခန်း ဘက်သို့ ပြေးသွားသည်။

"ကျေးဇူးပြုပြီး ထိုင်ပါ။ ငါတို့က အကောင်းဆုံး ပူးပေါင်း ဆောင်ရွက်ပေးပါ့မယ်"

ထိုလူက ပြုံးပြီးပြောသည်။

"လက်ဖက်ရည် မသောက်တော့ဘူး မစ္စတာဝေ။ ငါတို့က မင်းရဲ့သမီးနဲ့ စကားပြောဖို့ လာခဲ့တာပဲ။ သိပ်ကြာကြာနေမှာ မဟုတ်ဘူး.."

ချန်းဝေက ထိုလူနှင့် စကားပြောနေစဉ် လင်းဟွမ်က ဘေးမှ စောင့်ကြည့်နေခဲ့သည်။ ဤမစ္စတာဝေသည် အသက် ၄၀ ဝန်းကျင်ရှိပုံရသည်။ အရပ်က ၁.၈၅ မီတာခန့်ရှိပြီး ဖြူစင်သော အသားအရေနှင့် ဖက်ရှင်ကျသော အဖြူရောင် အင်္ကျီကို ဝတ်ဆင်ထားဆဲ ဖြစ်သည်။ ရွှေဘောင်

ကွပ်ထားသော မျက်မှန်ကို ဝတ်ဆင်ထားပြီး စတိုင်လ်ကျသော အမျိုးသားတစ်ယောက် ဖြစ်သည်။

“အပြစ်မရှိဘူး ဆိုပေမဲ့ မင်းက ဘာဖြစ်လို့ ဒီအလုပ်အကိုင်ကို လုပ်လဲဆိုတာ ငါတို့ သိလို့ ရနိုင်မလား မစ္စတာဝေ”

လင်းဟွမ်က မေးလိုက်သည်။

“ငါက ဆရာတစ်ယောက်ပါ။ နောက်ပြီးတော့ ငါ့မှာ ကိုယ်ပိုင်လုပ်ငန်း ရှိတယ်”

မစ္စတာဝေက လင်းဟွမ်ကို ပြန်ပြောလိုက်သည်။

"ဘာကြောင့် အသက်မွေးဝမ်းကြောင်း အလုပ် ပြောင်းလိုက်တာလဲ"

ချန်းဝေက စပ်စုသည်။

"ကံမကောင်းစွာပဲ လစာ အရမ်းနည်းတယ်လေ"

မစ္စတာဝေက ရယ်မောပြီး ပြန်ပြောလိုက်သည်။

"မင်း မှန်တယ်။ မင်းမှာ ဇနီးနဲ့ကလေး ရှိလာတဲ့ အချိန်ကျရင် ခက်ခဲလာလိမ့်မယ်"

ချန်းဝေသည် မစ္စတာဝေနှင့် သက်တူရွယ်တူ ရှိသောကြောင့် ကိုယ်ချင်း စာပေးနိုင်သည်။

"မင်းက ဒီမှာ မင်းရဲ့သမီး တစ်ယောက်တည်းနဲ့ နေတာလား။ မင်းမိန်းမ မပါဘူးလား"

လင်းဟွမ်က မေးလိုက်သည်။

"ငါ့မိန်းမ ဆုံးသွားတာ နှစ်ပေါင်း တော်တော်ကြာနေပြီ။ အခု ငါ့မှာ သမီးတစ်ယောက်ပဲ ရှိတော့တယ်"

မစ္စတာဝေက ခေါင်းခါပြီး ပြောလိုက်သည်။

"ကြားရတာ စိတ်မကောင်းပါဘူး.."

လင်းဟွမ်သည် ထိုအဖြေကို မမျှော်လင့်ခဲ့ပေ။

"စိတ်မပူပါနဲ့။ တော်တော်လေးတောင် ကြာသွားခဲ့ပါပြီ"

မစ္စတာဝေက လက်ခါပြပြီး ပြောလိုက်သည်။

လင်းဟွမ်သည် ဘယ်ဘက် လက်သူကြွယ်ပေါ်ရှိ အစိမ်းရောင် ကျောက်မျက် ရတနာတစ်ခုကို သတိထားမိသော်လည်း နောက်ထပ် မမေးတော့ပေ။

ခဏကြာသောအခါ ကျစ်ဆံမြီးနှင့် မိန်းကလေးက လက်ဖက်ရည်ခွက်များ နှင့်အတူ ပြန်ရောက်လာသည်။

"ဖေဖေ.. လက်ဖက်ရည် ယူလာပြီ.."

"ကောင်းပြီ။ ညှော်သည်တွေကို ချပေးလိုက်"

မစ္စတာဝေက ခေါင်းညိတ်ပြီး ပြန်ပြောလိုက်သည်။

ကောင်မလေးက ကော်ဖီခွက်များကို စားပွဲပေါ် တင်လိုက်ပြီး လူတိုင်းအတွက် ကော်ဖီခွက်များ ကမ်းပေးသည်။

ထို့နောက် သူမက မစ္စတာဝေထံ လျှောက်သွားသည်။

"လီလီ ထိုင်"

မစ္စတာဝေက ပေါင်ပေါ်တွင် ထိုင်ခိုင်းလိုက်သည်။ လီလီသည် စကားတစ်ခွန်းမှ မပြောဘဲ နာခံမှုရှိစွာ ငြိမ်ငြိမ်လေး ထိုင်နေသည်။

“ဒါက မိန်းမကောင်းလေးပဲ။ ငါ့သမီးနဲ့ အသက်တူတူလောက်ပဲ ရှိမယ်”

ချန်းဝေက ဝန်ခံလိုက်သည်။

“ငါက ဆရာလုပ်ခဲ့ဖူးတော့ သူ့ကိုလည်း လေ့ကျင့်ပေးခဲ့တယ်လေ။ သမီးလေးက ဒီလို ဖြစ်လာတော့ ပိုတောင် ဝမ်းသာမိပါသေးတယ်။ ငါလည်း လေ့ကျင့်ပေးနိုင်တာပေါ့”

မစ္စတာဝေက စိတ်အား ထက်သန်နေပုံရသည်။

"ဒါက အရမ်း ကရိကထ များတယ်.."

ချန်းဝေက ရှက်သွားသည်။

"ဘာမှ ကရိကထ မများပါဘူး။ ငါ့မှာက အချိန်ပိုတွေ များနေတယ်လေ။ သူမနဲ့ စာတူတူကျက်ပြီး သူမရဲ့ အမှုအကျင့်တွေကို သင်ပေးနေတယ်"

ထို့နောက် မစ္စတာဝေက သူတို့ ရောက်လာရသော အကြောင်းအရင်းနှင့် ပတ်သက်၍ မေးလိုက်သည်။

"မင်းတို့ ဘာလို့ ဒီကိုရောက်လာလဲ။ မေ့မလိုတောင် ဖြစ်နေပြီ။ ကဲ.. ကျေးဇူးပြုပြီး လီလီနဲ့ စကားပြောလိုက်ပါ.."

"ဖေဖေ.."

လီလီသည် ရှက်သွားပုံရသည်။

ဤလူများက သူမအတွက် ရောက်လာကြောင်း ယခုမှ သိလိုက်သဖြင့် ရှက်သွားပြီး မစ္စတာဝေ၏ ရင်ခွင်ထဲ ဝင်ပုန်းလိုက်သည်။

"စိတ်မပူပါနဲ့.. ငါတို့က မင်းကို မေးခွန်း(၄) ခုပဲ မေးမယ်.."

မစ္စတာဝေက လီလီ၏ပခုံးကို ပုတ်လိုက်သည်။

"သမီးလေး မကြောက်နဲ့.."

"ငါတို့က အာကာသယာဉ်ပေါ်က လုံခြုံရေးအဖွဲ့တွေပါ။ အားလုံး ဘေးကင်းလုံခြုံအောင် သေချာအောင်လုပ်ဖို့ ဒီကို ရောက်လာကြတာပါ"

ချန်းဝေက ပြောလိုက်သည်။

"သူမက နည်းနည်းလေး ရှက်တတ်တယ်.."

မစ္စတာဝေက ခေါင်းညိတ်ပြပြီး ချန်းဝေကို ပြောလိုက်သည်။

ချန်းဝေက လင်းရှင်၏ခေါင်းပုံကို ထုတ်ပြပြီး ..

"ဒီမိန်းကလေးကို အရင်က မြင်ဖူးလား"

လီလီက မည်သည့်အမူအရာမှ မပြဘဲ ခေါင်းခါလိုက်သည်။ သူမနောက်တွင် ထိုင်နေသော မစ္စတာဝေက တစ်ချက် တွေဝေသွားပြီး..

"လွင့်မျောခတ်လှေကား အပေါက်ဝမှာ ဒီမိန်းကလေးကို တွေ့ဖူးတယ်။ ပြီးခဲ့တဲ့ တစ်နာရီ ကျော်လောက်ကပဲ ဘာဖြစ်လို့လဲ"

"ပျောက်နေလို့ပါ။ မင်းရဲ့သမီးက တစ်ခုခု မြင်မိမယ်မျှော်လင့်လို့ လာမေးကြတာပါ"

ချန်းဝေက ရှင်းပြသည်။

"ပျောက်နေတာလား။ အာကာသယာဉ်ပေါ်မှာ စောင့်ကြည့်ရေး ကင်မရာ မရှိဘူးလား.."

မစ္စတာဝေက မျက်ခုံးပင့်လိုက်သည်။

"မျက်ကွယ်နေရာ (၂) နေရာ ရှိတယ်။ မိန်းကလေးက အဲဒီ မျက်ကွယ်နေရာမှာ ပျောက်သွားတယ်."

ချန်းဝေသည် ထိုသို့ပြောသည့် အချိန်၌ ရှက်နေသည်။

"ဒါဆိုရင် အမြန်ဆုံး ပြန်ရှာတွေ့ဖို့ ဆုတောင်းပါတယ်.."

မစ္စတာဝေက ဆက်မမေးတော့ပေ။

“သမီးလေးက ညနေ (၅) နာရီ မိနစ်(၄၀) တုန်းက ခုံပေါ်မှာ ထိုင်ပြီး တစ်ခုခု သောက်နေခဲ့တယ်လေ မှတ်မိလား”

ချန်းဝေက လီလို့ကို မေးလိုက်သည်။

လီလီက ခေါင်းညိတ်ပြသည်။

“အမှိုက်ပုံး ဘယ်နှစ်ပုံးရှိလဲ မှတ်မိလား”

လီလီက ခေါင်းခါပြီး ..

“မမှတ်မိဘူး.. နှစ်ခုလား.. .. သုံးခုလား.. .. ..”

မေးခွန်းအနည်းငယ် မေးပြီးနောက် လီလီသည် အဖြစ်အပျက်နှင့် ပတ်သက်၍ ဘာမှ မသိကြောင်း သိသာ ထင်ရှားနေသည်။

လင်းဟွမ်နှင့် ကျန်သည့် လူများသည် စိတ်ပျက်သွားသော အမူအရာများဖြင့် မစ္စတာဝေ၏ အခန်းထဲမှ ထွက်သွားကြသည်။

## အခန်း(၁၀၂) - တရားခံ ဘယ်သူလဲ..

လင်းဟွမ်တို့အဖွဲ့သည် မစ္စတာဝေ၏ အခန်းထဲမှ ထွက်လာပြီးနောက် လွင့်မျော ခတ်လေှကား ဘက်သို့ လျှောက်သွားကြသည်။ ထို့နောက် ခါတ်လှေကားထဲသို့ ဝင်သွားကြသည်။

ချန်းဝေသည် လင်းဟွမ်ကို မနေနိုင်ဘဲ မေးလိုက်သည်။

"အခု ငါတို့မှာ သဲလွန်စ မရှိတော့ဘူး။ ငါတို့တွေ ဘာလုပ်ကြမလဲ"

"ကျေးဇူးပြုပြီး ငါ့ဆီကို ဗီဒီယိုဖိုင်တွေ ပို့ပေးပါ။ စဉ်းစားဖို့ အချိန်တစ်ခုလိုတယ်။ ငါ အကူအညီလိုရင် ပြန် ဆက်သွယ်လိုက်ပါ့မယ်"

လင်းဟွမ်သည် ဓာတ်လှေကားထဲရှိ ခုနစ်လွှာခြောက် ခလုတ်ကို နှိပ်လိုက်သည်။ မကြာခင် ဓာတ်လှေကားသည် (၇) ထပ်သို့ ရောက်လာသည်။ ကျန်သည့်လူများက

ခါတ်လှေကားထဲတွင် ကျန်နေခဲ့ပြီး လင်းဟွမ်က ခါတ်လှေကားပေါ်မှ ဆင်းသွားသည်။

ချန်းဝေသည် ခေတ္တမျှ တုံ့ဆိုင်းသွားပြီးနောက် သူ့နောက်က လုံခြုံရေးဝန်ထမ်းကို လှမ်းပြောလိုက်သည်။

"မင်းက အခန်းထဲကထွက်ရင် မစ္စတာလင်းထံ ဗီဒီယိုဖိုင်တွေ ပို့ပေးလိုက်။ ငါက ကပ္ပတိန်ကို သွားတွေ့လိုက်မယ်.."

"ခေါင်းဆောင်.. ကပ္ပတိန်ကို တကယ် ပြောဖို့ လိုလို့လား"

လုံခြုံရေး ဝန်ထမ်းက စိုးရိမ်တကြီး လှမ်းကြည့်သည်။

"နတ်ဆိုး သလင်းကျောက် အာကာသယာဉ်ထဲမှာ လူတစ်ယောက် ပျောက်နေပြီ။ ဒါကို လူတွေ သိသွားရင် ငါတို့တွေ နာမည်ပျက်သွားလိမ့်မယ်။ တရားခံကို ဖမ်းမမိဘူးဆိုရင် ငါတို့ လုံခြုံရေးအဖွဲ့တွေမှာ အပြစ် ရှိသွားလိမ့်မယ်။ ငါတို့က အလုပ်ပြုတ်ရုံတင်မကဘူး လျော်ကြေးပါ ပေးရလိမ့်မယ်။ အခုချိန်မှာ ကပ္ပတိန့်ဆီ အကြောင်း

မကြားလို့ ပြဿနာပိုဆိုးလာရင် ငါတို့တွေ အကြီးအကျယ် ဒုက္ခရောက်လိမ့်မယ်..”

ချန်းဝေသည် အဖြစ်အပျက်က မည်မျှ ဆိုးရွားကြောင်း သိနေသဖြင့် တစ်စက္ကန့်ပင် အချိန် မဆိုင်းတော့ချေ။

“ငါ နားလည်ပြီ..”

လုံခြုံရေးဝန်ထမ်းက ခေါင်းညိတ်ပြီး စောင့်ကြည့်ရေးအခန်းသို့ အမြန် ပြန်ပြေးသွားသည်။

လေယာဉ်မှူး၏ အခန်းထဲတွင် အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားသော အသက် ၃၀ အရွယ် အမျိုးသမီးတစ်ယောက် ရှိနေသည်။ သူမ၏ မပေါ်တပေါ် အင်္ကျီ ဝတ်ဆင်ထားသောကြောင့် ပို၍ပင် ဆက်စီကျနေသည်။

ချန်းဝေသည် တံခါး ဖွင့်ထားသော်လည်း တံခါး ခေါက်လိုက်သည်။

ထိုအမျိုးသမီးက လှည့်ကြည့်ပြီး ချိုသာစွာ ပြုံးလိုက်ကာ ..

"အဖွဲ့ခေါင်းဆောင်ချန်း.. မင်း မလာတာတောင်ကြာနေပေါ့"

"ကပ္ပတိန်.. အာကာသယာဉ်ပေါ်မှာ တစ်ခုခုဖြစ်သွားပြီ.."

ချန်းဝေသည် သူမ၏ လှပသောမျက်လုံးအစားရှည်လျားသောခြေတံကို စိုက်ကြည့်နေသည်။ ထို့နောက် ရှက်သွားပြီး မြေပြင်ကို စိုက်ကြည့်နေသည်။

"ကျေးဇူးပြုပြီး အထဲဝင်လာခဲ့ပါ။ အဖြစ်အပျက်ကို ပိုပြီး အကြောင်းစုံ ပြောပြပါ"

အမျိုးသမီးက လှမ်းပြောလိုက်သည်။

ချန်းဝေသည် ခေါင်းငုံ့ကာ လေယာဉ်မှူး အခန်းထဲသို့ ဝင်သွားသည်။

သူသည် ရှေ့သို့ ခြေလှမ်းနှစ်လှမ်းသာ တိုးခဲ့သည်။ အနက်ရောင်ဝတ်စုံ ဝတ်ထားသော အမျိုးသမီးနှင့် တစ်မီတာအကွာတွင် မတ်တပ် ရပ်နေသည်။ သူမတွင်ရှည်လျားသော ခြေတံတစ်စုံ ရှိသည်။ ထိုခြေတံတစ်စုံသည် စကပ်အကွဲကြားမှ ထွက်နေသည်။

ထို့နောက် ချန်းဝေသည် မော့ကြည့်လိုက်ရာ ထိုအက်ကွဲကြောင်း အတိုင်း အကြည့်များက လိုက်ပါသွားပြီး မျက်လုံးက ရပ်တန့်သွားသည်။ အသက် ခပ်ပြင်းပြင်းရှူပြီး မျက်လုံး မှိတ်လိုက်သည်။

"ခေါင်းဆောင်ချန်း မင်းရဲ့နှလုံးခုန်သံတွေ အရမ်းမြန်နေတယ်"

ထိုအမျိုးသမီးက ချန်းဝေ ၏ရင်ဘတ်ပေါ် လက်တင်လိုက်သည်။ သူ့ရင်ဘတ်မှ နွေးထွေးမှုကို ခံစားလိုက်ရပြီး အယောင်အမှားမှား ဖြစ်ကုန်သည်။

ထို့နောက် မျက်လုံးဖွင့်ကာ ခြေလှမ်း တစ်လှမ်း နောက်ဆုတ်လိုက်သည်။

"ကပ္ပတိန်.. အခုက တကယ့်ကို အရေးပေါ် ဖြစ်နေတာပါ"

"မင်းကို ကြည့်ရတာ တော်တော်လေး အလုပ်ရှုပ်နေတာပဲ။ ကဲ.. ပြော.. ဘာဖြစ်တာလဲ ငါ့ကိုပြော.."

အမျိုးသမီးက ချန်းဝေ၏ အယောင်ယောင် အမှားမှား ဖြစ်နေသော ပုံစံကိုကြည့်ပြီး ပြုံးလိုက်သည်။ ချန်းဝေသည် လိင်ပိုင်းဆိုင်ရာ

တင်းမာမှုကို မဖော်ထုတ်ဘဲ စိတ်ငြိမ်သွားအောင် ကြိုးစားလိုက်သည်။

"အာကာသယာဉ်ပေါ်မှာ မိန်းကလေးတစ်ယောက် ပျောက်နေတယ်။ ငါတို့တွေ လိုက်ရှာနေတာ တစ်နာရီလောက် ရှိနေပြီ.."

"ဘယ်အချိန်က ပျောက်သွားတာလဲ.."

အမျိုးသမီးက မေးလိုက်သည်။

"ညနေ (၅) နာရီ မိနစ် (၄၀) လောက်က.."

“တစ်နာရီတောင် မပြည့်သေးဘူး။ ပျောက်နေတာ ဘယ်လို သိတာလဲ”

အမျိုးသမီးက သိချင်စိတ်ဖြင့် မေးသည်။

“သူ့အစ်ကိုက (၆) နာရီလောက်မှာ သတင်းပို့ပြီး စောင့်ကြည့်ရေး ကင်မရာတွေကို စစ်ဆေးခိုင်းတယ်။ မိန်းကလေးက ကင်မရာ မျက်ကွယ်နေရာမှာ ပျောက်သွားတယ်..”

ချန်းဝေက ဇာတ်လမ်းကို ပြန်ပြောပြလိုက်သည်။

အမျိုးသမီးသည် မျက်မှောင် ကြုတ်လိုက်ကာ..

“တကယ်လို့ လူပျောက်ပြီး တရားခံ မဖမ်းမိဘူးဆိုရင် ငါတို့မှာ အပြည့်အဝ တာဝန်ရှိတယ်။ သူ့အစ်ကိုကို လျော်ကြေး အများကြီး ပေးရမှာပဲ။ ဒီလိုမှမဟုတ်ရင် အာကာသယာဉ် ပျံသန်းမှု အစီအစဉ်ကို ရပ်ဆိုင်းရလိမ့်မယ်။ လပိုင်းလောက်ကြာအောင် စုံစမ်းစစ်ဆေး အတည်ပြုပြီးမှ လုပ်ငန်းက ပြန်ပြီး လည်ပတ်နိုင်လိမ့်မယ်။ နောက်ပြီးတော့ ကပ္ပတိန်ရော၊ ဝန်ထမ်းတွေ အားလုံးနဲ့ လုံခြုံရေးအဖွဲ့တွေ အားလုံးကို အချိန်တစ်ခုကြာအောင် စစ်ဆေးကြလိမ့်မယ်။

ဒုက္ခများတယ်။ အချိန်မဖြုန်းနဲ့ တရားခံကို မြန်မြန်ရှာ”

“အာကာသယာဉ်က မနက် (၉) နာရီ မိနစ် (၂၀)ဆိုရင် သွမ်ဟွမ်မြို့မှာ ဆိုက်ကပ်ရလိမ့်မယ်။ ကုမ္ပဏီရဲ့ စည်းမျဉ်းအရ ငါတို့ရဲ့ ပျံသန်းမှု အချိန်ဇယားကို တစ်မိနစ်တောင် နောက်ကျလို့ မရဘူး။ ဒီအချိန်အတွင်း တရားခံကို ရအောင် ရှာရလိမ့်မယ်။ နောက်ပြီးတော့ တရားခံ သံသယ စာရင်းထဲမှာ ပျောက်ဆုံးနေတဲ့ ကောင်မလေးရဲ့ အစ်ကိုကိုလည်း ထည့်..”

“ကောင်မလေးရဲ့ အစ်ကိုလား..”

ချန်းဝေက ကပ္ပတိန်ကို ယုံမှား သံသယစိတ်ဖြင့် လှမ်းကြည့်လိုက်သည်။

“သူက ဒီကိစ္စကို နောက်ကွယ်က ကြိုးကိုင်တဲ့လူ ဖြစ်နိုင်တယ်.. လျော်ကြေးလိုချင်လို့ သူ့ညီမကို သတ်တာလဲ ဖြစ်နိုင်တယ်။ နောက်ပြီးတော့ မိန်းကလေးက သူ့ညီမ ဟုတ်၊ မဟုတ်တောင် မသေချာသေးဘူး”

ထို့ကြောင့် ထိုအမျိုးသမီးသည် လင်းဟွမ်ကို သံသယရှိသူ စာရင်းထဲ ထည့်သွင်းလိုက်သည်။

“နားလည်ပြီ။ တရားခံကို အစွမ်းကုန် ကြိုးစားပြီး ရှာပါ့မယ်..”

အမျိုးသမီးသည် ဉာဏ်ကောင်းသောကြောင့် လင်းဟွမ်ကို သံသယရှိသူစာရင်းထဲ ထည့်လိုက်သည်။

လင်းဟွမ်သည် လေယာဉ်မှူး အခန်းထဲ၌ ဘာတွေဖြစ်ပျက်နေလဲ ဆိုသည်ကို မသိပေ။ အခန်းထဲကို ပြန်ရောက်သည်နှင့် လုံခြုံရေး ဝန်ထမ်းများက ပို့ပေးလိုက်သော ဗီဒီယိုဖိုင်ကို လက်ခံရရှိပြီး ချက်ချင်း ဖွင့်ကြည့်လိုက်သည်။

ပထမ ဗီဒီယိုဖိုင်တွင် လင်းရှင် ပျောက်သွားသည်ကို ပြသထားသည်။

လင်းဟွမ်သည် အကန့်အသတ်မဲ့ အမြင်အာရုံကို အသက်သွင်းပြီး လင်းရှင် ပျောက်သွားသော အမှိုက်ပုံးထားသည့် နေရာကို စိုက်ကြည့်သည်။ ထိုအခိုက်အတန့်ကို ပြန်ရစ်၍ ထပ်ခါထပ်ခါ ကြည့်နေသည်။ တစ်ခုခု လွဲချော်နေပြီဟု တွေးနေမိသည်။

လင်းရှင်သည် အမှိုက်ပုံးနှင့်အတူ ပျောက်ကွယ်သွားရန် မဖြစ်နိုင်ပေ။

ဗီဒီယိုဖိုင်ကို သုံးကြိမ်သုံးခန့် အထပ်ထပ် အခါခါ ကြည့်ပြီးနောက် နောက်ဆုံးတွင် ပုံမှန်မဟုတ်သော အပိုင်းလေးတစ်ခုကို သတိထားလိုက်မိသည်။

ကျစ်ဆံမြီး မိန်းကလေးသည် အမှိုက်သွားပစ်သောအချိန်၌ ညာဘက်လက်တွင် အင်ပါယာ နှလုံးသားလက်စွပ်သာ ရှိပြီး ဘယ်ဘက် လက်ခလယ်တွင် မည်သည့်လက်စွပ်မှ မရှိပေ။

သို့သော် ကင်မရာ မျက်ကွယ်နေရာတွင် အမှိုက်ပစ်ပြီး ပြန်လာသောအခါ သူမ၏ ဘယ်လက် လက်ခလှယ်တွင် အစိမ်းရောင် လက်စွပ်တစ်ကွင်း

ရှိနေကြောင်း အတည်ပြုနိုင်ခဲ့သည်။ သို့သော် လက်လှုပ်ရှားနေသော အခိုက်အတန့်ကို ခေတ္တ ရပ်တန့်ထားအခါ ဗီဒီယိုသည် မှုန်ဝါးနေပြီး ပြတ်ပြတ်သားသား ထင်ထင်ရှားရှား မမြင်ရပေ။ လက်စွပ်က အစိမ်းရောင် ဖြစ်ကြောင်းကိုသာ အတည်ပြုနိုင်ခဲ့သည်။

ချန်းဝေကို ချက်ချင်း ဆက်သွယ်လိုက်သည်။

ချန်းဝေသည် လင်းဟွမ်က ဖုန်းဆက်သည်ကို မြင်လိုက်လျှင် ချက်ချင်း ကောက်ကိုင်လိုက်သည်။

စကားတစ်ခွန်းမှ မပြောရသေးခင် လင်းဟွမ်က စိတ်လှုပ်ရှားစွာ ပြောလာခဲ့သည်။

"ခေါင်းဆောင်ချန်း။ ငါ တစ်ခုခု တွေ့ပြီ။ နောက်ဆုံးဗီဒီယိုကလစ်ကို ကြည့်လိုက် မိန်းကလေး လီလီ အမှိုက် သွားပစ်တဲ့အချိန်မှာ သူမရဲ့ ဘယ်ဘက်လက်မှာ လက်စွပ်တစ်ကွင်းမှ မရှိဘူး။ ဒါပေမယ့် ပြန်ထွက်လာတဲ့ အချိန်မှာ လက်စွပ်တစ်ကွင်း ပါလာတယ်။ ဘယ်ဘက် လက်ခလယ်မှာ လက်စွပ်ရှိတယ်။ သတိထားပြီး ကြည့်လိုက်"

ချန်းဝေသည် လင်းဟွမ် ပြောသည့်စကားကို ကြားလိုက်သည်နှင့် ချက်ချင်းဆိုသလို လီလီ အမှိုက်ပစ်သည့် အပိုင်းကို အမြန်ရစ်လိုက်သည်။ လင်းဟွမ် ပြောသည့်အတိုင်းပင်။

“ရှားဝေ ဒီလက်စွပ်ကို မြင်ကွင်းရှင်းအောင် လုပ်ပေးပါ”

ချန်းဝေက ဗီဒီယိုကို ခေတ္တရပ်ထားပြီး မြင်ကွင်း ရှင်းလင်းအောင် လုပ်ပေးရန် ဆံပင်အရှည်နှင့် လူငယ်လေးကို အမိန့်ပေးလိုက်သည်။

ဆံပင်ရှည်နှင့် လူငယ်လေးက ခေါင်းညိတ်လိုက်သည်။ ထို့နောက် လူငယ်လေးသည် ထိုဗီဒီယိုဖိုင်ကို ဒေါင်းလုတ်လုပ်ကာ စတင်တည်းဖြတ်လိုက်သည်။ တစ်မိနစ်အတွင်းမှာပင် ပိုမိုရှင်းလင်းသော ပုံရိပ်တစ်ခုကို ဖန်တီးနိုင်ခဲ့သည်။ အဖိုးတန် အစိမ်းရောင်ကျောက်ပါသော လက်စွပ်တစ်ကွင်းပင်။

"ဒီလက်စွပ်ကို ဘာလို့ အရမ်း ရင်းနှီးနေရတာလဲ.."

ချန်းဝေသည် ယခင်က ဤလက်စွပ်အား တွေ့ခဲ့ဖူးသော နေရာကို ပြန်စဉ်းစားနေခဲ့သည်။

“လုပ်ပြီးပြီလား..”

ဆက်သွယ်ရေးစက်က ဖွင့်ထားဆဲ ဖြစ်သဖြင့် လင်းဟွမ်က ထပ်ပြောလိုက်သည်။

“အခု မင်းဆီ ပို့ပေးလိုက်မယ်..”

ချန်းဝေက ခေါင်းတပ်ပုံရိုက်ပြီး လင်းဟွမ်ထံ ပို့ပေးလိုက်သည်။

လင်းဟွမ်သည် ပုံကို မြင်သောအခါ မျက်လုံး ပြူးသွားသည်။ အဖိုးတန် အစိမ်းရောင် ကျောက်ပါသော လက်စွပ်သည် မစ္စတာဝေ၏ လက်ချောင်းတွင် တစ်ချိန်လုံး ရှိနေခဲ့ကြောင်း ချက်ချင်း မှတ်မိလိုက်သည်။ မည်ကဲ့သို့ လုပ်ခဲ့မှန်း မသိသော်လည်း တရားခံဖြစ်သည်မှာ သေချာသည်။

"မစ္စတာဝေ"

လင်းဟွမ်သည် ထိုနာမည်ကို ရေရွတ်လိုက်သော အချိန်၌ လူသတ်ရန် အဆင်သင့် ဖြစ်နေခဲ့သည်။

## အခန်း(၁၀၃) – လင်းရှင်ကို ကယ်တင်ခြင်း။

နတ်ဆိုး သလင်းကျောက် အာကာသယာဉ်၏ ကိုးထပ်မြောက်၊ အခန်း အမှတ် (၃၂၁)...

မစ္စတာဝေသည် လင်းဟွမ်တို့ကို ပြန်လိုက်ပို့သော အချိန်၌ ပြုံးနေဆဲ ဖြစ်သည်။ ထို့နောက် တံခါးပိတ်ပြီးသည်နှင့် လီလို့ကို လှမ်းကြည့်သည်။ ဒေါသ ထွက်နေပုံရသည်။

လီလီသည် ခန္ဓာကိုယ် တဆတ်ဆတ် တုန်နေကာ ကြမ်းပြင်ပေါ်တွင် ဒူးထောက်ချလိုက်သည်။

"ဖေဖေ..."

"မင်း... အရူး... စိတ်ရှုပ်ဖို့ ကောင်းလိုက်တာ..."

မစ္စတာဝေကေ သူမကို ပြေးကန်လိုက်သဖြင့် ကောင်မလေးသည် လဲကျသွားသည်။ ချက်ချင်း ပြန်ထပြီး...

"ဖေဖေ... ၊ ကျေးဇူးပြုပြီး ငါ့ကို စိတ်မဆိုးပါနဲ့။ ငါ့အပြစ်ဆိုတာ သိပါတယ်"

"မင်းက ငါနဲ့နေတာ ကြာနေပြီ။ ဒီလောက်ရိုးရှင်းတဲ့ ကိစ္စလေးကိုတောင် မကိုင်တွယ်နိုင်ဘူးလား။ မင်း ဘာလုပ်ရမလဲဆိုတာ မင်း သိသင့်တယ်"

မစ္စတာဝေက လက်နောက်ပစ်ပြီး ပြောလိုက်သည်။

"ဖေဖေ... ကျေးဇူးပြုပြီး ငါ့ကို မရောင်းပါနဲ့..."

လီလီက အသနားခံနေရင်း မျက်ရည်များက ပါးပြင်ပေါ် စီးကျလာသည်။

"လီလီက ဖေဖေနဲ့ ထာ၀ရ အတူနေချင်တယ်။ လီလီက မင်းကို ၀န်ဆောင်မှုပေးချင်တယ်"

"လီလီ၊ မင်းက ငါ့သမီးတွေထဲမှာ အကောင်းဆုံးပဲ။ မင်း တစ်ယောက်တည်းပဲ ငါ့ဘေးနားမှာ ထားခဲ့တယ်။ ဒါပေမဲ့ ဒီနေ့တော့ မင်းကို စိတ်ပျက်သွားပြီ"

မစ္စတာဝေ၏ မျက်လုံးများက အေးစက်နေသည်။

"ငါ့ အမှားဆိုတာ သိပါတယ်။ ဖေဖေ... ကျေးဇူးပြုပြီး ခွင့်လွှတ်ပေးပါ။ ငါ့ကို အပြစ်ပေးပါနော်။ မရောင်းစားပါနဲ့..."

လီလီ၏ မျက်ရည်များ ပြည့်နှက်နေသော မျက်နှာဖြင့် အဝတ်အစား အမြန် ချွတ်လိုက်သည်။

သူမ၏ ပိန်လှီနေသော ခြေထောက်ညှပ်ရိုးမှ ပေါင်အထိတွင် အမာရွတ်များ ပြည့်နှက်နေသည်။ ဒါသည် အရေပြားကို ချွန်ထက်သောအရာဖြင့် လှီးဖြတ် လိုက်သောအခါ ဖြစ်ပေါ်လာတတ်သည့် အမာရွတ်များဖြစ်ပြီး တစ်ကိုယ်လုံးတွင် ဒဏ်ရာ ဒဏ်ချက်များ ပြည့်နှက်နေသည်။

မစ္စတာဝေသည် 'ဟင့်'ခနဲ အသံပြုကာ ဘယ်ဘက်လက်ကို ဝှေ့ယမ်းလိုက်သည်။

လက်သူကြွယ်ပေါ်ရှိ အစိမ်းရောင် ကျောက်လက်စွပ်မှ အစိမ်းရောင် အလင်းတန်းတစ်ခု ထွက်ပေါ်လာပြီး နှစ်မီတာမြင့်သော အရေခွံစိမ်းနေသည့် ပိန်ပိန်ပါးပါး မွန်းစတားတစ်ကောင် ပေါ်လာသည်။

အဆိုပါ မွန်းစတားသည် အစိမ်းရောင်ရှိသော ရောမသန်ကောင်နှင့်တူပြီး ၎င်း၏ပါးစပ်သည် အချင်း တစ်မီတာခန့် ကျယ်သည်။ အစိမ်းရောင် ရောမ သန်ကောင်ကြီးသည် ပါးစပ်ဟကာ မိန်းကလေး တစ်ယောက်ကို ထွေးထုတ်လိုက်သည်။

"ရေးချိုးခန်းထဲ ခေါ်သွားပြီး ရေချိုးပေးလိုက်"

မစ္စတာဝေသည် မျက်မှန်ကိုချွတ်ပြီး အကျႌကြယ်သီးတွေကို ဖြုတ်နေရင်း ပြောလိုက်သည်။

“ဖေဖေ၊ ငါက ဝန်ဆောင်မှု ပေးပါရစေ”

လီလီသည် စိုးရိမ်သွားသည့်ဟန် ရှိသည်။

“လီလီ။ ငါက မင်းကို နောက်တစ်ကြိမ် ထပ်ပြောရမှာလား”

မစ္စတာဝေက အကျႌ ကြယ်သီးများကို ဖြုတ်နေရင်း လီလို့ကို စိုက်ကြည့်လိုက်သည်။

လီလီသည် ခေါင်းငုံ့သွားကာ လင်းရှင်ကိုထမ်းပြီး ရေချိုးခန်းထဲသို့ လျှောက်သွားသည်။

မစ္စတာဝေသည် ကိုယ်လုံးတီးဖြစ်နေပြီး အကျႌကို ခေါက်ကာ လက်ဖက်ရည် စားပွဲပေါ်တွင် တင်လိုက်သည်။

ရေချိုးခန်းထဲတွင် လီလီက လင်းရှင်၏ အဝတ်အစားများကို ချက်ချင်းချွတ်ပြီး ရေကန်ထဲ ပစ်ချလိုက်သည်။

သူမက လင်းရှင်၏ ခေါင်းပေါ်ကို အေးစက်သောရေများ ဖြန်းချလိုက်ရာ လင်းရှင်သည် ချက်ချင်း သတိရလာသည်။

ရေချိုးခန်းထဲ၌ အကျီဗလာနှင့် ကိုယ်တုံးလုံး ဖြစ်နေကာ ခန္ဓာကိုယ်အနှံ့ ဒဏ်ရာများ ပြည့်နှက်နေသော မိန်းကလေးတစ်ယောက်ကို တွေ့လျှင် ကြောက်လန့်ပြီး အော်ဟစ်သည်။

“မင်း... ဘယ်သူလဲ... ဘာဖြစ်နေတာလဲ...”

သူမက ချက်ချင်း တုံ့ပြန်သည်။

"ငါ့နာမည်က လီလီ။ ငါက ဖေဖေရဲ့သမီးပဲ။ ဖေဖေက မင်းကို သူ့သမီး ဖြစ်စေချင်တယ်။ ဒါကြောင့် ဒီကို ရောက်နေတာပဲ"

လီလီက ဖြေလိုက်သည်။

"မင်းရှူးနေလား..."

လင်းရှင်သည် ဤမိန်းကလေးက သူမကို လိုင်းသွင်းရန် အစမ်း လေ့ကျင့်နေကြောင်း သဘောပေါက်သွားသည်။

“ငါ့အစ်ကိုကို ဆက်သွယ်မယ်။ သူက ငါ့ကို ကယ်လိမ့်မယ်”

လင်းရှင်က ဆက်သွယ်ရေး မျက်နှာပြင်ကို ဖွင့်လိုက်လျှင် လီလီက လက်ကောက်ဝတ်ကို လှမ်းဆွဲသည်။

“အဖေက မင်းကို ဘယ်သူနဲ့မှ ဆက်သွယ်ခွင့် မရှိဘူးလို့ ပြောထားတယ်”

“မင်းအဖေက ဘယ်သူလဲ ငါမသိဘူး။ မင်း ခန္ဓာကိုယ်ပေါ်က ဒဏ်ရာတွေကို ကြည့်ရတာနဲ့ မင်းအဖေက အဖေကောင်း တစ်ယောက်

မဟုတ်ဘူးဆိုတာ သေချာတယ်. မင်းဘာဝကို ဘာလို့ ထိန်းချုပ်ခံနေတာလဲ”

လင်းရှင်က မိန်းကလေး၏ပခုံးကို ခါယမ်းလိုက်သည်။

“ဖေဖေနဲ့ ထာဝရ နေချင်တယ်။ ဖေဖေ့ကို မထားခဲ့ချင်ဘူး”

လီလီက ပြန်အော်သည်။

သူမသည် လုံးဝကို ဦးနှောက်ဆေး ခံထားရသည်။

ယခုအချိန်၌ လင်းရှင်သည် သူမကို မယုံကြည်နိုင်တော့သဖြင့် လင်းဟွမ်ကို အမြန်ဆုံးခေါ်ရန် အတတ်နိုင်ဆုံး ကြိုးစားခဲ့သော်လည်း လီလီက ဆံပင်ကို နောက်ပြန်ဆွဲလိုက်သည်။

"ဘယ်သူ့ဆီကိုမှ ဖုန်းခေါ်ခွင့် မပေးနိုင်ဘူး"

လီလီက လင်းရှင်၏ခေါင်းကို ရေချိုးကန်စောင်းနှင့် ပိတ်တိုက်လိုက်သည်။ လင်းရှင် မူးဝေသွားသည်။

ထိုအခိုက်အတန့်၌ အခန်းတံခါးက ပွင့်လာသည်။

လင်းဟွမ်က ခြေထောက်နှင့် ကန်ဖွင့်ပြီး အခန်းထဲသို့ ပြေးဝင်လာသည်။

အခန်းထဲတွင် အစိမ်းရင့်ရောင် မွန်းစတားတစ်ကောင်ကို တွေ့လိုက်ရာ နောက်ဆုံးတွင် အရာအားလုံးကို နားလည်သွားသည်။

ပုံစံမဲ့ သန်ကောင်ဟု လူသိများကာ သံကောင်နှင့်တူသော မွန်းစတားသည် ပုံသဏ္ဍာန် အမျိုးမျိုး၊ အရွယ်အစား အမျိုးမျိုး ပြောင်းလဲနိုင်သည်။

ထိုမွန်းစတားက လင်းရှင်ကို မြို့ချပြီး ဖုန်မှုန့်အဖြစ် ပြောင်းလဲခဲ့ခြင်း ဖြစ်လိမ့်မည်။ ထို့နောက် လက်စွပ်အဖြစ် ပြောင်းလဲပြီး လီလီက ယူသွားခြင်း ဖြစ်လိမ့်မည်။

လင်းဟွမ်က မျက်မှောင် ကြုတ်သွားသည်။

သန်ကောင်၏ ခန္ဓာကိုယ်ထဲတွင် လင်းရှင် ရှိနေလျှင် လင်းရှင်ကို နာကျင်သွားစေ နိုင်သဖြင့် ပုံစံမဲ့သန်ကောင်ကို သတ်၍ မရပေ။

"ခွေးကောင်ဝေ၊ ထွက်လာစမ်း။ ပုန်းမနေနဲ့"

လင်းဟွမ်က အော်လိုက်လျှင် သူ့အသံသည် အခန်းတစ်ခုလုံး ပဲ့တင်သံ ထပ်သွားသည်။

မစ္စတာဝေသည် ခန္ဓာကိုယ်ကို ခုတင်ပေါ်ရှိ စောင်ဖြင့် ရစ်ပတ်ကာ အခန်းထဲမှ ထွက်လာသည်။

လင်းဟွမ်သည် အခန်းထဲသို့ အမြန် ပြေးသွားသော်လည်း လင်းရှင် မရှိပေ။ ထို့နောက် နောက်ပြန်လှည့်၍ မစ္စတာဝေကို ကြည့်လိုက်ပြီး

"ငါ့ညီမ ဘယ်မှာလဲ..."

"ညီအစ်ကို။ မင်းဘာတွေ ပြောနေတာလဲ။ ငါမသိဘူး"

မစ္စတာဝေက ငြင်းလိုက်သည်။

"ဒီပုံစံမဲ့ သံကောင်၊ ငါ့ညီမကို ထွေးထုတ်ခိုင်း"

မစ္စတာဝေ ချက်ချင်း မျက်နှာပျက်သွားသည်။

"မင်းညီမ ဘယ်မှာလဲဆိုတာ ငါမသိဘူး။ မင်းမှားနေပြီ"

မစ္စတာဝေသည် ထိတ်လန့်နေသည်။

သာမန် အခြေအနေသာဆိုလျှင် လင်းဟွမ်ကို တားဆီးရန် လုံခြုံရေးများကို သတင်းပို့လိမ့်မည်။

သို့သော် ယခုအချိန်၌ လင်းရှင်သည် ရေချိုးခန်းထဲတွင် ရှိနေသည်။ လုံခြုံရေး အစောင့်များကို သတင်းပို့ပါက သူတို့ သိသွားလိမ့်မည်။ ထိုအခါ သူ့တွင် ရွေးချယ်စရာ မရှိဘဲ အေးအေးဆေးဆေး ကစား၍ မရတော့ချေ။

လင်းဟွမ်၏ သံအဆင့် အသုံးအဆောင် ပစ္စည်းသည် ခါးတစ်လက်အဖြစ် ပြောင်းလဲသွားပြီး လင်းဟွမ်က လှမ်းဖမ်းလိုက်သည်။

"ရပ်... ရပ်... ။ ဒါက နတ်ဆိုး သလင်းကျောက် အာကာသယာဉ်ထဲမှာနော်..."

မစ္စတာဝေက သံအဆင့်(၁) ပင် မရှိချေ။ လင်းဟွမ်ကို အနိုင်ယူနိုင်မည် မဟုတ်ကြောင်း သူသိနေသည်။

လင်းဟွမ်က ဓားရှည်ကို မြှောက်လိုက်သောအခါ မစ္စတာဝေသည် ခြေလှမ်း အနည်းငယ် နောက်ဆုတ်သွားသည်။

ပုံစံမဲ့သန်ကောင်နှင့် တိုက်မိပြီး လဲကျသည်။ ပြန်မထနိုင်ခင် လင်းဟွမ်က လည်ပင်းကို ဓားနှင့် ထောက်ထားသည်။

"ပြောစမ်း... ငါ့ညီမကို ထုတ်ပေး..."

လင်းဟွမ်သည် သတ်ပစ်ရန် အဆင်သင့် ဖြစ်နေခဲ့ပြီ။

"မင်း ဘာတွေ ပြောနေတာလဲ။ ငါ တကယ် မသိဘူး"

မစ္စတာဝေက အကြောက်အကန် ငြင်းနေသည်။

လင်းဟွမ်က ဓားကို အနည်းငယ် လှီးလိုက်ရာ သွေးများ ထွက်ကျလာသည်။

မစ္စတာဝေသည် နာကျင်စွာ အော်ဟစ်လိုက်သည်။

လင်းဟွမ်က မစ္စတာဝေ၏ ဘယ်ဘက် လက်မောင်းကို ခုတ်ချလိုက်သည်။

"ငါ့ရဲ့စိတ်ရှည်မှုက အကန့်အသတ် ရှိတယ်နော်။ နောက်တစ်ခါ ထပ်မေးမယ်။ ငါ့ညီမ ဘယ်မှာလဲ"

မစ္စတာဝေသည် လင်းဟွမ်က ဤမျှ ရက်စက် ကြမ်းကြုတ် လိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။

သို့သော် လင်းရှင် မည်သည့် နေရာတွင် ရှိနေကြောင်း ထုတ်ဖော် ပြောဆိုလိုက်ပါက သူ သေသွားနိုင်ကြောင်း သိနေသည်။

"မင်းညီမ ဘယ်မှာလဲဆိုတာ ငါ တကယ် မသိဘူး"

လင်းဟွမ်က မစ္စတာဝေ၏ ညာလက်မောင်းကို ခုတ်လိုက်ပြန်သည်။

"ငါက ငတုံး မဟုတ်ဘူး။ မင်းခန္ဓာကိုယ်မှာ ဖြတ်စရာ နေရာတွေ အများကြီး ကျန်နေသေးတယ်နော်"

လင်းဟွမ်က မစ္စတာဝေ၏ ခန္ဓာကိုယ်အောက်ပိုင်းကို ဖုံးထားသော စောင်ကို ဆွဲလှန်ကာ ဓါးကို ခြေထောက်ပေါ် ဖြည်းဖြည်းချင်း ရွှေ့လိုက်ပြီး ပေါင်ကြားတွင် ရပ်ထားလိုက်သည်။ အခုက နေရာပေါ်တွင် ဓါး တင်ထားသည်။

မစ္စတာဝေသည် သူ့ညီလေးက အေးစက်သော အတွေ့အထိကို ခံစားနေရကြောင်း သိလိုက်သည်။

“မင်းကို နောက်ထပ် သုံးမိနစ် အချိန်ပေးမယ်။ ဒီလိုမှမဟုတ်ရင် မင်းရဲ့ညီလေးကို ဖြတ်ပစ်မယ်…”

ဓားထိပ်ကို အနည်းငယ် ဖိလိုက်လျှင် တင်ပါးကြားထဲအထိ သွေးများ စီးကျလာသည်။

"ရပ် ရပ်…ရပ်လိုက်တော့။ သူမက ပုံစံမဲ့သန်ကောင်ထဲမှာ မရှိဘူး။ ရေချိုးခန်းထဲမှာ ရှိတယ်…"

မစ္စတာဝေ လက်လျှော့လိုက်သည်။

"မင်းကိုယ်မင်း သနားရင် အမှန်အတိုင်းပြောတာ ပိုကောင်းလိမ့်မယ်"

လင်းဟွမ်က ပိုင်ကို ချက်ချင်း ဆင့်ခေါ်လိုက်ပြီး

"ပိုင်... ရေချိုးခန်းထဲ သွားစစ်စမ်း"

ထိုအချိန်မှပင် မစ္စတာဝေသည် လင်းဟွမ်က ထိန်းချုပ်သူ ဖြစ်ကြောင်း သိလိုက်ရသည်။

ပိုင်သည် ရေချိုးခန်းထဲသို့ အမြန် ပြေးသွားသည်။

ရေချိုးခန်းဘေးတွင် ထိုင်နေသော လီလီကို မြင်လိုက်ရသည်။ ပိုင်သည် လင်းရှင်ကို ရေချိုးကန်ထဲမှ တစ်ခါတည်း ဆွဲထုတ်ကာ ဘေးနားရှိ အဝတ်စဖြင့်ပတ်ပြီး ရေချိုးခန်းထဲမှ ခေါ်ထုတ်လာသည်။

လင်းဟွမ်သည် သူ့ညီမကို ရေချိုးခန်းထဲမှ ခေါ်ထုတ်လာသည်ကို မြင်လိုက်လျှင် မစ္စတာဝေကို ရက်စက်ကြမ်းကြုတ်သည့် အကြည့်နှင့် ကြည့်လိုက်သည်။

"သူမ အဆင်ပြေတယ်။ လီလီက သူမကို ရေချိုးဖို့ရေချိုးခန်းထဲ ခေါ်သွားတာ ဘာမှ မလုပ်ရသေးဘူး"

မစ္စတာဝေက လိမ်ရန် ကြိုးစားလိုက်သည်။

"မင်း လုပ်လုပ်၊ မလုပ်မလုပ် မင်းပစ္စည်းကိုတော့ မသုံးစေရဘူး"

လင်းဟွမ်က ဓါးကိုဝှေ့ယမ်းပြီး မစ္စတာဝေ၏ ညီလေးကို ဖြတ်ပစ်လိုက်သည်။

မစ္စတာဝေသည် ကြမ်းပြင်ပေါ်တွင် လူးလိမ့်ကာ အော်ဟစ်နေပြီး ခြေထောက်ပေါင်ကြားတွင် သွေးများ စီးကျနေသည်။

"ငရဲသွားလိုက်..."

မစ္စတာဝေက ကျိန်ဆဲလိုက်သည်။

"မင်းက သေချင်နေတယ် ဆိုတော့လည်း ငါက ကူညီပေးရမှာပေါ့"

လင်းဟွမ်၏ ခေါးရှည်သည် အလင်းရောင်အဖြစ် ဖျပ်ခနဲ လက်သွားပြီး မစ္စတာဝေ၏ လည်ပင်းကို ဖြတ်ချရန် လုပ်လိုက်သည်။

ထိုစဉ် အနက်ရောင် အရိပ်တစ်ခုက ဖျတ်ခနဲ ပေါ်လာပြီး လင်းဟွမ်၏ ကြမ်းတမ်းရက်စက်သော တိုက်ခိုက်မှုကို တားဆီးလိုက်သည်။

"မစ္စတာလင်း၊ ဘာလို့ ဒီလောက် စိတ်ဆိုး နေရတာလဲ။ မင်းရဲ့ညီမလေးကိုလည်း ကယ်တင်နိုင်ခဲ့ပြီ။ သင်ခန်းစာလည်း ပေးပြီးပြီ။ ဘာလို့ သူ့ကို သတ်ပစ်ဦးမှာလဲ"

အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားသော အမျိုးသမီးက လင်းဟွမ်၏ ခေါင်းကို လက်ချောင်းနှစ်ချောင်းတည်းနှင့် ဖမ်းထားကာ ယဉ်ယဉ်ကျေးကျေး ပြောလိုက်သည်။

"မင်းက ဘယ်သူလဲ..."

"မစ္စတာလင်း... သူမက ငါတို့ရဲ့ကပ္ပတိန်ပါ"

မစ္စတာချန်းလည်း အခန်းထဲသို့ ရောက်လာသည်။

ပိုင်၏ လက်ထဲတွင် လင်းရှင်ကို တွေ့လိုက်သောအခါ စိတ်အေးသွားသည်။

"မစ္စတာလင်း။ ငါတို့မှာ စည်းကမ်းရှိတယ်ဆိုတာ မင်းမမေ့နဲ့။ အာကာသယာဉ်ပေါ်မှာ ဘယ်သူမှ လူသတ်လို့ မရဘူး။ သူက ဒဏ်ရာ အပြင်းအထန် ရနေပြီ ငါတို့ ချုပ်ထားလိုက်မယ်။ သူ့ နောက်ကြောင်းကို ငါတို့ စစ်ဆေးပြီးပြီ။ ရာဇဝတ်မှုတွေ အများကြီး ကျူးလွန်ဖူးတယ်။ သံတိုင်တွေထဲကတောင် ပြန်ထွက်ရမှာ မဟုတ်ဘူး။ အစိုးရက သူ့ကို သေတဲ့အထိ ထိန်းသိမ်း ထားနိုင်တယ်။ အနည်းဆုံး နှစ်သုံးရာလောက် သံတိုင်နောက်မှာ ထားလိမ့်မယ်..."

လင်းဟွမ်သည် ခေတ္တမျှ တိတ်ဆိတ်သွားသည်။

ထို့နောက် ခြေထောက်ကို မြှောက်ကာ မစ္စတာဝေ၏ ခန္ဓာကိုယ်မှ ဖြတ်ထားသော အစိတ်အပိုင်းကို ဖနောင့်နှင့် နင်းချလိုက်တယ်။ အသားသည် ပြားကပ်သွားသည်။

ခါးကို နောက်တစ်ကြိမ်လှူပ်ရှားပြီး လူတိုင်း၏ အရှေ့မှာပင် ပုံစံမဲ့သန်ကောင်ကို သတ်ပစ်လိုက်သည်။ သူရရှိခဲ့သော ကတ်နှင့်ပတ်သက်ပြီး ရှောင်ဖိန်၏ သတိပေးချက်ကို လျစ်လျူရှုထားလိုက်သည်။

သူက နောက်ပြန်လှည့်ပြီး ချန်းဝေကို မေးလိုက်သည်။

"သူနဲ့ ကောင်မလေးက ဘယ်လိုလဲ..."

"ကောင်မလေးက သွားကောင်းပါ။ သူမရဲ့ မှတ်ဉာဏ်တွေကို ဖျက်ပြီး ပုံမှန်ဘဝ ပြန်စတင်နိုင်အောင် ကျွမ်းကျင် စိတ်ကုထုံး ဆရာဝန်ထံ ပို့ပေးမယ်"

ချန်ဝေက ရှင်းပြသည်။

လင်းဟွမ်သည် ဘာမှ မပြောတော့ဘဲ တံခါးပေါက်သို့ လျှောက်သွားရင်း

“ပိုင်… သွားရအောင်…”

## အခန်း(၁၀၄) – ဝေရှန်းကို သတ်ပစ်ခြင်း။

အမျိုးသမီး ကပ္ပတိန်သည် အခန်းထဲမှ ထွက်သွားသော လင်းဟွမ်ကိုကြည့်ပြီး လျှာသပ် လိုက်သည်။

"သူ့ပုံစံလေးက တော်တော်လေး ကြည့်ကောင်းတယ်.. ငါ သဘောကျတယ်.."

ချန်းဝေသည် ဝေရှန်းက သူ့ညီမနှင့် သွားရှုပ်ခဲ့သဖြင့် ညှာတာရန် တောင်းဆိုခဲ့ခြင်း

မရှိပေ။ ထိုအစား နာကျင်စွာ အော်ဟစ် ညည်းတွားရင်း ကြမ်းပြင်ပေါ်တွင် လူးလိမ့်နေသော မစ္စတာဝေကို သနားမိသည်။

‘မစ္စတာလင်းက ငယ်ပေမယ့် ရက်စက်တဲ့လူပဲ.’

စိတ်ထဲမှ တွေးလိုက်သည်။

“လီလီ ဘယ်မှာလဲ..”

ချန်းဝေ က မစ္စတာဝေကို မေးသည်။

“ရေချိုးခန်းထဲမှာ..”

အမျိုးသမီး ကပ္ပတိန်က ပြန်ဖြေလိုက်သည်။

ချန်းဝေသည် ရေချိုးခန်းထဲသို့ အမြန်သွားသည်။ မကြာခင် လီလီကို အကျီဝတ်ပေးပြီး ခေါ်ထုတ်လာသည်။

"ဖေဖေ"

လီလီသည် ရေချိုးခန်းထဲမှ ထွက်လာသည့် အခိုက်အတန့်၌ မစ္စတာဝေကို ပြေးဖက်ချင်သော်လည်း ချန်းဝေက တားလိုက်သည်။

"လီလီ.. သူက မင်းအဖေ မဟုတ်ဘူး။ သူ့နာမည်က ဝေရှန်း။ အသက် မပြည့်သေးတဲ့ မိန်းကလေးတွေကို ရောင်းစားပြီး ပြန်ပေးဆွဲတဲ့

လူကုန်ကူးသူပဲ။ အဲ့အမှိုက်က မင်းကို ဦးနှောက်ဆေးထားတယ်။ သူ့ရဲ့ တကယ့် ပုံရိပ် အထောက်အထားကို မင်း မသိဘူး။ မင်းက အကူအညီ လိုအပ်နေတယ်..”

အမျိုးသမီးကပ္ပတိန်က လီလီ့ကို ကြင်နာစွာ ပြောလိုက်သည်။

“ဒီကောင့်ကို ဆွဲထုတ်သွားစမ်း။ မျက်စိ သနတယ်.. ဒေါသထွက်ပြီး စိတ်မထိန်းနိုင်ဘဲ သတ်လိုက်မိမှာ ကြောက်တယ်.”

အမျိုးသမီးကပ္ပတိန်က လီလီ၏ ခြေထောက်မှ ဒဏ်ရာများကို မြင်လိုက်လျှင် ဝေရှန်းကို လူသတ်ချင်သော မျက်လုံးဖြင့် စိုက်ကြည့် လိုက်သည်။

ချန်းဝေက ဝေရှန်းအား ဆေးခန်းလိုက်ပို့ရန် သူ့လူနှစ်ယောက်ကို ညွှန်ကြားလိုက်သည်။ ဒီထပ် သွေးထွက်လွန်သွားပါက သေချာပေါက် သေသွား လိမ့်မည်။

ထိုအမျိုးသမီး ကပ္ပတိန်က ဖုန်းနံပါတ်တစ်ခုကို ခေါ်လိုက်ပြီး..

“သန့်ရှင်းရေး။ ကိုးထပ်မြောက်က အခန်း (၃၂၁)ကို သန့်ရှင်းရေး လုပ်ပါ”

.........

လင်းဟွမ်သည် လင်းရှင်ကိုပွေ့ချီပြီး အခန်းထဲသို့ ပြန်ခေါ်လာခဲ့သည်။ သူမကို အိပ်ယာပေါ် တင်လိုက်သောအခါ ဖြည်းဖြည်းခြင်း သတိ ပြန်ရလာသည်။

လင်းရှင်သည် မျက်လုံးဖွင့်ပြီး ကြည့်လိုက်လျှင် ခေါင်းမူးနေသဖြင့် ခုတင်စောင်းကို

ကောက်ကိုင်လိုက်သည်။ သို့သော် သူမ၏အစ်ကိုကို မြင်လိုက်ရသဖြင့် အလွန် ပျော်သွားသည်။

"အစ်ကို."

"အားလုံး အဆင်ပြေတယ်။ အဆင်ပြေတယ်"

လင်းဟွမ်က သူ့ညီမ၏ နောက်ကျောကို ဖြည်းဖြည်းလေး ပုတ်နေရင်း နှစ်သိမ့်လိုက်သည်။

သူမအစ်ကို၏ အသံကို ကြားလိုက်လျှင် လင်းရှင်၏ မျက်လုံးထဲမှ မျက်ရည်များ အတားအဆီးမရှိ စီးကျလာသည်။ လင်းဟွမ်သည်

ဘာမှမပြောဘဲ သူမကို စိတ်ကြိုက် ငိုခွင့်ပြုထားသည်။

သူ၏ အဝတ်အစားတွင် မျက်ရည်များ စိုရွှဲကုန်သည်။

အချိန်အတော်ကြာပြီးနောက် လင်းရှင်သည် စိတ်တည် ငြိမ်လာသည်။ မျက်နှာနီလာကာ ချက်ချင်း ပြန်ခွာပြီး ပြောလိုက်သည်။

“တောင်းပန်တယ် အစ်ကို။ မင်းရဲ့အဝေးကို မသွားသင့်ဘူး”

“မတောင်းပန်နဲ့။ ဒါက မင်းအပြစ် မဟုတ်ဘူး”

လင်းဟွမ်က လင်းရှင်၏ခေါင်းကို ပွတ်ရင်း..

“မင်းကို စစ်ဆေးဖို့ ဆရာဝန်တစ်ယောက် သွားရှာလိုက်ဦးမယ်”

ခဏအကြာ ဆေးခန်းမှ အမျိုးသမီး ဆရာဝန် တစ်ယောက်ကို သူညီမအား စစ်ဆေးပေးရန် ခေါ်ဆောင်လာခဲ့သည်။

“သူမ အဆင်ပြေပါတယ်။ ကြောက်နေတာပဲ ရှိတယ်။ ခေါင်းကို ထိခိုက်ခဲ့ပေမယ့် ဦးနှောက်

ထိခိုက်သွားတဲ့ လက္ခဏာမျိုးတော့ မရှိဘူး ဆေးကို ခဏခဏ လိမ်းပေးလိုက်ပါ.”

“ကျေးဇူးတင်ပါတယ် ဒေါက်တာ..”

လင်းဟွမ် စိတ်အေးသွားသည်။

ဆရာဝန်ကို ပြန်ပို့ပြီးနောက် လင်းရှင်က ထထိုင်လိုက်သည်။

“အစ်ကို.. ရေချိုးပြီး အဝတ်အစား လဲဦးမယ်”

“အေး သတိထား။ ကြမ်းပြင် စိုနေတယ်”

လင်းဟွမ်က ခေါင်းညိတ်ပြီး ပြန်ပြောလိုက်သည်။

လင်းဟွမ်သည် လေသာဆောင်သို့ လျှောက်သွားပြီး ချန်းဝေထံ ဖုန်းခေါ်လိုက်သည်။

“မစ္စတာချန်း ငါ ကူညီနိုင်တာ တစ်ခုခု ရှိသေးလို့လား”

ချန်းဝေက ဖုန်း အမြန်ဖြေလိုက်သည်။

“ဒီကောင် သင်္ဘောပေါ်က ဘယ်အချိန်လောက် ဆင်းမှာလဲ”

လင်းဟွမ်က တိုက်ရိုက် မေးလိုက်သည်။

ချန်းဝေ တိတ်ဆိတ်သွားသည်။

"သဘော်ာပေါ်က ဆင်းသွားရင် မင်းတို့နဲ့ ဘာမှမဆိုင်တော့ဘူး။ မင်းက သူ့ကို ကာကွယ်ပေးချင်လို့လား.."

လင်းဟွမ်၏ စကားသည် လုံလောက်စွာ ထိရောက်ခဲ့သည်။

"ကောင်းပြီ။ သူနဲ့ထိုက်တန်ပါတယ်။ မနက်ဖြန် (၉) နာရီ မိနစ် (၂၀)ဆိုရင် သွမ်ဟွမ်မြို့မှာ ဆင်းလိမ့်မယ်။ ဆင်းနေတဲ့နေရာမှာ ပြည်ထောင်စု အစိုးရ အရာရှိတွေက သူ့ကိုစောင့်လိမ့်မယ်။ သူ့ကို အဆုံးသတ်ဖို့ မလွယ်လောက်ဘူး"

ချန်းဝေက အချိန်အတိအကျ ထုတ်ပြောလိုက်သည်။

"အချိန်သိဖို့ပဲ လိုတာပါ။ ကျန်တာ ငါ့ဘာသာငါ စီစဉ်လိုက်မယ်"

လင်းဟွမ်က သူပြောချင်သည့် စကားကို ပြောပြီးသည်နှင့် ဖုန်းချရန် လုပ်လိုက်စဉ် ချန်းဝေကို ကမန်းကတမ်း အော်ပြီးပြောလိုက်သည်.။

"ဖုန်း မချနဲ့အုံး။ ဝေရှန်းနဲ့ပတ်သက်ရင် သူက နာမည်ဆိုးနဲ့ ကျော်ကြားတဲ့ ရာဇဝတ်မှုတွေ အများကြီး လုပ်ခဲ့ပေမယ့် အကြိမ်ကြိမ် အခါခါ

လွတ်မြောက်ခဲ့တယ်။ တော်ဝင်မိသားစုနဲ့ အဆက်အသွယ် ရှိတဲ့ပုံပဲ။ သူက လူကုန်ကူးသူပါ။ မိန်းကလေး တော်တော်များများလည်း သူ့ကြောင့် ကျွန်ဖြစ်သွားကြတယ်။ ထူးခြားတဲ့ ပစ္စည်းတွေနဲ့ ဝန်ဆောင်မှု ပေးနိုင်အောင် လေ့ကျင့်ပေးလေ့ရှိတယ်။ မင်းက သူ့ကိုသတ်လိုက်ရင် လူတော်တော်များများက မိန်းကလေး ထောက်ပံ့မှု ဆုံးရှုံးသွားပြီး မင်းဆီ ရောက်လာလိမ့်မယ်”

ချန်းဝေ က ပြောလိုက်သည်။

"သူသေဖို့ပဲ အရေးကြီးတယ်။ သူ့ရဲ့ ရှင်သန်မှုက အပြစ်မဲ့တဲ့ မိန်းကလေး တော်တော်များများကို ငယ်ငယ်ရွယ်ရွယ်နဲ့ ဘဝ ပျက်စီးစေလိမ့်မယ်"

လင်းဟွမ်သည် ဝေရှန်း ကို မည်သည့်အချိန်ကမှ မလွတ်ပေး ချင်ခဲ့ပေ။ ဝေရှန်းကို သတ်ပစ်ချင်သော်လည်း ကြည့်ကောင်းသော အမျိုးသမီး ကပ္ပတိန်က ဝေရှန်းကို သတ်ခွင့် မပြုသဖြင့် အခန်းထဲမှ ထွက်လာခဲ့ခြင်း ဖြစ်သည်။ နောက်ဆုတ်ပေးရခါမှ သတ်ချင်စိတ်က ပို၍ ပြင်းထန်လာခဲ့သည်။

..........

လင်းရှင်သည် မနက်စာ စားပြီးနောက် လင်းဟွမ်၏ အခန်းထဲတွင် သေနတ်မာစ္စတာဂိမ်းကို ကစားနေသည်။ အချိန်က (၉) နာရီ ထိုးခါနီးနေပြီ။

လင်းဟွမ်သည် ကုန်းပတ်ပေါ်သို့ လျှောက်လာသည်။ အာကာသယာဉ်၏ ထွက်ပေါက်အနီး တစ်နေရာတွင် မတ်တပ်ရပ်နေပြီး သဘော်ာနံရံကိုမှီကာ တိမ်များကို ငေးကြည့်နေသည်။

မနက် (၉) နာရီ (၁၅) မိနစ်ကို ရောက်သောအခါ အာကာသယာဉ်သည် ဖြည်းဖြည်းခြင်း နိမ့်ဆင်းလာသည်။

ဝေရှန်းကို ချန်းဝေနှင့် အခြားလုံခြုံရေး အစောင့်များက ချုပ်နှောင်ပြီး ခေါ်ဆောင်လာသည်။ ဝေရှန်းသည် ထွက်ပေါက်အနီး၌ လင်းဟွမ်ကို မြင်သောအခါ ပြုံးလိုက်ပြီး..

“ဒီမှာ ရပ်နေလို့ ဘာအကျိုးမှ မရှိဘူး။ မင်းက ငါ့ကို အာကာသယာဉ်ပေါ်မှာ သတ်လို့မရဘူး။ ငါ့ကို

ပြည်ထောင်စု အစိုးရဆီ ပို့လိုက်လည်း အသုံး မဝင်ဘူး။ (၃) ရက်ကြာရင် အာမခံနဲ့လွတ်မှာပဲ”

“မင်းလုပ်နိုင်တာ တစ်ခုက ငါလွတ်သွားတာ စောင့်နေကြည့်ဖို့ပဲ”

လင်းဟွမ်သည် တိတ်ဆိတ်နေပြီး တစ်ချက် စိုက်ကြည့်လိုက်သည်။ ထို့နောက် နီးကပ်လာသော သွမ်ဟွမ်မြို့ကို စိုက်ကြည့်နေခဲ့သည်။ မကြာခင် အာကာသယာဉ်သည် ပလာဇာ တစ်ခုပေါ်တွင် ဆင်းသက်ခဲ့သည်။

ဝေရှန်း ကို လွှဲပေးလိုက်သည်။

လင်းဟွမ်သည် သူ့ကို သတ်ဖြတ်ရန် နည်းလမ်းများကို စဉ်းစား နေသောကြောင့် မလိုက်သွားခဲ့ပေ။

အာကာသယာဉ်၏ ထွက်ပေါက် ဆုံးသွားသောအခါ အာကာသယာဉ်မှ ဝန်ထမ်းနှစ်ဦးသည် ပြည်ထောင်စုအစိုးရ အရာရှိများထံ ဝေရှန်းကို လွှဲပြောင်း ပေးအပ်လိုက်သည်။

ချန်းဝေ၏ အမူအရာက ယုံရခက်ခက် ဖြစ်နေသည်။

"ကြွက်စုတ်လေး။ ငါမင်းကို အရင်က ပြောဖူးတယ်။ မင်းက ငါ့ကို ဘာမှ မလုပ်နိုင်ဘူး.."

ဝေရှန်းသည် နောက်ပြန်လှည့်ပြီး လင်းဟွမ်ကို လှောင်ပြောင်သလို ပြုံးပြကာ ပြောလိုက်သည်။

"ငါတို့ကြားက ရန်ငြိုးနက်ရှိုင်းတယ်ဆိုတာ မင်း သတိရနေမယ်လို့ ငါမျှော်လင့်တယ်။ တစ်နေ့ကျရင် မင်းညီမနဲ့အိပ်ပြီး မင်းဆီ ဗီဒီယို ပို့ပေးလိုက်မယ်.."

"အဲ့ဒီနေ့ ဘယ်တော့မှ မရောက်လာဘူး"

လင်းဟွမ်က တောက်ပစွာ ပြုံးလိုက်သည်။

ဆံပင်အဖြူရောင်နှင့် လူငယ်တစ်ယောက်သည် ဝေရှန်း၏ နောက်တွင် တစ္ဆေတစ်ကောင်ကဲ့သို့ ရုတ်တရက် ပေါ်လာသည်။ သူ့နောက်ကျောမှ ရွှေရောင်တောင်ပံနှစ်ခု ထွက်လာပြီး ချွန်ထက်သော ဓားအဖြစ် ပြောင်းလဲသွားသည်။ ဓားတစ်ချောင်းက ဝေရှန်း၏နှလုံးကို တစ်ချက်တည်း ထိုးဖောက်သွားသည်။ ပြီးနောက် လေထဲ မြောက်တင်လိုက်သည်။

ဝေရှန်းသည် လေထဲတွင် တွဲလောင်းဖြစ်နေပြီး ကြမ်းပြင်တွင် သွေးများ စိုရွှဲနေသည်။ ဝေရှန်းသည်

မသေသေးပေ။ ကြောက်လန့်တကြား ရုန်းကန်နေပြီး ခေါင်းငုံ့ကာ ရင်ဘတ်မှ သွေးစွန်းနေသောအကျႌကို လှမ်းကြည့်လိုက်သည်။

နောက်ထပ် အခိုက်အတန့်၌ ဓားရှည်တစ်ချောင်းနှင့်တူသော အတောင်ပံသည် ဦးခေါင်း၏ နောက်စေ့မှ ထိုးဖောက် ဝင်ရောက်လာကာ ဦးခေါင်းထဲတွင် အပေါက်ကြီး တစ်ခု ချန်ထားခဲ့သည်။

“ဖေဖေ.. ..”

သဘော်ာ ကုန်းပတ်ပေါ်မှ ကျယ်လောင်သော အော်သံတစ်ခု ထွက်ပေါ်လာသည်။

လင်းဟွမ်က လီလို့ကို မြင်လိုက်ရသည်။

လင်းဟွမ်သည် လူအုပ်ထဲ၌ အနက်ရောင်ဝတ်စုံ ပြောင်းလဲလိုက်သည်ကို မည်သူမှ မသိလိုက်ပေ။ တိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် လူအုပ်ထဲမှ လူတစ်ယောက်သည် ဖုန်းနံပါတ်တစ်ခု လှမ်းခေါ်လိုက်သည်။

"ဝေရှန်း သေပြီ။ ဝေရှန်းကို သတ်သွားတာက လူငယ်တစ်ယောက်ပဲ။ ဓာတ်ပုံ ပို့ပေးမယ်။

သူ့ရဲ့နောက်ကြောင်းကို စစ်ဆေးကြည့်တာ ဘာမှ ထူးခြားမှု မရှိဘူး။ သူ့ကိုသတ်ပါ”

## အခန်း(၁၀၅) - ရှောင်ကွမ်မြို့သို့ ရောက်ရှိခြင်း။

ဝေရှန်းသေဆုံးမှုသည် ရုတ်တရက် ဖြစ်ပျက်သွားသဖြင့် အရာရှိ နှစ်ယောက်သည် အချိန်မီ တုံ့ပြန်နိုင်ခြင်း မရှိခဲ့ပေ။ ဝေရှန်းအား သွေးစုပ်ဖုတ်ကောင်မှ သတ်လိုက်သည်ကို တွေ့ခဲ့ရသည်။ ထို့နောက် သွေးစုပ်ဖုတ်ကောင်သည် လုံးဝ ပျောက်ကွယ်သွားသည်။

နှစ်ဦးနှစ်ဖက် ရန်ပြိုးများ ရှိနေသော လင်းဟွမ်ထံသို့ လှမ်းကြည့်ကြသည်။ သို့သော် လင်းဟွမ်က လူသတ်သမားဖြစ်ကြောင်း လက်ဆုပ်၊ လက်ကိုင် ပြနိုင်ခြင်း မရှိပေ။

သူတို့ နှစ်ယောက် တွေဝေနေစဉ် နတ်ဆိုး သလင်းကျောက် အာကာသယာဉ်ကြီးသည် ထွက်ခွာသွားသည်။ သူတို့နှစ်ယောက်သည် အာကာသယာဉ်ကို ကူကယ်ရာမဲ့စွာ လှမ်းကြည့်ပြီး သူတို့၏ အထက်လူကြီးထံ ဖုန်းခေါ်လိုက်သည်။

........

"ဘာ.....၊ သူက လမ်းပေါ်မှာ လူသတ်လိုက်တယ် ဟုတ်လား။ လင်းဟွမ်က ဘာလို့ ဒီလိုလုပ်ရတာလဲ.."

ညသန်းခေါင်အချိန်တွင် ရီရီယွီသည် ရီကျန်းထံမှ ဖုန်းလက်ခံရရှိသည်။ ထို့နောက် ဒေါသတကြီး အော်ဟာစ်လိုက်သည်။

"အဲ့ဒီကောင်က လူကုန်ကူးသူပဲ။ လင်းဟွမ်ရဲ့ ညီမလေးကို နတ်ဆိုး သလင်းကျောက် အာကာသယာဉ်ထဲမှာ ခြိမ်းခြောက်ခဲ့တယ်"

ရီကျန်းက ဇာတ်လမ်းတစ်ခုလုံးကို ပြန်ပြောပြသည်။

"ဒါဆို ဒီကောင်နဲ့ ထိုက်တန်တယ်။ လင်းဟွမ်လုပ်တာ မှန်တယ်"

ရီရီယွီသည် လင်းဟွမ်ဘက်တွင် အခိုင်အမာ ရပ်တည်လိုက်သည်။

"အဓိက ပြဿနာက ရှောင်ကွမ်မြို့ကိုရောက်လို့ အာကာသယာဉ် ဆိုက်တာနဲ့ လင်းဟွမ်ကို ဖမ်းဆီးဖို့ တပ်တွေကို သူတို့ဘက်က ဖိအားပေးနေတယ်"

ရီကျန်းက ပြောလိုက်သည်။

"ငါ့အထင်တော့ အဲ့ဒီ လူကုန်ကူးသမားနဲ့ ပတ်သက်နေလိမ့်မယ် ထင်တယ်"

ထိုအချိန်သို့ ရောက်ခါမှ ရီရီယွီသည် ဘာတွေ ဖြစ်ပျက်နေလဲ ဆိုသည်ကို နားလည်သွားသည်။

"ဟုတ်တယ်။ ဒီလူတွေက အခြေအနေ တစ်ခုခုကို ဆွပေးနေတယ်။ နောက်ပြီးတော့ ဝပ်ကျင်းမှာ လူသတ်တာက ကြီးလေးတဲ့ ရာဇဝတ်မှုပဲ။ အခုဆို နောက်ခံ အသိုင်းအဝိုင်းတွေပါ ပါဝင်လာတော့ အခြေအနေတွေက ရှုပ်ထွေးလာပြီ"

ရီကျန်းသည် ခေါင်းကိုက်နေသည်။

“ငါ အစိုးရိမ်ဆုံးက သူသာ ပြစ်မှုထင်ရှားရင် ပြည်ထောင်စု အစိုးရထောင် ကျမှာမဟုတ်ဘူး။ သူ့ကိုသီးသန့်ထောင်ချမှာ။ အဲဒါက သေတာ ထက်တောင် ပိုဆိုးလိမ့်မယ်”

“အစ်ကို၊ သူတို့သာ လင်းဟွမ်ကို ဖမ်းသွားရင် အရာအားလုံး ပျက်စီးသွားလိမ့်မယ်”

ရီရီယွီက စိုးရိမ်စွာ ပြောလိုက်သည်။

“ဒီအကြောင်းကို ငါ့မိတ်ဆွေ တချို့ဆီ မေးထားတယ်။ ပြဿနာက ခဏလေးနဲ့ ပြေလည်သွားမှာ မဟုတ်ဘူး”

ရီကျန်းက ခေါင်းခါလိုက်သည်။

"အဖေ့ဆီက အကူအညီ တောင်းမယ်"

ရီရီယွီက ချက်ချင်း ဆုံးဖြတ်လိုက်သည်။

"မင်းက လင်းဟွမ်ကို ကယ်ချင်ရင် ဒါက တစ်ခုတည်းသော နည်းလမ်းပဲ။ ဒါပေမဲ့ သူတို့နဲ့ ငါတို့မိသားစုကြားက ဆက်ဆံရေးက ပိုဆိုး လာလိမ့်မယ်"

ရီကျန်းက သက်ပြင်းချပြီး ပြောလိုက်သည်။

“ငါတို့ ဆက်ဆံရေးက ဘယ်တုန်းက ကောင်းခဲ့ဖူးလို့လဲ။ ဒီကောင်တွေက ကြောင်သူတော်ကြွက်သူခိုးတွေပဲ။ ဘာဖြစ်လို့ သူတို့နဲ့ ဆက်ဆံရေးကောင်းနေရမှာလဲ”

ရီရီယွီ စိတ်တိုသွားသည်မှာ ထင်ရှားသည်။

“ရီမိသားစုက ဂုဏ်သိက္ခာရှိရှိ နေထိုင်ခဲ့တယ်။ ငါတို့တွေက မဟာမိတ် မလိုဘူး”

“ဒါပေမယ့် အဖေက ငါတို့ကို ကူညီချင်စိတ်ရှိလား၊ မရှိလားတော့ မသိဘူး”

ရီကျန်းက လက်တွေ့ဆန်သည်။

"အဖေ့ကို အခုပဲ မေးလိုက်မယ်"

"အချိန်က ည (၁၂)....."

ရီကျန်းသည် အချိန်က ည (၁၂) နာရီရှိနေပြီ ဟူသော စကားကိုပင် ဆုံးအောင် ပြောခွင့်မရလိုက်ဘဲ ဖုန်းကျသွားသည်။

******

အဖွဲ့ခွဲ(၃)........

လျှန်ယုရှင်းသည် ဟိုတယ်သို့ အနားယူရန် ပြန်လာစဉ် မက်ဆေ့ချ်တစ်ခု လက်ခံရရှိလိုက်သည်။ ထို့နောက် ချက်ချင်း ဖုန်းပြန်ခေါ်လိုက်သည်။

ဗီဒီယိုထဲတွင် အပြာရောင် အစင်းကျား အင်္ကျီ ဝတ်ဆင်ထားသော လူလတ်ပိုင်း အမျိုးသား တစ်ယောက် ပေါ်လာသည်။

"ဦးလေးလီ။ လင်းဟွမ်က ဘာဖြစ်တာလဲ"

လျှန်ယုရှင်းက စိုးရိမ်တကြီး မေးလိုက်သည်။

"မင်း မထွက်သွားခင် လင်းဟွမ်ကို ပိုပြီး အာရုံစိုက်ဖို့ မှာထားခဲ့တယ်လေ။ ဒါကြောင့် ငါက သူ့ကို စောင့်ကြည့်နေခဲ့တယ်။ မနေ့ နေ့လည်က သွမ်ဟွမ်မြို့မှာ နတ်ဆိုး သလင်းကျောက် အာကာသယာဉ်ပေါ်က ဆင်းလာတဲ့ လူကုန်ကူးသူကို သတ်လိုက်တယ်"

သူမ၏ အိမ်တော်ထိန်းဖြစ်သော ဦးလေးလီက သူမကို ပြောလိုက်သည်။

"မမလေးလျန်။ သူ့ကို ကယ်စေချင်တာလား"

“ဟုတ်တယ်။ လင်းဟွမ်က ငါ့အသက်ကို ကယ်ထားတယ်။ မှန်မှန်၊ မှားမှား သူ့ကို ဒီလို ဖြစ်အောင်တော့ လွှတ်မပေးထားနိုင်ဘူး။ အခုဆို သူက အရမ်း အန္တရာယ်များနေပြီ။ ငါတို့က သူ့အတွက် ဘာမှမဖြစ်အောင် လုပ်ပေးရမယ်၊ ငါ့အတွက်တော့ သူက ဘယ်တော့မှ အမှား မလုပ်ဘူး”

လျန်ယုရှင်းက ရှင်းပြသည်။

“ဒါပေမယ့် မင်းက ဒီကိစ္စနဲ့ ပတ်သက်လိုက်ရင် မင်းအဖေက သေချာပေါက် သိသွားလိမ့်မယ်”

ဦးလေးလီက သူမကို သတိပေးလိုက်သည်။

“သိပါစေ။  ငါအဖေ့ကို ရှင်းပြလိုက်မယ်”

လျှန်ယုရှင်းက တွေဝေခြင်း မရှိဘဲ ပြန်ပြောလိုက်သည်။

“မင်းကို ပြောစရာတစ်ခု ရှိသေးတယ်။ ငါတို့ ဒီလိုကိစ္စမှာ ဝင်စွက်ဖက်နိုင်တယ်။ ဒါပေမဲ့ မှောင်မိုက်တဲ့ ကိစ္စတွေ ဖြစ်လာလိမ့်မယ်”

ဦးလေးလီက ထပ်ပြီး သတိပေးလိုက်သည်။

"ဒီလို ဖြစ်ရင်တောင် မရပ်တန့်ဘူး။ အန်ကယ်ဖန်ကို သွားခိုင်းလိုက်ပါ။ ငါတို့လမ်းမှာ ပိတ်နေတဲ့လူရှိရင် အားလုံးကို သတ်ပစ်လိုက်"

လျှန်ယုရှင်းက ဦးလေးလီ၏စကားကို ဖြတ်ပြောလိုက်သည်။

"ဟုတ်။ငါ နားလည်ပြီ။ ငါအခုပဲ လုပ်ဆောင်လိုက်မယ်"

ဦးလေးလီက ဖုန်းချသွားသည်။

..........

များမကြာမီက ဖြစ်ပွားခဲ့သော အဖြစ်အပျက်များကြောင့် အနီးအနားတွင် ထူးဆန်းနေကြောင်းကို ထိုအဖြစ်အပျက်မျိုးနှင့် ရင်းနှီးသောလူများက သတိထား မိကြသည်။

"သူ့မှာ ထောက်ပံ့ပေးမယ့်လူ မရှိဘူးလို့ မင်းပဲ ပြောခဲ့တယ် မဟုတ်ဘူးလား။ အခုတော့ ရီ နဲ့ လျန် မိသားစုက လက်နက်ကိုင် တပ်ဖွဲ့တွေရဲ့ အကြီးအကဲတွေဖြစ်တဲ့ တော်ဝင်မိသားစုထဲမှာမှ ညြဇာအကြီးဆုံး မိသားစုတွေက ဒီကိစ္စထဲမှာ ဘာကြောင့် ပါဝင်လာရတာလဲ။ ငါတို့ သူ့ကို

မသတ်နိုင်တော့ဘူး ထင်တယ်။ ဒီလိုမှမဟုတ်ရင် ရီနဲ့လျှန် မိသားစုတွေနဲ့ ဆက်ဆံရေးက ပိုဆိုးလာလိမ့်မယ်။ ဒါကြောင့် သူ့ကို တိတ်တိတ်လေးပဲ သတ်မှရလိမ့်မယ်”

………..

လင်းဟွမ်သည် ဝေရှန်းကို သတ်ပြီးနောက် စိတ်အခြေအနေ ကောင်းမွန်နေသည်။

လူကုန်ကူးသူ တစ်ယောက်ကို သတ်ဖြတ်ခြင်းကဲ့သို့ သေးငယ်သော ကိစ္စအား တော်ဝင်မိသားစုများက စိတ် မဝင်စားနိုင်ပေ။

ထို့ကြောင့် လင်းဟွမ်သည် လင်းရှင်ကို သူမအခန်းသို့ ပြန်ပြောင်း ခိုင်းလိုက်သည်။

နေ့ခင်းဘက်တွင် လင်းဟွမ်က ဧည့်ခန်းထဲတွင် လေ့ကျင့်နေပြီး သူမက ဂိမ်းကစားနေခဲ့သည်။ လင်းရှင်သည် ဂိမ်းထဲမှ ထွက်လာသောအခါ အစ်ကိုဖြစ်သူကို အနှောင့်အယှက် မဖြစ်ရအောင် ကြိုးစားနေခဲ့သည်။

ဝေရှန်းသေဆုံးပြီး နောက်တစ်နေ့တွင် လီလီကို စိတ်ရောဂါကု အေဂျင်စီတစ်ခုသို့ ပို့လိုက်သည်။

သုံးရက်ခန့် ကြာသောအခါ အရာအားလုံး အေးချမ်း တည်ငြိမ်သွားသည်။

အမျိုးသမီးကပ္ပတိန်နှင့် ချန်းဝေတို့သည် သင်္ဘောပေါ်ရှိ ပျက်စီးဆုံးရှုံးမှုအတွက် လင်းဟွမ်ကို ပေးဆောင်ရန် မတောင်းဆိုခဲ့ပေ။

လင်းဟွမ်သည် စစ်တပ်တိုက်ခိုက်ရေး နည်းစနစ်ကတ်အပိုင်းအစ (၁၁၀) ခန့် စုဆောင်းနိုင်ခဲ့သည်။ ကျင့်စဉ် အစအဆုံး တစ်ခေါက်ပြီးမြောက်ရန် နာရီဝက်မှ (၁၅) မိနစ်အထိ ကျဆင်းသွားခဲ့သည်။

(၈) ရက်မြောက်နေ့တွင် လင်းဟွမ်နှင့် လင်းရှင်တို့စီးလာသော အာကာသယာဉ်သည် ရှောင်ကွမ်မြို့သို့ ရောက်လာခဲ့သည်။

လင်းဟွမ်တို့ အာကာသယာဉ်ပေါ်မှ ဆင်းသွားသောအခါ ကပ္ပတိန်သည် စိတ်ရှုပ်နေသော အကြည့်ဖြင့် ငေးကြည့်ရင်း ကျန်နေခဲ့သည်။ ထို့နောက် သူမက တိုးတိုးလေး ရေရွတ်လိုက်သည်။

"ဒီလိုလူမှာ အကာအကွယ်ပေးမယ့် လူတွေ မရှိသင့်ဘူး။ တော်ဝင်မိသားစု ခြောက်စုထဲမှာမှ အင်အားအကြီးဆုံးဖြစ်တဲ့ လျန်မိသားစုနဲ့ ရီမိသားစုရဲ့

လက်နက်ကိုင်တပ်ဖွဲ့ အကြီးအကဲတွေက သူ့ကို ဘာလို့ ကူညီနေကြတာလဲ”

လင်းဟွမ်ကတော့ ထိုကိစ္စကို ဘာမှမသိပေ။

ဟိုတယ်ထဲသို့ ဝင်သွားသည်။ အခန်းတစ်ခန်း ယူသည်။ ထိုအခန်းသည် အိပ်ခန်းနှစ်ခန်းပါသော အခန်းဖြစ်သည်။ အခင်း ဖြစ်ပွားပြီးကတည်းက လင်းရှင်ကို မျက်ကွယ်နေရာသို့ လွှတ်ထားမည် မဟုတ်ပေ။

"အခုလက်ရှိက ညနေ (၄) နာရီ (၃၂) မိနစ်ဆိုတော့ ညစာစားဖို့ အရမ်း စောနေသေးတယ်။ ဒီခရီးစဉ်အတွက် မင်းရဲ့အစီအစဉ်ကို ပြပါအုံး"

လင်းဟွမ်က ပြောလိုက်သည်။

လင်းရှင်သည် ခရီးစဉ်အတွက် စီစဉ်ထားသော အစီအစဉ်ကို ထုတ်ပြပြီး လင်းဟွမ်ကို အသေးစိတ် ရှင်းပြနေသည်။

"ဒီနေ့က ရှောင်ကွမ်မြို့မှာ လည်မယ့်နေ့။ ဟိုတယ်ကို ညနေ (၃) နာရီမှာ ရောက်မယ်လို့ ခန့်မှန်းထားတယ်။ အရမ်း နောက်ကျနေလို့

ဒီနေ့တော့ ဘယ်မှမသွားတော့ဘူး။ ညဘက်မှာ စားစရာ ကောင်းကောင်း ရှာစားမယ်။ ဟိုတယ်နဲ့ နီးတဲ့နေရာမှာ ရှားလမ်းလို့ခေါ်တဲ့ ဈေးရှိတယ်။ အချို့ရိုးရာဆိုင်တွေက ဒေသခံ အဆာပြေ မုန့်လေးတွေ ရောင်းတယ်”

## အခန်း(၁၀၆) – ရှားလမ်း တိုက်ခိုက်မှု။

အမှန်တကယ်ဆို ရှားလမ်းဆိုသည်မှာ လမ်းတစ်ခု၏နာမည် မဟုတ်ပေ။ ရှောင်ကွမ်မြို့ အလယ်ဗဟိုရှိ ညဈေးတစ်ခု၏နာမည် ဖြစ်သည်။ ညဈေးသည် လမ်းဆုံလမ်းခွများစွာ၏ အလယ်တွင် တည်ရှိပြီး ထိုနေရာသည် လမ်းပေါင်းဆယ်ခုကျော် ပေါင်းဆုံနေသောနေရာ ဖြစ်သည်။

လမ်းများသည် သိပ်မကျယ်ဘဲ ညဘက်ရောက်ပါက အင်မတန် လူစည်ကားသည်။

ဆိုင်များသည် ညနေ (၅) နာရီတွင် ဖွင့်လေ့ရှိပြီး ညမှောင်လာသည်နှင့်အမျှ ပို၍ အသက်ဝင်ကာ စည်းကားလာသည်။

လင်းဟွမ်နှင့် လင်းရှင်တို့သည် ဟိုတယ်မှ လမ်းလျှောက် ထွက်လာကြပြီး ညနေ (၆) နာရီခွဲဝန်းကျင်တွင် ညဈေးသို့ ရောက်ရှိလာကြသည်။ ထိုအချိန်တွင် ကောင်းကင်ကြီးက မည်းမှောင်စပြုလာသည်။ လမ်းမီးတိုင်တွင် တွဲလောင်းချိတ်ဆွဲထားသော မီးရောင်များကြောင့် လင်းထိန်နေသည်။

"မီးလုံးလေးတွေက အရမ်းလှတာပဲ.."

လင်းရှင်က အသံစူးစူးလေးနှင့် အော်ဟစ်လိုက်သည်။ ဤကဲ့သို့ မြင်ကွင်းမျိုးကို ပထမဆုံးအကြိမ် မြင်ဖူးခြင်းဖြစ်သဖြင့် သူမအတွက် အသစ်အဆန်း ဖြစ်နေသည်။

"ကဲ.. အရင်ဆုံး စားစရာရှာဖို့အတွက် လမ်းပတ်လျှောက်ရအောင်"

လင်းဟွမ်က အဆိုပြုလိုက်သည်။

နှစ်ယောက်လုံးသည် ဤနေရာ၌ စားရန် ပြင်ဆင်ထားသောကြောင့် ညစာ မစားရသေးပေ။ လင်းဟွမ်နှင့် လင်းရှင်တို့သည် ရွာလမ်းထဲသို့ ရောက်သောအခါ ထိုနေရာရှိ ထူးဆန်းသော အရာများစွာက စွဲဆောင်သွားသည်။

အစားအသောက်အပြင် စိတ်ဝင်စားစရာ ကောင်းသော ကစားစရာ အရုပ်များ၊ ဆက်စပ် ပစ္စည်းများရှိနေကာ လမ်းဘေး ဖျော်ဖြေပွဲများပင် ရှိနေသေးသည်။

လင်းဟွမ်သည် လှည့်ပတ် သွားလာနေရင်း လူအုပ်ကြီး ရုတ်ရုတ် ဖြစ်နေသောနေရာသို့ အာရုံပြောင်းသွားသည်။ ထိုလူအုပ်ကြီးထဲမှ လူအနည်းငယ်သည် ရုတ်တရက် ဦးတည်ရာပြောင်းသွားပြီး သူ့ထံ ဖြည်းညင်းစွာ လျှောက်လာသည်။

လင်းဟွမ်သည် ထူးဆန်းသော ကိစ္စတစ်ခုခု ဖြစ်ပျက်နေကြောင်း ဝိုးတိုးဝါးတား ရိပ်မိလိုက်သည်။ ပတ်ဝန်းကျင်ရှိ ထိုလူများထံမှ ဆိုးဝါးသော၊ မကောင်းသော အငွေ့အသက်ကို ခံစားလိုက်ရသည်။

သို့သော် မည်သည့်နေရာမှ ထွက်လာသည်ကို မဖော်ထုတ်နိုင်ပေ။

ထို့နောက် မနီးမဝေးတွင် အဝတ်ဆိုင်တစ်ခု ရှိနေကြောင်း သတိပြုလိုက်မိသည်။ လင်းရှင်ကို လက်ဆွဲကာ ဆိုင်ထဲသို့ ဝင်သွားသည်။

အထည်ဆိုင်ထဲသို့ ဝင်ခါနီး၌ ပိုင်ကို ဆင့်ခေါ်လိုက်သည်။

"အစ်ကို ဘာဖြစ်လို့လဲ.."

သူမသည် ပိုင်နှင့် ရင်းနှီးနေပြီး ပိုင်ပေါ်လာသောကြောင့် လင်းဟွမ်က တိုက်ခိုက်ရန်ပြင်ဆင်နေပြီ ဖြစ်ကြောင်း သိလိုက်ရသည်။

"ဘာမှမဖြစ်ပါဘူး.. ပိုင့်အတွက် အင်္ကျီတစ်ထည်ရွေးပေးဖို့ပါ.."

လင်းဟွမ်က ဖြေလိုက်သည်။ ထို့နောက် အထည်ဆိုင်ထဲရှိ ခေါင်းဆောင်း ပါသောအင်္ကျီတစ်ထည်ကိုရွေးပြီး ပိုင်၏ခန္ဓာကိုယ်ပေါ်တွင်ဝတ်ဆင်ပေးလိုက်သည်။ ပိုင်၏ အဖြူရောင်

ဆံပင်များနှင့် အင်မတန် လိုက်ဖက်ပြီး စွဲဆောင်မှု ရှိနေသည်။

"သူဌေး.. ဒါ ဝယ်မယ်"

လင်းဟွမ်က ပိုင် ဝတ်ထားသော အင်္ကျီကို လက်ညှိုးထိုးပြပြီး ဆိုင်ရှင်ကို ပြောလိုက်သည်။ ထို့နောက် ငွေပေးချေပြီး ထွက်ပေါက်သို့ ဦးတည်သွားလိုက်သည်။

ပိုင်သည် ဝတ်ထားသောအင်္ကျီကို ပြန်မချွတ်ပေ။ ပိုင်သည် သူ့အင်္ကျီကို လက်ထဲတွင် ပိုက်ထားပြီး

လင်းဟွမ်နှင့် လင်းရှင်တို့၏နောက်မှ လိုက်လာခဲ့သည်။

ယခုအချိန်သည် နွေရာသီ ဖြစ်သော်လည်း ဤကမ္ဘာပေါ်တွင် ထူးထူးခြားခြား ဝတ်စားတတ်သောလူများ ရှိနေဆဲဖြစ်သည်။ ပူနေသောအချိန်တွင် ပိုင်က ဤကဲ့သို့ ဝတ်စားထားသည်ကို မည်သူမျှ သတိမထားကြပေ။

လင်းဟွမ်တို့ ဆိုင်ထဲမှ ထွက်လာသည်နှင့် လူအုပ်တစ်အုပ်က ချက်ချင်း ချဉ်းကပ်လာသည်။

သို့သော် သူတို့အရှေ့တွင် အစိမ်းရောင် အလင်းတစ်ခု ဖျတ်ခနဲ လက်သွားပြီး သူတို့အားလုံး ပျောက်ကွယ်သွားသည်။ ထိုအစိမ်းရောင်အလင်း ဖျတ်ခနဲ လက်သွားချိန်သည် မြန်ဆန်လွန်းသဖြင့် ပတ်ဝန်းကျင်ရှိ လူများသည် ထူးထူးဆန်းဆန်းတစ်ခု ဖြစ်ပျက်ခဲ့ကြောင်း သတိမထားမိခဲ့ကြပေ။ ထိုလူများ ပျောက်ကွယ်သွားသည်ကိုလည်း သတိ မထားမိပေ။

"အမ်.. ငါပဲ အမြင် မှားတာလား"

အစိမ်းရောင်အလင်း ဖျတ်ခနဲ လက်သွားသည်ကို မြင်လိုက်သော လူတစ်ယောက်က မျက်လုံးကို ပွတ်သပ်ရင်း ရေရွတ်လိုက်သည်။

အဝတ်ဆိုင်ထဲမှ ထွက်လာသော လင်းဟွမ်သည် စိတ်ထဲ ထင့်နေသည်။ စောစောက ခံစားနေရသော လူသတ်မှု အငွေ့အသက် ပျောက်ကွယ်သွားသည်။

'ဒီကောင်က တော်တော်လေး သတိရှိတာပဲ။ သံအဆင့် မုဆိုးတစ်ယောက် ဆိုပေမယ့် ငွေအဆင့် လုပ်ကြံ သတ်ဖြတ်သူရဲ့ အငွေ့အသက်ကို အာရုံခံနိုင်တယ်..'

လူလတ်ပိုင်းအမျိုးသား တစ်ယောက်က သူ့ဘာသာသူတွေးရင်း ပြုံးကာ အနီးအနားရှိ ဈေးဆိုင်တစ်ခု ရှေ့တွင် မတ်တပ်ရပ်နေသည်။ ခါးထိရှည်သော ဆံပင်ရှိပြီး အစိမ်းရောင်ဝတ်စုံ ဝတ်ဆင်ထားသည်။

သူသည် ပတ်ဝန်းကျင်ရှိ လူများနှင့် ကင်းကွာသောရုပ်ရည်မျိုး ပိုင်ဆိုင်ထားပြီး ရုပ်ရည်က ချောလှသည်။ သို့သော် အစိမ်းရောင် ဝတ်ထားသော လူ၏ တည်ရှိမှုကို မည်သူ တစ်ဦးတစ်ယောက်ကမျှ သတိထားမိပုံ မရပေ။

လင်းဟွမ်သည် အစောပိုင်းက ခံစားခဲ့ရသော လူသတ်ခြင်း အငွေ့အသက်များ ပျောက်ကွယ်သွားသော်လည်း သတိမလျှော့ချရဲပေ။

ပိုင်ကို ညီမဖြစ်သူ၏ ညာဘက်သို့ ပို့ထားလိုက်ပြီး လင်းဟွမ်က ဘယ်ဘက်ခြမ်းတွင် နေလိုက်သည်။ လင်းရှင်က သူတို့နှစ်ယောက် ကြားထဲမှ လမ်းလျှောက် သွားနေသည်။

"အစ်ကို.. အဲ့ဒီဆိုင် သွားရအောင်."

လင်းရှင်က ပျော်ရွှင်မြူးတူးစွာ ခုန်ပေါက်ပြီး လက်ခုပ်တီးကာ အသားကင်ဆိုင်ကို ညွှန်ပြနေသည်။

"ကောင်းပြီလေ.."

လင်းဟွမ်က ပြောလိုက်သည်။

ဆိုင်ဖွင့်ထားသော်လည်း လူတိုင်းက တန်းစီပြီး စောင့်ဆိုင်းနေကြသည်။

"ဒီဆိုင်ရဲ့သုံးသပ်ချက်ကို အရင်က ဖတ်ဖူးတယ်။ သူတို့ရဲ့ ဟင်းချက်နည်းက နှစ်ပေါင်း ၅၀ကျော် ကြာနေပြီး မျိုးဆက်သုံးဆက် အမွေကမ်းခဲ့တဲ့ ဟင်းချက်နည်းလို့ ပြောကြတယ်.."

လင်းရှင်က လင်းဟွမ်ကို ပြောလိုက်သည်။

"ဆိုင်ဖွင့် ထားတာလည်း ကြာနေပြီ။ တန်းစီနေတဲ့လူတွေကလည်း တော်တော်လေး များနေတယ်ဆိုတော့ တော်တော်လေး နာမည်ကြီးတယ် ထင်တယ်.."

လင်းဟွမ်သည် လင်းရှင်နှင့်အတူ ဝင်ရောက် တန်းစီပြီး ခေါင်းညိတ်ကာ ပြန်ပြောလိုက်သည်။

လင်းဟွမ်သည် လူတန်းထဲတွင် ဝင်ရောက် တန်းစီပြီးနောက် ရုတ်တရက် မျက်မှောင် ကြုတ်သွားသည်။ လူသတ်ချင်သော အငွေ့အသက်ကို နောက်တစ်ကြိမ် ပြန် ခံစားလာရသည်။

အလွန်စည်ကားနေသဖြင့် မည်သည့်အရပ်မှ ဦးတည်လာလဲ ဆိုသည်ကို မဆုံးဖြတ်နိုင်ပေ။ ထိုလူက သူနှင့်အလွန်နီးကပ်သော နေရာတွင် ရှိနေကြောင်း ခံစားနိုင်သည်။ ဝင်လာသော တိုက်ခိုက်မှုအတွက် ပြင်ဆင်ရင်း တစ်ကိုယ်လုံး တောင့်တင်းနေသည်။

ရုတ်တရက်ပင် သေစေနိုင်သော အငွေ့အသက်သည် ပျောက်ကွယ် သွားပြန်သည်။

'ဒီတစ်ခါတော့ ထင်ယောင်ထင်မှား ဖြစ်နေတာ မဖြစ်နိုင်ဘူး..'

လင်းဟွမ်သည် သူ့ဘာသာသူ ပြန်တွေးလိုက်သည်။ သတ်ဖြတ်ခြင်း အငွေ့အသက်က အမှန်တကယ် ရှိခဲ့သည်မှာ သေချာသည်။ သို့သော် ဘာကြောင့် ရုတ်တရက် ပျောက်ကွယ်သွားလဲ ဆိုသည်ကို မသိပေ။ သူ့ကို သတ်ဖြတ်ရန် ကြံစည်နေသော လူများသည် တစ်ကြိမ်ပြီးတစ်ကြိမ် ဖယ်ရှား ခံနေရကြောင်း ခံစားမိသည်။

လင်းဟွမ်နှင့် မဝေးသော အဆောက်အဦး တစ်ခု၏ ထောင့်တစ်နေရာတွင် ကုတ်အင်္ကျီ

ဝတ်ဆင်ထားသော အမျိုးသား တစ်ယောက်က ဖုန်းနံပါတ်တစ်ခုကို ခေါ်လိုက်သည်။

"ဒုတိယအဖွဲ့ အသတ်ခံခဲ့ရတယ်။ အခုချိန်အထိ လူသတ်သမားက ဘယ်သူလဲဆိုတာ ငါ မဖော်ထုတ်နိုင်သေးဘူး.."

ကုတ်အင်္ကျီ ဝတ်ဆင်ထားသော လူ၏ရှေ့တွင် အစိမ်းရောင် ဝတ်ဆင်ထားသော လူက ဖျပ်ခနဲ ပေါ်လာသည်။ သူ့မျက်နှာကို စိုက်ကြည့်ပြီး တောက်ပစွာ ပြုံးပြနေသည်။

"မင်းက.. .."

ကုတ်အင်္ကျီ ဝတ်ဆင်ထားသော အမျိုးသားသည် အံ့အားသင့်၍ အသံထွက်သွားသည်။ ပိုရှင်းအောင် ပြောရလျှင် ထိုလူကို သူသိသည်။

“မင်းရဲ့သူဌေးနဲ့ စကားပြောချင်လို့။ မင်းက ငါ့ဆီက အာရုံစိုက်မှုရဖို့ အရည်အချင်း မပြည့်သေးဘူး..”

အစိမ်းရောင်ဝတ်ထားသော အမျိုးသားက အေးစက်စွာပြုံးပြီး ပြောလိုက်သည်။

“ဘယ်သူလဲ..”

ဆက်သွယ်ရေး မျက်နှာပြင်မှ အသံသြကြီးနှင့် လူတစ်ယောက်က မေးလိုက်သည်။ သို့သော် ကုတ်အင်္ကျီ ဝတ်ထားသော အမျိုးသားကို ထွင်းဖောက်မြင်နေရသော ဝံပုလွေတစ်ကောင်က လည်ချောင်းကို ဖမ်းကိုက်လိုက်သဖြင့် စကားသံက ချက်ချင်း ရပ်တန့်သွားသည်။

"မင်းနဲ့ ဆုံကြပြန်ပြီ။ ငါ ဘယ်သူလဲဆိုတာ မင်းသိမှာပါ.."

အစိမ်းရောင်ဝတ်စုံ ဝတ်ထားသော လူသည် ဖုန်းထဲမှလူက နားထောင်နေမှန်း သိနေသဖြင့် အေးအေးဆေးဆေး ပြောလိုက်သည်။

"သေချာတာပေါ့။ မင်း ဘယ်သူလဲဆိုတာ ငါသိပါတယ် ပြဿနာရှာသူ"

ခေတ္တမျှ တိတ်ဆိတ်သွားပြီးနောက် သူဌေးက ပြန်ဖြေသည်။

"ကောင်းပြီ.. နာရီစင်မှာ တွေ့ကြတာပေါ့"

ဝတ်ရုံစိမ်း ဝတ်ထားသော အမျိုးသားက ပြောလိုက်သည်။

ဖုန်းချပြီးသည်နှင့် ထွင်းဖောက် မြင်နေရသော ဝံပုလွေလေးက ရုတ်တရက် ပိုကြီးလာပြီး ပါးစပ်ဟကာ ကုတ်အင်္ကျီ ဝတ်ဆင်ထားသောလူကို မျိုချလိုက်သည်။ သို့သော် သူတို့နှင့် နှစ်မီတာအကွာမှ ဖြတ်သွားသော လူများသည် ထိုအဖြစ်အပျက်ကို သတိမထားမိကြပေ။

ဝတ်ရုံစိမ်းဝတ်ထားသော အမျိုးသားသည် ထွင်းဖောက် မြင်နေရသကဲ့သို့ ဖြစ်နေသည်။

အစိမ်းရောင် ဝတ်ထားသော အမျိုးသားသည် မြေပြင်ကို ဖနောက် တစ်ချက်ပေါက်လိုက်ရာ အစိမ်းရောင် အလင်းတန်းအဖြစ် ပြောင်းလဲသွားသည်။ မကြာခင် ရှားလမ်းဘေးရှိ နာရီစင်သို့ ရောက်သွားသည်။

အနက်ရောင်ဝတ်စုံ ဝတ်ထားသော လူက နာရီစင်ထိပ်တွင် မတ်တပ် ရပ်နေသည်ကို တွေ့လိုက်သဖြင့် ခေါင်းမော့ကြည့်လိုက်သည်။ ဦးထုပ်အင်္ကျီ ဆောင်းထား၍ အရိပ်ကျနေသောကြောင့် ရှင်းရှင်းလင်းလင်း မမြင်ရပေ။

“ဩော်.. ဒါ မင်းပဲ၊  ဖန်ကျိုရန် ”

အနက်ရောင် ဝတ်ထားသောလူက ချက်ချင်း မှတ်မိပြီး အလန့်တကြား နှုတ်ဆက်လိုက်သည်။

“နွေရာသီမှာ ဒီလိုဝတ်ထားတာ မပူဘူးလားကွာ”

ဖန်ကျိုရန်က အကြံများသောအပြုံးကို ပြုံးပြီး မေးလိုက်သည်။

“လျှန်မိသားစုက ဒီကောင်လေးကို ကာကွယ်ပေးမှာလား..”

အနက်ရောင် ဝတ်ထားသောလူက သူ့မေးခွန်းကို လျစ်လျူရှုပြီး မေးလိုက်သည်။

“ငါက ဒီတောင် ရောက်နေပြီ.. မင်းက ဘယ်လိုထင်လဲ..”

ဖန်ကျိုရန်က ပခုံးတွန့်ပြပြီး ပြောလိုက်သည်။

“သူနဲ့ လျန်မိသားစုကြားက ဆက်ဆံရေးက ဘယ်လိုလဲ..”

အနက်ရောင်ဝတ်စုံ ဝတ်ထားသော လူက မေးသည်။

"ငါကလည်း မင်းကို မေးချင်တယ်။ သေသွားတဲ့လူတွေက အရေးမကြီးတဲ့ လူပဲ။ ဒါပေမယ့် သံအဆင့်ရှိတဲ့ ကောင်လေးတစ်ယောက်ကို သတ်ဖို့ ဘာကြောင့် သာလွန်အဆင့်တစ်ယောက်ကို ငှားထားရတာလဲ။ သူ့ရဲ့ လျှို့ဝှက်အထောက်အထား ကြောင့်လား"

ဖန်ကျိုရန်သည် ဇဝေဇဝါ ဖြစ်နေသဖြင့် မေးစေ့ကိုပွတ်ရင်း မေးလိုက်သည်။

"ဒါဆို လျှန်မိသားစုက ဒီကိစ္စကို ဝင်စွက်ဖက်မှာလား.."

အနက်ရောင် ဝတ်ထားသောလူက ဖန်ကျိုရန်၏ မေးခွန်းကို လျစ်လျူရှုပြီး ထပ်မေးသည်။

“လုပ်ကြံသတ်ဖြတ် သူတိုင်းကို သတ်ဖို့ ညွှန်ကြားချက် ရထားတယ်..”

စကားဆုံးသည်နှင့် သူ၏စွမ်းရည်ကို ချက်ချင်း အသက်သွင်းလိုက်သည်။ လက်ကို ဝှေ့ယမ်းလိုက်ရာ အစိမ်းရောင်ဝံပုလွေ တစ်အုပ်သည် မည်သည့်နေရာမှ ထွက်ပေါ်လာမှန်း မသိ ထွက်ပေါ်လာပြီး အနက်ရောင် ဝတ်ဆင်ထားသောလူထံ ပြေးဝင်သွားသည်။

“ဖန်ကျိုရန်၊ မင်းက တိုက်ပွဲစဖို့ ကြိုးစားနေတာလား..”

အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားသော လူက လှမ်းအော်သည်။ သွေးနီရောင် တောက်ပ၍ ရှည်လျားသော ဓားရှည်တစ်ချောင်းက ကောင်းကင်ကြီးကို ဖြတ်သန်းပြီး ဝံပုလွေအုပ်ကြီးကို ဖြတ်ချသွားသည်။ ထို့နောက် ထိုလူသည် မီးခိုးရောင်အလင်းတန်းအဖြစ် အသွင်ပြောင်းပြီး ပျောက်ကွယ်သွားသည်။

“မြန်မြန်ပြေးတော့..”

ဖန်ကျိုရန်က စိတ်ပျက်သွားသော အသံဖြင့် တိုးတိုးလေး ပြောလိုက်သည်။ ထို့နောက် လက်ကိုဝှေ့ယမ်းလိုက်ရာ အစိမ်းရောင် ဝံပုလွေအုပ်ကြီးသည် လုံး၀ ပျောက်ကွယ်သွားသည်။ ထို့နောက် ရှားလမ်းထဲသို့ ဖြည်းဖြည်းခြင်း လျှောက်သွားသည်။

## အခန်း(၁၀၇) – ပုံရိပ်အစစ်အမှန်

လင်းဟွမ် နှင့် လင်းရှင်တို့ ဟိုတယ်သို့ ပြန်ရောက်သာအခါ ည ၁၀ နာရီထိုးနေပြီ။

ဖန်ကျိုရန်သည် ထိုဟိုတယ်ထဲတွင် တည်းခိုနေပြီး သူ့အခန်းက သူတို့နှင့် အနီးဆုံး နေရာတွင် ရှိနေသည်။ သို့သော် လင်းဟွမ်က ထိုကိစ္စကို လုံးဝ သတိမထားမိပေ။

အခန်းထဲသို့ ပြန်ရောက်သည်နှင့် လင်းရှင်က ချက်ချင်းနီးပါး အိပ်ပျော်သွားသည်။ အခြားတစ်ဖက်တွင်မူ လင်းဟွမ်က တစ်ညလုံး လေ့ကျင့်နေခဲ့သည်။

'လူတွေက ငါ့ဆီ နှစ်ခါတောင်လာတယ်လို့ ခံစားရတယ်။ ဒါက ထင်ယောင်ထင်မှား ဖြစ်တာ မဟုတ်ဘူး။ ဒါပေမယ့် ခံစားချက်က ဘာဖြစ်လို့ ပျောက်ကွယ်သွားတာလဲ.. တစ်ယောက်ယောက်က သူတို့ကို သတ်လိုက်တာလား..'

လင်းဟွမ်သည် မည်ကဲ့သို့ ဖြစ်သွားလဲ ဆိုသည်ကို မသိပေ။ သို့သော် သူ့ခန့်မှန်းချက်က အမှန်တရားနှင့် နီးစပ်ခဲ့ကြောင်း သူမသိခဲ့ချေ။

ဒါသည် အဖွဲ့ခွဲ (၃) တွင် ရောက်နေသော လျန်ယုရှင်းနှင့် ပတ်သက်နေလိမ့်မည်ဟု မည်သည့် အချိန်ကမျှ မထင်ခဲ့ပေ။ စိတ်လျှော့လိုက်ပြီးနောက် တိတ်တိတ်လေး အိပ်မောကျသွားသည်။

ဝက်ဘ်ဆိုက်ပေါ်က သတင်းအသစ်များကို ကြည့်ရှုရင်း အိပ်ပျော်သွားသဖြင့် နှလုံးသား ကွန်ရက်ကို ဖွင့်လျက်သား ဖြစ်နေသည်။

နှလုံးသားကွန်ရက်ပေါ်က ပြည်တွင်း သတင်းခေါင်းစဉ်တစ်ခုသည် လင်းဟွမ်၏ စိတ်အာရုံကို ဖမ်းစားခဲ့သည်။

'အခုတလော ရှောင်ကွမ်မြို့ ခြေကုပ်အမှတ် (၇) ဘီ(၆၁) မှာ လူသတ်မှုကျူးလွန်တဲ့ အရေအတွက် တိုးလာပါတယ်။ ပြီးခဲ့တဲ့ လေးရက်အတွင်း လူသတ်မှုဆက်တိုက် ဖြစ်ပွားခဲ့ပါတယ်။ ပထမနေ့မှာ သေဆုံးသူ ၁၆ ယောက်နဲ့ ဒီနေ့ထိဆိုရင် သေဆုံးသူအားလုံးက သာမန်အဆင့်၊ သာမန်လူနဲ့ သာမန်သံအဆင့်ရှိတဲ့ လူတွေပဲ ဖြစ်ပါတယ်။ ကြေးအဆင့်

တစ်ယောက်မှ မသေသေးပါဘူး။ ဒီအဖြစ်အပျက်က ပြည်ထောင်စု အစိုးရရဲ့ အာရုံစိုက်မှုကို ခံနေရပါတယ်' ဟု ရေးသားထားသည်။

'လေးရက်တောင်ရှိနေပြီ။ ဒါတောင် လူသတ်သမားကို ဖမ်း မမိသေးဘူး..'

လင်းဟွမ်က တွေးလိုက်သည်။

သူသည် ရှောင်ကွမ်မြို့၏ လုံခြုံရေးစနစ်ကို သံသယ ဝင်နေခဲ့သည်မှာ အတော်ကြာနေပြီ။ (၁၂) နာရီထိုးသောအခါ လင်းဟွမ် အိပ်ငိုက်လာသည်။

ထို့နောက် နှလုံးသားကွန်ရက်ကို ကြည့်လျက် အိပ်ပျော်သွားသည်။

အခြားအခန်းတွင် ဖန်ကျိုရန်သည် ဆိုဖာခုံပေါ်တွင် ထိုင်ကာ ဖုန်းနံပါတ်တစ်ခုကို ဖုန်းခေါ်လိုက်သည်။ ခဏအကြာ ဖုန်း ပြန်ဖြေလာသည်။

သူ့ရှေ့တွင် ဗီဒီယို မျက်နှာပြင်တစ်ခု ပေါ်လာသည်။ ဗီဒီယို မျက်နှာပြင်ထဲတွင် ဦးလေးလီရှိနေပြီး ထိုလူသည် မနေ့က လျန်ယုရှင်းနှင့်ဖုန်း ပြောခဲ့သောလူ ဖြစ်သည်။

"ချစ်လှစွာသော အိမ်တော်ထိန်း မင်္ဂလာ ညချမ်းပါ"

ဖန်ကျိုရန်က နှုတ်ဆက်လိုက်သည်။

"ဘယ်လိုလဲ.."

အိမ်တော်ထိန်းလီက မေးသည်။

"တော်တော်လေး အဆင်ပြေပါတယ်။ ငါက ဒီရက်ပိုင်းအတွင်း မျက်နှာဖုံး တပ်ထားတယ်။ ဒါကြောင့် ဘာပြဿနာမှ မဖြစ်လာနိုင်ပါဘူး"

ဖန်ကျိုရုန်သည် ခန္ဓာကိုယ်ကို မတ်မတ်ထားပြီး လက်ပိုက်ထားရင်း ပြောလိုက်သည်။

“မသေချာတာ တစ်ခုခုရှိလား။ ဘာဖြစ်တာလဲ..”

အိမ်တော်ထိန်းလီက ဖန်ကျိုရုန်၏ အမူအရာကို ကြည့်ပြီး စိတ်ဖတ်နိုင်သည်။

“ဟုတ်တယ်။ တစ်ခုခုတော့ ဖြစ်ခဲ့တယ်။ သူတို့က လုပ်ကြံသတ်ဖြတ်ဖို့အတွက် သာလွန်အဆင့် လူတစ်ယောက် ငှားထားတယ်။ ဒါပေမယ့် ငါ့ကိုတော့ကြောက်ကြတယ်..”

ဖန်ကျိုရန်က ဖြေလိုက်သည်။

“သူတို့က လင်းဟွမ်ကိုသတ်ဖို့ သာလွန်အဆင့် တစ်ယောက် ငှားခဲ့တာလား”

အိမ်တော်ထိန်းလီသည် စကားပြောရင်း မျက်မှောင် ကြုတ်သွားသည်။

“ဒီပြဿနာက သေသွားတဲ့ကောင်ကြောင့်ပဲလား။ ဒါမှမဟုတ် လင်းဟွမ်မှာ ငါတို့မသိသေးတဲ့ တခြားလျှို့ဝှက်ချက်တွေ ရှိသေးတာလား”

အိမ်တော်ထိန်းလီက မေးခွန်းထုတ်လိုက်သည်။

"ငါ လင်းဟွမ်ရဲ့ နောက်ခံသမိုင်းကြောင်းကို အကြိမ်ပေါင်းများစွာ စစ်ဆေးပြီးပြီ။ ဘာပြဿနာမှ မရှိနိုင်ဘူး.."

"သေဆုံးသွားတဲ့လူနဲ့ ပတ်သက်ပြီး တစ်ခုခု မှားနေပြီလို့ ငါတော့ထင်တယ်"

ဖန်ကျိုရန်က ခန့်မှန်းလိုက်သည်။

"အရင်က ထူးထူးခြားခြား မေးဖူးပေမယ့် ဘာမှတော့ မပြောဘူး။ တစ်ခုခု ဖုံးကွယ်ဖို့ ကြိုးစားနေတဲ့ပုံပဲ။ အခုက ပြဿနာ ပိုကြီးလာပြီ"

ဖန်ကျိုရန်က ပြောလိုက်သည်။

“နောက်ထပ် သတင်းအချက်အလက်တွေ ရှိနိုင်မလားဆိုတာ ငါ ကြိုးစားကြည့်လိုက်မယ်”

“မင်းရဲ့ အားစိုက်ထုတ်မှု အတွက် ကျေးဇူးတင်ပါတယ်”

အိမ်တော်ထိန်းလီက ချက်ချင်း ဖုန်းချသွားသဖြင့် ဖန်ကျိုရန်သည် အငိုက်မိကာ အံ့အားသင့်သွားသည်။

“အိမ်တော်ထိန်းလီကတော့ အမြဲတမ်း ဖုန်းကို ကောက်ခါငင်ခါ ချနေတော့တာပဲ”

ဖန်ကျိုရန်သည် ရုတ်တရက် ပိတ်သွားသော မျက်နှာပြင်ကို ကြည့်နေရင်း ပြောလိုက်သည်။ ဆက်သွယ်ရေး မျက်နှာပြင်ကို ပိတ်ပြီးနောက် သူနှင့်အဆက်အသွယ်ရှိသော အဖွဲ့မှ မိတ်ဆွေများနှင့် စကားပြောခဲ့သည်။

သာလွန်လူသား တစ်ယောက်အနေဖြင့် နေ့တိုင်းအိပ်ရန် မလိုအပ်ပေ။ ထို့ကြောင့် သူ့တွင် အချိန်များစွာ ပို နေသည်။

မနက် (၁) နာရီခန့်တွင် အိမ်တော်ထိန်းလီက သူ့ထံ စာတစ်စောင် ပို့လာသည်။

"လင်းဟွမ် သတ်ခဲ့တဲ့လူက တစ်ခုခု မှားနေပြီ။ သူ့အလောင်း ပျောက်သွားတယ်။ ဒီကိစ္စနဲ့ ပတ်သက်တဲ့ သဲလွန်စတွေ အားလုံး ဖျက်ဆီးခံရတယ်.."

မက်ဆေ့ချ်ထဲတွင် ထိုကဲ့သို့ ဖော်ပြထားသည်။

ဖန်ကျိုရန်သည် ထိုမက်ဆေ့ချ်ကို ဖတ်နေရင်း မျက်မှောင် ကြုတ်သွားသည်။ ထို့နောက် သက်ပြင်းချလိုက်ကာ ..

"လင်းဟွမ်.. လင်းဟွမ်.. မင်းကတော့ ဘာတွေ ရှုပ်ခဲ့တာလဲ"

……

အစောပိုင်း နာရီအနည်းငယ်က တောထဲတွင် ကြက်သွေးရောင် အလင်းတန်းတစ်ခု ဖျတ်ခနဲ လင်းသွားသည်။

ဝတ်စုံနက် ဝတ်ထားသော အမျိုးသားသည် ကောင်းကင်ကို ပြန်မော့ကြည့်ပြီး သက်ပြင်း ချလိုက်သည်။

"ကံကောင်းတယ်၊ ကံကောင်းတယ်၊ ငါ့နောက် မလိုက်လာဘူး"

ဦးထုပ်ကို ချွတ်ပြီးနောက် နှလုံးသားကွန်ရက်၏ ဆက်သွယ်ရေး မျက်နှာပြင်ကို ဖွင့်ကာ ဖုန်းနံပါတ်တစ်ခုကို ခေါ်လိုက်သည်။

"ဘယ်လိုလဲ.."

ဆက်သွယ်ရေး စက်ထဲမှ အသံထွက်လာသည်။

"မအောင်မြင်ဘူး။ လျှန်မိသားစုရဲ့ ဖန်ကျိုရန်က သူ့ကိုကာကွယ်ပေးဖို့ ရှိနေတယ်။ လျှန်မိသားစုက ဘယ်လိုပဲဖြစ်ဖြစ် ဒီကိစ္စကို ဝင်စွက်ဖက်မယ်လို့ ပြောနေတယ်"

ဝတ်စုံနက် ဝတ်ထားသော အမျိုးသားက ပြောလိုက်သည်။

"လျှန်မိသားစုလား"

ဖုန်းထဲမှလူသည် ခေတ္တမျှ တိတ်ဆိတ်သွားပြီးနောက် ထပ်ပြောလိုက်သည်။

"လုပ်ကြံရေး သမားတွေ အားလုံး ပြန်သိမ်းလိုက်တော့။ ဒီကိစ္စက ထပ်ရှုပ်လာရင် ငါတို့အတွက် အကျိုးရှိမှာ မဟုတ်ဘူး"

"ဒါပေမယ့် ဒီကိစ္စကို မစ္စတာဟွမ်ဆီ ဘယ်လိုပြောကြမလဲ"

အနက်ရောင် ဝတ်စုံ ဝတ်ထားသောလူက မေးလိုက်သည်။

"ငါသူ့ကို ရှင်းပြလိုက်မယ်။ သေသွားတဲ့ လူက သူနဲ့သွေးဝေးတဲ့ အမျိုးဖြစ်နေတော့ ငါတို့ရဲ့လုပ်ငန်းက ပိုအရေးကြီးတယ်လို့ ထင်တာပဲ။ သူလက်စားချေဖို့ အကူအညီ တောင်းခဲ့တယ်။ ငါတို့လည်း အစွမ်းကုန် ကြိုးစားခဲ့တယ်။

ဘောင်အပြင်ဘက် မရောက်သွားတာဘဲ ကျေးဇူးတင်ရမယ်”

ကျန်းယွမ်သည် ဖုန်းပြောပြီး ချလိုက်သည်။

ကျန်းမိသားစုသည် အဖွဲ့ခွဲ (၇) ရှိ အလယ်အလတ်တန်းစား တော်ဝင်မိသားစု တစ်ခုဖြစ်သည်။ သူတို့သည် လျန်မိသားစုနှင့် မယှဉ်နိုင်ပေ။ သို့သော် တစ်ဖက်လူကိုလည်း မစော်ကားနိုင် ဖြစ်နေသည်။ တော်တော်လေး ဘေးကျပ်နံကျပ် ဖြစ်နေသည်။

အခြား တော်ဝင်မိသားစုများနှင့် တစ်နာရီ ကျော်ကြာအောင် ဗီဒီယို အစည်းအဝေး

လုပ်ပြီးနောက် နောက်ဆုံးတွင် လုပ်ကြံမှု အစီအစဉ်ကို စွန့်လွှတ်ရန် ဆုံးဖြတ်ခဲ့ကြသည်။

ဒီစစ်ဆင်ရေးကို ဦးဆောင်ခဲ့သည့် လူအနေဖြင့် ဤကိစ္စကို မစ္စတာဟွမ်ထံ ကိုယ်တိုင် သတင်းပို့ရန်မှလွဲ၍ အခြား ရွေးချယ်စရာ မရှိတော့ပေ။ အခန်းပြတင်းပေါက်များကို အကုန် ပိတ်ပြီးနောက် ဖုန်းနံပါတ် တစ်ခုကို ဖုန်းခေါ်လိုက်သည်။

အကြိမ်ပေါင်းများစွာ ဖုန်းသံမြည်ပြီးနောက် ဖုန်း ပြန်ဖြေလာသည်။

"ပြောပါ.."

အထက်စီးဆန်သော အသံက မေးလာသည်။ ထိုအသံသည် ယောက်ျားတစ်ယောက်၏ အသံဖြစ်သည်။ သို့သော် အသက်ကိုတော့ မခန့်မှန်းနိုင်ပေ။

"မစ္စတာဟွမ်၊ လင်းဟွမ်ကို သတ်မယ့် ငါတို့စစ်ဆင်ရေးမှာ လျှန်မိသားစုက ဝင်တား နေတယ်"

ကျန်းယွမ်က ဖြစ်ပျက်သမျှ အကုန် ပြောပြလိုက်သည်။

တစ်ဖက်လူသည် အချိန်အတော် ကြာအောင် တိတ်ဆိတ် သွားပြီးနောက် ..

"ကောင်းပြီ.. မင်းနဲ့ကျန်တဲ့လူတွေ အဖွဲ့ခွဲ (၇) မှာ စီးပွားရေး လုပ်စရာ မလိုတော့ဘူး"

စကား ဆုံးသွားသည်နှင့် ဖုန်းချသွားသည်။

ကျန်းယွမ်သည် အူကြောင်ကြောင် ဖြစ်ကျန်ခဲ့သည်။

"ဘာဖြစ်တာလဲ.."

ကျန်းယွမ်သည် နောက်တစ်ကြိမ် ဖုန်းပြန်ခေါ်သော်လည်း သူ့ဖုန်းနံပါတ်ကို ဘလော့သွားသည်။

........

အဖွဲ့ခွဲ (၂)....

စိတ်ကူး မယဉ်နိုင်လောက်အောင် ခမ်းနားလှပသော ရဲတိုက်တစ်ခုထဲတွင် ခရမ်းရောင်ဝတ်စုံဝတ်ထားသော အသက် (၃၀) အရွယ် အမျိုးသမီးတစ်ယောက်သည် ဦးခေါင်းအရိုးကို လက်ဖြင့် ပွတ်သပ်နေသည်။

"ရှန်းအာ၊ ဘာဖြစ်လို့ မေမေ့စကားကို နားမထောင်တာလဲ.. မင်းက ကောင်မလေးတွေကို သဘောကျတယ်လို့ပြောရင် အဖွဲ့ခွဲ (၇) မှာ မင်းအတွက် ဒီလိုအလုပ်တွေ လုပ်ခိုင်းဖို့ လောဟွမ်ကို ပြောလိုက်လို့ရတယ်။ လောဟွမ်နဲ့ တခြားကောင်တွေကို ဂရုစိုက်ပြီးတော့ လုပ်ခိုင်းလိုက်ရင် မင်းက အဖွဲ့ခွဲ (၇) မှာ တော်ဝင်မျိုးနွယ် ဖြစ်လာလိမ့်မယ်။ လောဟွမ်က မင်းအတွက် အထောက်အထားအတု ဖန်တီးပေးနိုင်တယ်။ သူတို့ကို မင်းက ပျိုးထောင်

ပေးနေတာနဲ့ သူတို့က မင်းရဲ့ ထောက်ပံ့သူ ဖြစ်လာနိုင်တယ်”

ထိုအမျိုးသမီးက တည်ငြိမ်စွာ ပြောလိုက်သည်။

“ငါက ထောက်ပံ့သူ ဖြစ်ချင်လည်း အဆင်ပြေ သေးတယ်။ မင်းက ကွဲနေတဲ့ ကံကြမ္မာစက်ဝိုင်းနဲ့ မွေးလာလို့ မင်းရဲ့ ကံကြမ္မာစွမ်းအားကို အသုံးမချနိုင်ဘူး။ မင်းက အကာအကွယ်ပစ္စည်းတွေ မသုံးနိုင်ဘူးဆိုတာ မင်းသိပါတယ်။ မင်းကို ကာကွယ်ဖို့အတွက် လောဟွမ်ကို လိုအပ်တယ်။ ဒါပေမယ့် မင်းက မင်းနဲ့မဆိုင်တဲ့

ကောင်မလေးတွေကို လိုက်ရှာတာက ဒီပြဿနာ ဖြစ်လာရတဲ့ အကြောင်းအရင်းပဲ..”

ရုတ်တရက် ဒေါသတကြီး အော်ဟစ်လိုက်သည်။

ဦးခေါင်းခွံ၏ မျက်လုံးသည် အပြာရောင် အလင်းများ တောက်ပလာသည်။ မေးရိုးက တကက်လိုက်ကျလိုက် ဖြစ်လာပြီး လူတစ်ယောက်၏ အသံ ထွက်ပေါ်လာသည်။ လင်းဟွမ်သာ ဤနေရာတွင်ရှိပါက ထိုအသံကို သေချာပေါက် ရင်းနှီးလိမ့်မည်။ ဒါသည် သူသတ်ခဲ့သော ဝေရှန်း၏အသံ ဖြစ်နေသောကြောင့် ဖြစ်သည်။

"မေမေ.. ငါ လက်စားချေဖို့ ကူညီပေးပါ"

လင်းဟွမ်၏ သတ်ဖြတ်ခြင်းကို ခံရပြီးနောက် သူ၏ဝိညာဉ်ကို လှောင်အိမ်ထဲ ချိတ်ပိတ်ပြီး အလောင်းကျွန်အဖြစ် ပြုလုပ်ထားခဲ့သည်။

ဦးခေါင်းခွံက အော်လိုက်သည်။

"ရှန်းအာ၊ စိတ်ငြိမ်ငြိမ်ထား.. ငါတို့ လက်စားချေကြမယ်။ ဒါပေမယ့် မင်းက စိတ်ရှည်ရမယ်။ လျှန်မိသားစုက အဖွဲ့ခွဲ (၇) မှာ အရမ်းသြဇာကြီးမားတယ်။ သူတို့က အဖွဲ့အစည်း (၃) နဲ့လည်း တစ်နည်းတစ်ဖုံ ပတ်သက်

ဆက်နွယ်နေတယ်။ မင်း လက်စားချေနိုင်အောင် ငါစီစဉ်ပေးမယ်။ မင်းက ဝိညာဉ်မွေးဖွားခြင်း ပုလင်းထဲမှာ နောက်ထပ် (၃) နှစ်တော့ နေရမယ်။ မင်းရဲ့ဝိညာဉ် ပြန်ပြီး တည်ငြိမ်လာတဲ့အခါ မသေနိုင်တဲ့ မျိုးစေ့ကို ငါရှာပေးမယ်။ မင်းက မသေနိုင်တဲ့ သက်ရှိတစ်ယောက် အဖြစ် အသက်ရှင်လိမ့်မယ်”

မိခင ဖြစ်သူက ရှင်းပြသည်။

“မေမေ့မှာ ဘာအစီအစဉ် ရှိလဲ..”

အရိုးခေါင်းက မေးလိုက်သည်။

"သူမကို သွားခေါ်စမ်း.."

ခရမ်းရောင်ဝတ်စုံ ဝတ်ထားသော အမျိုးသမီးက လက်ခုပ်တီးရင်း ပြောလိုက်သည်။

ကျစ်ဆံမြီး ကျစ်ထားသော မိန်းကလေးကို အိမ်အကူတစ်ယောက်က ခေါ်ဆောင်လာခဲ့သည်။

ခရမ်းရောင် ဝတ်ထားသော အမျိုးသမီးကို ကြောက်လန့်တကြား လှမ်းကြည့်သည်။

"လီလီ.."

အရိုးခေါင်းက ဝမ်းသာအားရ အော်ခေါ်လိုက်သည်။

“ဖေဖေ..”

ချက်ချင်းဆိုသလို လီလီ၏ ကြောက်ရွံ့မှုများ ပျောက်ကွယ်သွားပြီး အရိုးခေါင်းကို ပြေးဖက်လိုက်သည်။

“လီလီ၊ မင်းအဖေက (၃) နှစ် အတွင်း ပြန်ရှင်လာလိမ့်မယ်။ မင်းအဖေကို သတ်ခဲ့တဲ့လူကို လက်စားချေဖို့ မင်းအဖေကို မကူညီချင်ဘူးလား”

ခရမ်းရောင် ဝတ်ထားသော အမျိုးသမီးက လီလို့ကိုကြည့်ပြီး ပြုံးလိုက်သည်။

"ကူညီမယ်.."

လီလီက ခေါင်းညိတ်လိုက်သည်။

"မင်း သန်မာချင်ရင်တော့ အရမ်း ခက်ခဲမယ်နော်။ မင်း သေတောင် သေသွားနိုင်တယ်။ အဲ့ဒါကို မင်းကြောက်လား"

ခရမ်းရောင် ဝတ်ထားသော အမျိုးသမီးကပြုံးပြီး ကောင်မလေးကို မေးလိုက်သည်။

"ငါ လုံးဝ မကြောက်ဘူး.."

လီလီက အော်ဟစ်ရင်း ခေါင်းခါလိုက်သည်။

"ကောင်းပြီ၊ ငါမင်းကို ဖီးနစ်ကျွန်းမှာ တစ်နှစ် လေ့ကျင့်ဖို့ လွှတ်လိုက်မယ်.. မင်း အသက်ရှင်နိုင်မယ်ဆို မင်းကို အဖွဲ့ခွဲ (၇)ဆီ ပို့ပေးလိုက်မယ်။ အဲ့ဒီမှာ တစ်လအတွင်း လင်းဟွမ်ကိုသတ်ရမယ်.."

ထိုအမျိုးသမီးက ပြောလိုက်သည်။

ခရမ်းရောင် ဝတ်ထားသော အမျိုးသမီးသည် စကားဆုံးသွားသောအခါ အိမ်အကူကို ကြည့်ပြီး ခေါင်းညိတ်ပြလိုက်သည်။

အိမ်အကူသည် လီလီနှင့်အတူ ထွက်ခွာသွားသည်။

ခရမ်းရောင်ဝတ်ထားသော အမျိုးသမီးက အရိုးခေါင်းကို ထပ်မံပွတ်သပ်ပြီး ..

"မင်းရဲ့သမီးက လက်စားချေပြီးရင် မင်းအတွက် သတ်ပေးရင် မင်းပျော်မယ်လို့ ငါမျှော်လင့်တယ်"

“မေမေက ငါ့အပေါ် နားအလည်နိုင်ဆုံးပဲ”

အရိုးခေါင်းသည် ဝမ်းသာအားရ ပြောလိုက်ပြီး သူ့အသံက တုန်ခါနေသည်။

“လီလီ။ ဖေဖေ့ကို စိတ်မပျက်စေနဲ့”

## အခန်း(၁၀၈) - အမျိုးအမည်မသိ ပစ္စည်း။

လရောင်က တောက်ပနေပြီး လမ်းပေါ်တွင် လူရှင်းနေသည်။

ရှောင်ကွမ်မြို့ရှိ တိတ်ဆိတ်သော လမ်းကြားလေးတွင် အနက်ရောင် ဝတ်ရုံ ဝတ်ထားသော အမျိုးသား တစ်ယောက်သည် အရက်မူးနေသော လူလတ်ပိုင်း အမျိုးသား တစ်ယောက်၏ ရင်ဘတ်ကို ခါးဖြင့် ပြေးထိုးလိုက်သည်။

အထိုးခံရသော လူသည် အသံတစ်ချက်မျှပင် မထွက်နိုင်ဘဲ မြေပြင်ပေါ်တန်းပြီး လဲကျသွားသည်။

အနက်ရောင် ဂဝတ်ထားသော အမျိုးသားသည် ဓားကိုဆွဲထုတ်ပြီး အလောင်း၏ဒဏ်ရာကို လက်နှင့်ဖိထားသည်။ လက်ထဲမှ အနက်ရောင်အရည်များ စီးကျလာပြီး ကတ္တရာ အလွှာကဲ့သို့ ဖုံးအုပ်သွားသည်။

ခဏကြာတွင် အနက်ရောင် ဂဝတ်စုံဝတ်ထားသော အမျိုးသားသည် သူ့လက်ကိုဖယ်ပြီး မတ်တပ် ထရပ်လိုက်သည်။ ထို့နောက် ဦးထုပ်ကိုချွတ်ပြီး

သစ်ပင် အခေါက်နှင့်တူသော သူ့မျက်နှာပေါ်က အရေပြားကို ဖယ်ရှားလိုက်သည်။ ထို့နောက် သူ၏မျက်နှာသည် လူ့အရေပြား မျက်နှာတစ်ခုအဖြစ် ပြောင်းလဲသွားသည်။

"အား"

အမျိုးသမီး တစ်ယောက်သည် လမ်းကြားထဲမှ ထိုလူကို မြင်လိုက်လျှင် ကြောက်လန့်တကြား အော်ဟစ်လိုက်သည်။

အနက်ရောင်ဝတ်ရုံ ဝတ်ဆင်ထားသောလူသည် သူမနောက်ကို ပြေးလိုက်သွားသည်။

"ကယ်ကြပါ၊ ကယ်ကြပါ၊ မွန်းစတားတစ်ကောင် လူသတ်နေလို့ပါ"

ထိုအမျိုးသမီးက အဆက်မပြတ် အော်ဟစ်ရင်း ထွက်ပြေးနေသည်။

ခဏအကြာ ထိုအမျိုးသမီးကို လိုက်ဖမ်းနေသာ အနက်ရောင် ဝတ်ရုံဝတ် အမျိုးသားသည် သူ့အနီးသို့ တစ်စုံတစ်ယောက် ချည်းကပ် လာသည်ကို တွေ့လိုက်ရသဖြင့် ချက်ချင်း ထွက်ပြေးသွားသည်။

လုံခြုံရေး အစောင့်နှစ်ယောက်က သူ့လမ်းကို ပိတ်ထားသည်။

......

မနက်ခင်းတွင် လင်းဟွမ်သည် မနက်စာစားနေရင်း နှလုံးသား ကွန်ရက်ပေါ်က သတင်းတစ်ခုကို ဖတ်နေသည်။ ထင်ရှားသော ဒေသန္တရ ဆောင်းပါး တစ်ပုဒ်ကို တွေ့လိုက်သောကြောင့် ခလုတ်နှိပ်ပြီး ဖတ်ကြည့် လိုက်သည်။

"ဒီနေ့ အာရုဏ်မတက်ခင်က ရှောင်ကွမ်မြို့ရှိ လုံခြုံရေး အစောင့်တစ်ဦးက လူသတ်သမား တစ်ယောက်ကို ဖမ်းမိခဲ့တယ်။ လူသတ်အလောင်းရဲ့ တည်နေရာအနားမှာ လူသတ်မှုကျူးလွန်ပြီး မကြာခင်ဖြစ်ပွားခဲ့တဲ့ လူသတ်သမား တရားခံ ဖြစ်ပုံရတယ်။ စုံစမ်းနေဆဲ အခြေအနေမှာပဲ ရှိနေသေးတယ်၊ လူသတ်မားရဲ့ နာမည်နဲ့ ဘာလို့ သတ်ချင်ရတာလည်း ဆိုတာကို ပြည်ထောင်စု အစိုးရက စုံစမ်းစစ်ဆေး နေပါတယ်”

“အစ်ကို ဘာတွေ ဖတ်နေတာလဲ"

ဘေးတွင်ထိုင်သော လင်းရှင်သည် သတင်းကို မြင်လိုက်လျှင် မျက်မှောင် ကြုတ်သွားပြီး မေးလိုက်သည်။

"အခုတလော လူသတ်မှုကို ကျူးလွန်နေခဲ့တဲ့ လူသတ်သမားကို သူတို့ဖမ်းမိခဲ့တယ်"

လင်းဟွမ်သည် လင်းရှင်ကို လှည့်ကြည့်လိုက်ရာ သူမ၏ ပန်းကန်ပြားထဲတွင် အစားအသောက် ကုန်နေကြောင်း သတိထား လိုက်မိသည်။

"မင်း ဗိုက်ဝပြီလား။ မင်း မဝသေးရင် ထပ်မှာလို့ရတယ်"

လင်းဟွမ်က သူ့ညီမကို ပြောလိုက်သည်။

"အစ်ကိုက ဗိုက်ပြည့်နေပြီလား၊ ငါ သစ်သီးအချို့ ယူမယ်"

လင်းရှင်သည် ပြောပြီးနောက် သစ်သီး တစ်ပန်းကန် သွားယူရန် ထွက်သွားသည်။

"အစ်ကို၊ ခုနက သတင်းကို ဘာလို့ မျက်မှောင်ကြုတ်နေတာလဲ၊ လူသတ်သမားကို ဖမ်းမိတာက ကောင်းတယ် မဟုတ်ဘူးလား"

လင်းသည် လင်းဟွမ်ယူလာသော အသီးများကို စားရင်း စပ်စုလိုက်သည်။

"ဘာမှမဟုတ်ပါဘူး၊ လူသတ်သမားက မွန်းစတားမဟုတ်ဘူး။ ဒါပေမဲ့ သတင်းတွေအရတော့ သူတို့ဖမ်းမိတဲ့ တရားခံက လူသားပဲ"

လင်းဟွမ်သည် သတင်းမျက်နှာပြင်ကို ပိတ်ရင်း ပြောလိုက်သည်။ ဤသတင်းက ထူးဆန်းသည်ဟု ထင်သော်လည်း ဆက် မတွေးချင်တော့ပေ။

"လူမှားတာလဲ ဖြစ်နိုင်တယ်"

လင်းရှင်က တိုးတိုးလေး ပြောလိုက်သည်။ သူ့အစ်ကို၏ဗီဇကို ယုံကြည်သည်။

"ဒီအကြောင်း မပြောနဲ့တော့ဘူး။ ငါတို့နဲ့ ဘာမှ မဆိုင်တော့ဘူး"

လင်းရှင်သည် စကားပြောပြီးနောက် အနီရောင် စတော်ဘယ်ရီသီးကို ပါးစပ်ထဲ ပစ်ထည့်လိုက်သည်။

"ရှောင်ကွမ်မြို့ရဲ့ လုံခြုံရေးက မတည်မငြိမ် ဖြစ်နေတဲ့ပုံပဲ။ နေ့ခင်းဘက် လျှောက်လည်ပြီး ညမမှောင်ခင် ပြန်လာကြမယ်။ လေးနာရီ၊ ငါးနာရီလောက်မှာ ခရီးအဆုံးသတ်ပြီး ညစာစားဖို့

ပြန်လာမယ်။ ညဘက်ရောက်ရင်တော့ ဒီအထဲမှာပဲ နေသင့်တယ်”

လင်းရှင်က တိုးတိုးလေး ရေရွတ်လိုက်သည်။

"ဒါဆို ငါတို့ရဲ့ အချိန်ဇယားကို ပြောင်းရတော့မှာပဲ..."

လင်းရှင်က စိတ်ပျက်စွာ ပြောလိုက်သည်။

"ငါတို့ရဲ့ လှုပ်ရှားမှုတွေကို ကျယ်ပြန့်လို့ ရပါတယ်။ မြို့ကို စူးစမ်းလေ့လာဖို့ အချိန်ယူရင် အဆင်ပြေတယ်။ မင်းမှာ နွေရာသီအားလပ်ရက်

နှစ်လနီးပါး ရှိသေးတယ်။ ခရီးသွားတဲ့အချိန်ကို နှုတ်လိုက်ရင် အနည်းဆုံး တစ်လခွဲလောက် အချိန်ရသေးတယ်”

“မြို့ထဲမှာလည်း စွဲဆောင်မှုရှိပြီး သွားလည်ချင်စရာ ကောင်းသော နေရာက များများစားစား မရှိဘူး။ နောက်ထပ် တစ်ပတ်လောက်ဆို လည်စရာနေရာတွေ အကုန်လုံး ကုန်သွားလိမ့်မယ်။ လူသတ်မှု မဖြေရှင်းရသေးခင်တော့ ညဘက်ဆို ဟိုတယ်မှာပဲ နေတာ ပိုကောင်းလိမ့်မယ်”

လင်းဟွမ်က ရှင်းပြသည်။

“ဒါဆိုလည်း ကောင်းပြီ...”

လင်းရှင်က နှုတ်ခမ်းစူကာ ပြန်ပြောသည်။ သူမသည် တွန့်ဆုတ်နေသော်လည်း၊ ရှောင်ကွမ်မြို့တွင် ညဘက် အပြင်ထွက်ပါက ဘေးအန္တရာယ် မလုံခြုံကြောင်း သိနေသဖြင့် လင်းဟွမ်၏ အကြံပြုချက်ကို လက်ခံလိုက်သည်။

သူတို့နှစ်ယောက်သည် မနက်စာ စားပြီးနောက် ဟိုတယ်မှ ထွက်လာခဲ့ကြသည်။ လင်းရှင်၏ ဦးဆောင်မှုအောက်တွင် အစိမ်းရောင်ဝံပုလွကို စီးပြီး

မြို့လယ်ရှိ လည်ပတ်စရာ နေရာတစ်ခုဖြစ်သော ရှောင်ကွမ်ပြတိုက်သို့ ရောက်ရှိလာကြသည်။

"ရှောင်ကွမ် ပြတိုက်ထဲတွင် အပျက်အစီး နေရာတွေက တူးဖော်တွေ့ရှိတဲ့ ပစ္စည်းတွေကို အဓိကထားပြီး ပြသထားတယ်။ အများစုကတော့ ရှေးခေတ်မြို့ဟောင်းတွေ ဆီကပဲ။ စုဆောင်းမှု တချို့က ရှောင်ကွမ် အပျက်အစီးနေရာက တူးဖော်တွေ့ရှိတာပဲ။ အခု လောလောဆယ် ဒီပြတိုက်ရဲ့ အဓိက အချက်အချာ ဖြစ်နေတယ်"

လင်းရှင်က လင်းဟွမ်ကို ရှင်းပြလိုက်သည်။

လင်းဟွမ်သည် နှလုံးသားကွန်ရက် ထဲမှ ထိုအချက်အလက် အားလုံးကို သိပြီးသားဖြစ်သည်။ သူ့ညီမက ညှော်လမ်းညွှန်တစ်ယောက် လုပ်ရခြင်းကို သဘော ကျနေပုံရသဖြင့် သူမကို မနှောင့်ယှက်ဘဲ နားထောင်နေခဲ့သည်။

ပြတိုက်အပေါ်တွင် သူ၏ စိတ်ဝင်စားမှုက အင်မတန် နည်းပါးသည်။

ကမ္ဘာပေါ်တွင် ရှိစဉ်က ပြတိုက်များအကြောင်းကို တွေးကြည့်ရုံသာ တွေးကြည့်ခဲ့ဖူးသည်။ ထိုနေရာရှိ

ပစ္စည်းများသည် ဗုံးတစ်လုံးစာမျှ ကုန်ကျစရိတ်ကြီးမားသည်။

ထို့ကြောင့် ခရီးသွားတိုင်း ပြတိုက်များကိုလည်ပတ် ဖြစ်တယ်ဆိုသည်မှာ ရှားပါးလွန်းသည်။ သို့သော် ဤကမ္ဘာကြီးတွင် စိတ်ဝင်စားစရာများစွာရှိသောကြောင့် ကွဲပြားခြားနားသည်။ ပြတိုက်ရှိ သမိုင်းဝင် ပစ္စည်းများကို လေ့လာခြင်းဖြင့် ဤကမ္ဘာအကြောင်း ပိုမို လေ့လာနိုင်သည်။

ရှောင်ကွမ်ပြတိုက်တွင် ဝင်ကြေးသည် အခမဲ့ ဖြစ်သော်လည်း မည်သူမည်ဝါ ဖြစ်ကြောင်း မဖြစ်မနေ အတည်ပြုရန် လိုအပ်သည်။

ဝင်ပေါက်တွင် လိုအပ်သော စစ်ဆေးမှုများကို ပြုလုပ်ပြီးနောက် ပြတိုက်ထဲသို့ ဝင်လိုက်ခဲ့ကြသည်။ အထဲတွင် ညှော်သည် အများအပြား ရှိနေကြောင်း သိလိုက်ရသည်။

"အမ်၊ မင်းတို့နှစ်ယောက်က အတူတူပဲလား"

အဖြူရောင် ယူနီဖောင်း ဝတ်ထားသော အမျိုးသမီးငယ် တစ်ယောက်က ချဉ်းကပ်လာကာ မေးလိုက်သည်။

လင်းဟွမ်တို့ နှစ်ယောက်လုံးသည် ပြိုင်တူ ခေါင်းညိတ် လိုက်ကြသည်။

“ဒီလိုဆိုရင် ငါက မင်းတို့ရဲ့ ညှော်လမ်းညွှန် လုပ်ပေးမယ်”

သူမက ဆက်ပြောသည်။

လင်းဟွမ်သည် ဤနေရာရှိ ညှော့လမ်းညွှန်များက ဝန်ဆောင်မှု အခမဲ့ဖြစ်ကြောင်း သိသော်လည်း အချို့လူများက သူတို့ဘာသာ သူတို့ လည်ပတ်ရခြင်းကိုသာ သဘောကျ နှစ်သက်ကြသည်။ ထို့ကြောင့် လင်းရှင်ဘက်လှည့်ပြီး

“မင်းက ညှော့လမ်းညွှန် လိုချင်လား” ဟု မေးလိုက်သည်။

“အဲ့ဒါက ပိုကောင်းတယ်…”

လင်းရှင်သည် စုဆောင်းထားသော ရှေးဟောင်း ပစ္စည်းများကို ကြည့်နေရင်း ပြန်ဖြေလိုက်သည်။

ဤအထဲတွင် အချက်အလက် အများအပြား ရှိနေပြီး အချို့မှာ ကွန်ရက်ပေါ်တွင် ဖော်ပြထားခြင်း မရှိပေ။

"ဒါဆို ငါတို့ မင်းနောက်လိုက်ခဲ့မယ်"

လင်းဟွမ်က ညှော့လမ်းညွန်ကို ခေါင်းညိတ်ပြရင်း ပြောလိုက်သည်။

“ကျေးဇူးပြုပြီး ငါ့နောက်ကို လိုက်ခဲ့ပေးပါ…”

အမျိုးသမီးက သူတို့နှစ်ယောက်ကို ပြပွဲထံ ခေါ်သွားသည်။

လင်းဟွမ်သည် ညော့်လမ်းညွှန်ထံမှ များစွာ သင်ယူခဲ့ရသည်။ လင်းရှင်ကလည်း သိချင်စိတ်များလွန်းနေသည်။ သူမသည် မေးခွန်းများကို အဆက်မပြတ် မေးနေခဲ့ပြီး ညော့်လမ်းညွှန်က တစ်ခုချင်းစီကို အသေးစိတ် ပြန်ဖြေပေးခဲ့သည်။

တစ်နာရီခန့် ကြာသောအခါ သူတို့သည် ခန်းမထဲကို ရောက်သွားသည်။

ခန်းမသည် သိပ်မကြီးဘဲ စတုရန်းမီတာ (၃၀၀) ခန့်သာရှိသည်။ ခန်းမထဲသို့ ဝင်လိုက်သည်နှင့်

လင်းဟွမ်က စုဆောင်း၍ ခင်းကျင်း ပြသထားသော ပစ္စည်းများကို မြင်လိုက်ရသည်။

အလယ်က ပစ္စည်းတစ်ခုသည် သူ့မျက်လုံးကို ဖမ်းစားနိုင်ခဲ့သည်။ ထို့နောက် ဘာလဲဆိုသည်ကို အတည်ပြုရန် ကြည့်လိုက်သည်။ ကြည့်ပြီးနောက် အံ့အောစိတ်ဖြင့် မျက်လုံး ပြူးကျယ်သွား၏။ ကျန်သည့် နှစ်ယောက်စလုံးသည် သူ့ကြည့်နေသော နေရာကို လိုက်ကြည့်ကြသည်။

"အစ်ကို ဘာဖြစ်လို့လဲ"

လင်းရှင်က လင်းဟွမ်ကို သိချင်စိတ်ဖြင့် မေးလိုက်သည်။

"ဘာမှမဟုတ်ဘူး၊ ဒီပစ္စည်းအကြောင်း သိချင်လို့"

လင်းဟွမ်က အင်မတန် အံ့အောနေသော စိတ်ကိုမျိုချရင်း ပြောလိုက်သည်။ အလယ်ရှိ ပစ္စည်းကို အချိန်အကြာကြီး စိုက်ကြည့်နေခဲ့သည်။

ဒါသည် လက်ပ်တော့တစ်လုံး ဖြစ်သည်။ ၎င်းကို ထွင်းဖောက်မြင်ရသော ဘူးထဲတွင် ထည့်ထားသည်။ ကွန်ပြူတာ စခရင်သည် လုံးဝ အက်ကွဲနေပြီး ကီးဘုတ်အလယ်တွင် လက်သီး

အရွယ်အစားခန့်ရှိသော အပေါက်တစ်ခု ရှိနေသည်။ ဘေးနှစ်ဖက်သည် မီးလောင် သွားသော်လည်း ကီးဘုတ်ခလုတ်များက နဂိုအတိုင်း ရှိနေဆဲ ဖြစ်သည်။ လင်းဟွမ်သည် ဤကမ္ဘာသို့ ရောက်လာပြီးနောက် ကွန်ပြူတာ သို့မဟုတ် လက်တော့ပ်တစ်လုံးကို တစ်ခါမှ မမြင်ဖူးသည့်အတွက် အံ့သြသင့်နေသည်။

"ဒါက ဘာလဲ"

လင်းဟွမ်သည် ညှော့လမ်းညွှန်ကို မနေနိုင်ဘဲ မေးလိုက်သည်။ ဒါသည် ပြတိုက်ထဲကို ဝင်လာပြီး ကတည်းက သူ့၏ ပထမဆုံးမေးခွန်းပင်။

"ဒီပစ္စည်းကို ရှောင်ကွမ်မြို့ဟောင်းကနေ တူးဖော်တွေ့ရှိခဲ့တာပဲ။ ဘေးနှစ်ဖက် စလုံးက ပစ္စည်းတွေက အလှဆင်ထားတာပဲ။ အလယ်မှာရှိတဲ့ အရာတွေကိုတော့ ရှေးဟောင်း သုတေသန ပညာရှင်တွေက အဲဒါက ဘာလဲဆိုတာ ရှာဖွေဖော်ထုတ်ဖို့ ကြိုးစားနေကြတယ်။ ဒါပေမဲ့

ဘယ်သူမှ မသိဘူး။ ဒါကြောင့်လဲ မသိတဲ့ပစ္စည်းလို့ ခေါ်ကြတယ်”

ညှော့လမ်းညွန်သည် လင်းဟွမ်၏ ပထမဆုံး မေးခွန်းအတွက် အဖြေမရှိသောကြောင့် ရှက်ရွံ့စွာ ရှင်းပြလိုက်သည်။

“မသိတဲ့ ပစ္စည်းလား…”

လင်းဟွမ်က တိုးတိုးလေး ရေရွတ်လိုက်သည်။ ညှော့လမ်းညွန်၏ အဖြေကို ကြားသောအခါ လင်းဟွမ်သည် ဤလက်ပ်တော့ကို ကမ္ဘာမြေမှ

ခရီးသွားတစ်ယောက်က ယူဆောင်လာခြင်း ဖြစ်နိုင်ကြောင်း အတည်ပြုလုနီးပါး ဖြစ်သွားသည်။

'ငါတော့ ရှောင်ကွမ်မြို့ဟောင်းကို ခရီး ထွက်ရတော့မယ် ထင်တယ်'

လင်းဟွမ်က သူ့ဘာသာသူ တွေးလိုက်သည်။